
www.burmeseclassic.com

# မကွေးဝင်းမြင့်

## အစာလည်းဆေး
## ဆေးလည်းအစာ



၁၂-လရာသီ ဓာတ်စာ

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## မကွေးဝင်းမြင့်

# အစာလည်းသေး သေးလည်းအစာ

၁၂ လရာသီ စာတစ်စာ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၄၀၀၁၀၆၀၆၀၁ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၄၀၀၂၀၉၀၆၀၂ |
| ၂၀၀၆ ခုနှစ် | စက်တင်ဘာလ ... စတုတ္ထအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး [redacted] ၉၀၀ | /-ကျပ် |

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် အဖုံး ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ်၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။


ရတနာမြတ်သုံးပါး
မိဘနှစ်ပါးနှင့်. . .
သင်ဆရာ၊ မြင်ဆရာ။ ကြားဆရာတို့အား
ရှိသေစွာ ဦးခိုက်ညွတ်လျက်. . .။

မကွေးဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ အစိရင်ခံပါသည် ၉
၂။ လတန်ခူးပေမို့ ၁၆
၃။ မြန်မာ့ရိုးရာ မြန်မာ့ထမင်း ၂၃
၄။ ရေမြေတောတောင်ရပ်ဝန်းဒေသ အပူအအေး မတူကြ ၂၆
၅။ ဝက်ဆို ဝေးဝေးရှောင် ၃၁
၆။ တန်ဆေး လွန်ဘေး ၃၆
၇။ တုနှိုင်းမမီ အမိနို့ရည် ၃၉
၈။ အဆိပ်ကို မြိန်ရည်ယှက်ရည် စားနေကြတယ် ၄၅
၉။ ချွေးနံ့သင်းပျံ့စေရမည် ၄၈
၁၀။ သွေးက စကားပြောသည် ၅၂
၁၁။ ဆေးအလှ ၅၅
၁၂။ ခြေကွဲနာပျောက်ဆေး ၆၄
၁၃။ အံ့ဖွယ် တြိဖလ ၆၇
၁၄။ အိုဘယ့် ဘယ့်- နေခြည် ၇၂
၁၅။ ပီတိကိုစား အားရှိပါ၏ ၇၄
၁၆။ မချုပ်တည်းပါနှင့် ၇၉
၁၇။ အဆီကျ အသားကျစ်ပိန်ဆေး ၈၃
၁၈။ ၁၂ လရာသီ ဓာတ်စာ ၈၇
၁၉။ အသင်အိပ်တတ်ပါရဲ့လား ၉၁
၂၀။ ဆေးမှာအငွေ့ လက်မှာအတွေ့ ၉၃
၂၁။ မုံရွာမြို့အရှေ့လယ်တီဓမ္မမေဒနီ သီလရှင်ကျောင်းတိုက်သို့တစ်ခေါက် ၉၆
၂၂။ ချဉ်ဖန်စပ်ခါး နေ့တိုင်စား ပေါ့ပါးလျှင်မြန် ဖြတ်လတ်သည် ၁၀၃
၂၃။ ရှောက်ပေါင်းနှင့်ရှောက်ပေါင်းနှင့် ၁၁၀
၂၄။ ကိုယ်ဝန်ဆောင်မိခင်များ စားရမည့်ဓာတ်စာ ၁၁၅
၂၅။ ကြံ့သွေးတဲ့လား ၁၂၁
၂၆။ အားဆိုတာ ၁၂၆


www.burmeseclassic.com

www.burmeseclassic.com

## အစီရင်ခံပါသည်

( ၁ )

ချစ်လှစွာသော စာရှုသူအပေါင်း...

ကျွန်တော်သည် လွန်ခဲ့သော ၁၉၈၁ ခုနှစ်က '၁၂-လရာ သီတတ်စာ'' ဆေးကျမ်းကြီးစာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ပါသည်။ က-အက္ခရာမှ အ-အက္ခရာအထိ အသီး၊အရွက်၊အပွင့်၊အမြစ်၊အခေါက်တို့၏ ဂုဏ်ရသ ဝိပါကတို့ကို အသေးစိပ်ရေးသားပါ၏။ စာမျက်နှာ ၅၀၀ နီးပါး ထူပါ၏။ ထိုစာမူကို စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေရန် ထုတ်ဝေသူက ကြိုးစားခဲ့သော်လည်း အထမမြောက်ခဲ့ပါ။ ထိုအကြောင်းနှင့်ပတ်သက်၍ ပြန်ပြောင်းအစီရင်ခံရသော်...

( ၂ )

တစ်နေ့သ၌...

မကွေးမြို့ အမှတ် ၆ မဲထီးလမ်း ကျွန်တော်နေထိုင်ရာအိမ်သို့ ရန်ကုန်မြို့မှ စာအုပ်ထုတ်ဝေသူတစ်ဦးရောက်ရှိလာပါသည်။

"ဆရာ ဦးဝင်းမြင့်နှင့်တွေ့မှ တွေ့ပါမလားလို့ စိတ်ပူလိုက်ရတာ၊ ခုလို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရလို့ ဝမ်းသာလိုက်တာဆရာရယ်"

"ဟုတ်ကဲ့ ထိုင်ပါခင်ဗျာ၊ ကျွန်တော်လည်း ဝမ်းသာပါတယ်"

"ကျွန်တော် ဘာအကူအညီပေးရမလဲ ခင်ဗျ"

"တခြား မဟုတ်ပါဘူးဆရာ၊ ဆရာ့ဆီက ဆေးစာမူတစ်ခုပို့ချင်လို့ပါ"

"ဟုတ်ကဲ့ ရပါတယ်"

"ကျွန်တော်က(....)တိုက်က ထုတ်ဝေသူပါ၊ ဆရာသိတဲ့အတိုင်းပဲ ကျွန်တော်တို့စာပေတိုက်က နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပြီး စာအုပ်မျိုး

www.burmeseclassic.com



စုံ ထုတ်ဝေတဲ့တိုက်ကြီးပါ"

"ဟုတ်ကဲ့ခင်ဗျာ၊ လေးစားပါတယ်"

"အခုလို စာပေတိုက်ကြီး နှစ်ပေါင်းများစွာ ရပ်တည်ခဲ့တာလည်း ကျွန်တော်တို့စာပေတိုက်က သိက္ခာရှိရှိစာအုပ်ကောင်းတွေ ထုတ်ဝေခဲ့လို့ပေါ့ဆရာ"

"ဟုတ်ကဲ့ မှန်ပါတယ်"

"ဒါတွင် မကသေးဘူးဆရာရဲ့၊ ထွက်သမျှစာအုပ်တွေ အပြင်အဆင်ကောင်းခဲ့သလို ဈေးကွက်လည်း ၁၀သဘောပေါက်ထားရတယ်၊အဲဒါက ကြော်ငြာဆရာရဲ့၊ ကြော်ငြာက ဈေးရောင်းသူရဲ့အ သက်ပဲ၊ ဒါကြောင့် ကျွန်တော်တို့တိုက်က ထွက်သမျှ စာအုပ်တွေကို သတင်းစာဂျာနယ်၊ မဂ္ဂဇင်းတိုက်က အကုန်အကျခံပြီး ကြော်ငြာသုံး တယ်ဆရာ"

"ဟုတ်တာပေါ့ဗျာ၊ ကြော်ငြာဟာ အရေးကြီးတာပေါ့"

"အခု ဆရာ့ဆီက ကျွန်တော်လိုချင်တဲ့စာမူက ၁၂ လရာသီခွင်မှာ လူတွေစားသောက်နေထိုင်ရမယ့်ဓာတ်စာတွေအကြောင်း ပါပဲ ဆရာ၊ အဲဒါ ဆရာ့အနေနဲ့ ပီပီပြင်ပြင်ကလေးပေါ့ဆရာရယ်၊ ကျမ်းကိုး ကျမ်းကား အစုံအလင်နဲ့ တည်တည်ခန့်ခန့် ထူထူထဲထဲကလေး တစ်အုပ်ရေးပေးဖို့ပါပဲ"

"တည်တည်တန့်တန့် ကျမ်းကိုး ကျမ်းကားဆိုတော့ ဆေးကျမ်းကြီး ဆန်ဆန် ရေးရမှာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ၊ ဆရာ့အနေနဲ့ ဘယ်နေ့ ဘယ်ရက်လောက် ကျွန်တော်တို့ကို ရေးပေးနိုင်မလဲဆိုတာလေး အဲဒါလေး ကျွန်တော်သိချင်ပါတယ်"

"နှစ်လ သုံးလောက်တော့ ကြာမှာပေါ့ဗျာ"

"မြန်မြန်ကလေး ရေးပေးစမ်းပါဆရာ၊ တစ်လလောက် နဲ့အပြီးရေးမပေးနိုင်ဘူးလား"

"ဟုတ်ကဲ့. . . ကျွန်တော်ကြိုးစားပါ့မယ်"

( . . . . )စာပေတိုက်မှ စာအုပ်ထုတ်ဝေသူသည် မကွေးမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ ရန်ကုန်ပြန်သွားပါသည်။ ယခုကဲ့သို့ လိုလိုချင်ချင် လာရောက်ပြောလာတော့လည်း ကျွန်တော့်အနေဖြင့် ကြိုးစားရေးပေးရတော့မှာပေါ့။

သို့သော် သူတို့လိုချင်တာက ထူထူထဲထဲတဲ့၊ တည်တည်ခန့်ခန့်



တဲ့၊ ကျမ်းစာအုပ် ဆန်မရတဲ့၊ ကျမ်းကိုး ကျမ်းကားအစုံအ လင်ပါရမည်တဲ့။

ထို့ကြောင့် ကျွန်တော်လည်း ရောဂါရှာဖွေနည်း ဆေးကု သနည်း ဆေးဖော်နည်း အစုံအလင်ပါဝင်သော'ဆေးသေတ္တာကြီး'ဟု အမိပ္ပာယ်ရသည့် ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းကြီးကို စားပွဲပေါ်တင် လိုက်၏။

တဖန် အနာတွေအကြောင်း အနာရောဂါအထွေထွေအ ကြောင်းတို့ကို အကျယ်တဝင့်ရှင်းပြထားသော'မာဓဝနိဒါန်း'ဆေး ကျမ်းကြီးကိုလည်း ဖတ်လိုက်မှတ်လိုက် နားလိုက်နှင့်နွယ်မြက်သစ်ပင် တိုင်း ဂုဏ်သတ္တိကိုအထူးပြုဆိုသော'ဒဗ္ဗဂုဏ ပကာသနီ'ဆေးကျမ်း ကြီးကိုလည်း မျက်မှန်တဝင်းဝင်းနှင့် ဖတ်ရ မှတ်ရနှင့်။

ကျဉ်ပွေ့ကဲ့သို့ အခွံကိုကျွတ်စေ၍ အတွင်းမှ အဆံဖြစ် သောအနှစ်သာရကိုပြဆိုသည်။ 'သာရကောမုဒီ'ဆေးကျမ်းကြီးကို ကြည့်ရနှင့်။

ထိုသို့သော ဆေးကျမ်းကြီးများအပြင် မကိုင်မတွယ်ဘဲ ပစ်ထားတာကြာပြီဖြစ်သော ဆေးပေထုပ်ကြီးများနှင့်ပရပိုဒ်ထုပ်များကို လည်း ဖုံခါကာ မှန်ဘီလူးတစ်လက်နှင့်ဖတ်ရနှင့်။

ရှေးက 'ဆရာကြီးများ ရေးသားပြုစုခဲ့သော ဆေးကျမ်းအို ကြီးများထဲမှ နှိုက်၍ ၁၂ လရာသီဓာတ်စာဆေးကျမ်းကြီးကို တစ်လ အတွင်း အပြီးရေးလိုက်နိုင်ပါသတည်း။

( ၃ )

ပြုစုရေးသားပြီးသွားသော စာမူကြီးကို လက်မှပိုက်၍ ထုတ်ဝေသူရှိရာ ရန်ကုန်မြို့သို့ခရီးထွက်ခဲ့ပါသည်။ ထုံးစံအတိုင်း ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်မှာ တည်း ၏။

မြသိန်းတန်ကျောင်းတိုက် စာချဆရာတော် ပါဠိပါရဂူမ မ္ဘာစရိယ အရှင်ဣန္ဒက က. . .

"ဒကာကြီး လက်ထဲက စာမူကြီးလား"

"မှန်ပါ ၁၂ လရာသီဓာတ်စာဆေးကျမ်းကြီးပါ ဘုရား"

ဆရာတော်လက်သို့ ရိုသေစွာ ဆက်ကပ်လိုက်ပါသည်။ ရဟန်းသံဃာတို့၏ အလေ့အထသဘာဝအတိုင်း စာကိုတွေ့လျှင် မဖတ်ဘဲမနေနိုင်ကြ။ ယခုလည်း စာချဆရာတော် အရှင်ဣန္ဒကသည် ကျွန်တော်ပြုစုရေးသားလာသော ၁၂ လရာသီဆေးကျမ်းစာမူကြီးကို နာရီဝက်မျှကျော်ကျော် တစ်နာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနီးပါးမျှ ဖတ်ရှုပြီးနောက်. . .

"အိမ်း. . . ဒကာကြီးရဲ့ ၁၂ လရာသီဓာတ်စာ စာအုပ်က တော့ လူတွေကို တော်တော်အကျိုးပြုမယ့်စာအုပ်ဖြစ်မှာပဲဗျ" ဟုမိန့်တော်မူပါသည်။

ကျွန်တော်၏စိတ်ထဲမှာတော့ မလုံမလဲ ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် စာအုပ်ထဲကစာတွေ ပေထုပ်ထဲကစာတွေ ကူးလာတာပဲ ဆိုပြီး ဘဝင်ကျခြင်း ကျေနပ်ခြင်း မဖြစ်မိပါ။

စာအုပ်ထုတ်ဝေသူက သည်ပုံသည်နည်း သည်ဟန်ရေး ပေးပါ ဆို၍သာ ရေးလာရခြင်းဖြစ်၏။ ကျွန်တော်က လုံးဝမကြိုက်။

တိုတိုပြောကြပါစို့၊ ထိုစာမူကို ထုတ်ဝေသူလက်သို့ပေးအပ်လိုက်ပါသည်။ ထုတ်ဝေသူက 'တစ်နေ့လောက် ဖတ်ကြည့်ပါရစေ၊ မနက်ဖြန် ဒီလိုအချိန်လောက် ဆရာလျှောက်လာခဲ့ပါဦး' ဟု ပြော၏။

ထို့ကြောင့် နောက်တစ်နေ့ စာအုပ်ထုတ်ဝေသူထံ ရောက်သွားတော့ ထုတ်ဝေသူ၊ စာအုပ်တိုက် မန်နေဂျာ၊ ငွေကိုင်စာရေးကြီး၊ စာပေတိုက်အဖွဲ့ဝင် လေးဦးခန့် အဆင်သင့်တွေ့ရ၏။

သူတို့သည် ကျွန်တော့်ကို ယဉ်ကျေးဖော်ရွေစွာ ဧည့်ဝတ်စကားပြောကြပါသည်။ ထုတ်ဝေသူအကြီးအကဲက. . .

"ဆရာ့စာမူကို ကျွန်တော်တို့ ကြိုက်ပါတယ်၊ ဆရာ့ကို ဥာဏ်ပူဇော်ခ ဘယ်လောက်ပေးရမလဲ"

"အခု စာမူကို စာအုပ်ရိုက်ရင် စာမျက်နှာ ၅၀၀ ကျော် မယ်ဗျ၊ တစ်အုပ်ကို ရောင်းဈေး ၄၀ ကျပ် သတ်မှတ်ပေါ့၊ အုပ်ရေ ၅၀၀၀ ထုတ်ပါ၊ ကျွန်တော့်စာမူခကို ၂၀ ရာခိုင်နှုန်း တွက်ပေးပါ"

"တစ်အုပ်ကို ရောင်းဈေးနှုန်း ၄၀ ကျပ်၊ အုပ်ရေ ၅၀၀၀ ဆိုတော့ ငွေနှစ်သိန်းကျရော၊ ဆရာ့စာမူက ၂၀ ရာခိုင်နှုန်းဆိုတော့ ဆရာ့ကို ငွေလေးသောင်းပေးရမှာပေါ့နော်၊ အဲဒါတစ်ကြိမ်ရိုက်ပေါ့ ဟုတ်လား"

ငွေကိုင်စာရေးကြီးက သွက်လက်ချက်ခြာစွာဖြင့် ကျွန်တော့်ကိုပေး ရမည့် စာမူခ ပြောပြ၏။

"မှန်ပါတယ်"

ကျွန်တော်က ကျွန်တော်ရရှိခံစားရမည့် စာမူခမှန်ကန်ကြောင်း ပြောပြလိုက်၏။ ထုတ်ဝေသူသည် ယခင်ကလို ဟက်ဟက်ပက်ပက် မရှိ



တော့ပါ။

"ဆရာ့ စာမူခကို ၁၅ ရာခိုင်နှုန်းထားပါ ဆရာ၊ အုပ်ရေ ၅၀၀၀ မရိုက်ဘဲ ၂၀၀၀ ပဲ ရိုက်ပါရစေ၊ ဆေးကျမ်းဆိုတော့ ဝတ္ထုလို မဟုတ်ဘူးဆရာ၊ တဖြည်းဖြည်း ရောင်းယူရမှာ"

"အဲဒါတော့ မဖြစ်ဘူး ဆရာ"

သူတို့နှင့် အလုပ်မဖြစ်တော့မှန်း ကျွန်တော်ရိပ်မိလိုက် ပါသည်။ ချက်ချင်းကြီး ထပြန်လျှင် ရိုင်းရာကျပါလိမ့်မည်။ ထို့ကြောင့် ဟိုအကြောင်း သည်အကြောင်း ထွေရာလေးပါး ပြောရပါသည်။ ပြီးတော့ ကျွန်တော်သိသမျှ မှတ်သမျှ ဆေးပညာဗဟုသုတကလေး များကို ပြောပြမိပါသည်။

နေ့စဉ်နေ့တိုင်း လူတို့သည် အစားအစာများကို အာဟာရ အဖြစ် ဝါးမြိုနေကြသည်။ သို့သော် စားသင့်တာကို မစားဘဲ စားချင်တာကို စားနေကြသည်။ မိမိဝမ်းကို မချင့်ဘဲ အဝအပြဲစားကြသည်။ 'တန်ဆေး–လွန်ဘေး' ဆိုစကားကို ပေါ့ပေါ့တန်တန် မယူဆသင့်ပါကြောင်း၊ အစားအစာကို လွန်လွန်ကျူးကျူး မစားသင့်ပါကြောင်း စသည်ဖြင့် တစ်နာရီနီးပါးမျှ စကားပြောဆိုပြီး အလုပ်သဘောအရ သဘောချင်းမတိုက်ဆိုင်သော်လည်း ကျန်းမာရေး အသက်ရှည်ရေးအတွက် မေတ္တာထားကာ ပြောကြားခဲ့ပါသေးသည်။

ကျွန်တော် သဘောမကျ မနှစ်မြို့က်ဘဲနှင့်ထုတ်ဝေသူအကြိုက် လိုက်၍ ရေးခဲ့မိသော '၁၂ လရာသီဓာတ်စာ ဆေးကျမ်း' စာမူကို ထုတ်ဝေသူနှင့် အဆင်မပြေဖြစ်ခဲ့ရသည်ကိုဘဲ ဝမ်းသာကျေးဇူး တင်နေမိပါသည်။

စာမူကို လက်မှာပိုက်ပြီး ထုတ်ဝေသူတိုက်ကို ကျောပေးကာ မြသိန်းတန်ဘုန်းကြီးကျောင်းတိုက်ဆီသို့ ခြေလှမ်းကြဲကြီးများဖြင့် ပေါ့ပါးစွာ လျှောက်လှမ်းခဲ့ပါသည်။

မြသိန်းတန်ကျောင်းတိုက် အပေါ်ထပ်သို့ရောက်၍ ဘုရားကိုဝတ်ပြုပြီး ဓာတ်ဗူးကြီးထဲမှ ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့ကာ အားရပါးရသောက်လိုက်ပါသည်။ ထို့နောက် ကျွန်တော်သည် လက်ထဲမှ စာမူကို စိတ်မပါတပါဖြင့် တစ်ခေါက်ပြန်ဖတ်မိပါသည်။

စာရှုသူအခွေ့. . .။

အခွေ့. . . မဖတ်လိုက်ရသည့် ၁၂ လရာသီဓာတ်စာ ဆေးကျမ်းကြီးထဲမှာ စာပိုဒ်လေးတစ်ပိုဒ်ကို ထုတ်နှုတ်ပြပါရစေ။ ဖတ်ကြည့်ပါဘိ။

က– အကျွရာ။ - ။ ကြက်ဟင်းခါးသီးအကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဟင်းခါးသီးသည် ခါး၏ သွေးကိုတက်စေ၏။ လေကိုပျက်စေ၏၊ အဖျားအနာ မေဟနာ ပိုးနာတို့ကိုနိုင်၏။ ဝမ်းမီးကို တောက်စေတတ်စေ၏။ မီးယပ်ဝမ်းပျက်နှင့် လွန်စွာသင့်၏။

ကဲဗျာ. . . ဘယ်လောက်ပျင်းစရာ ကောင်းလိုက်ပါသလဲ၊ ကျွန်တော် ဆက်မဖတ်ချင်တော့ပါ။ ထိုစဉ် လမ်း ၅၀ တစ်ဝိုက်ဆွမ်းခံကြွလေ့ရှိတော်မူသော စာချဆရာတော် အရှင်ဣန္ဒက ဆွမ်းခံပြန်ကြွ လာသောအခါ ဖတ်လက်စ စာမူကိုချ။ ဆရာတော်လက်ထဲမှ သပိတ်ကို ဆီးပွေ့ယူပြီး ဘုရားကျောင်းဆောင်ပေါ်သို့ ရိုသေစွာ တင်ထားလိုက်ပါသည်။

ဆရာတော်သည် ချွေးတလုံးလုံးဖြင့် ဆွမ်းခံပြန်ကြွရာမှအမောပင် မပြေနိုင်ဘဲ ဒကာ၏စာပေဘဝခရီး ကြမ်းတမ်းခက်ထန်ပုံကို ဂရုဏာသက်နေရော့ထင်။

"ဒကာကြီး စာမူကိစ္စ အဆင်ပြေခဲ့ရဲ့လား"

"မပြေဘူး ဆရာ"

"ဟင်. . . ဘာဖြစ်လို့"

"တပည့်တော်က အုပ်ရေ ၅၀၀၀ ရိုက်ပါ၊ စာမူခ ၂၀ ရာခိုင်နှုန်းပေးပါဆိုတာကို သူတို့က အုပ်ရေ ၂၀၀၀ဘဲ ရိုက်မယ်၊ ၁၅ ရာခိုင်နှုန်းပဲ ပေးနိုင်မယ်တဲ့ဘုရား။ ဒါကြောင့်ဈေးမတည့် အလုပ်မဖြစ်တော့ဘူး။ အလုပ်မဖြစ်တာဘဲ ကောင်းပါတယ်ဘုရား"

"ကောင်းပါတယ်ဗျာ၊ ဆေးအဘိဓာန် ကျမ်းဆန်ဆန် ရေးထားတာပဲဟာ"

"တပည့်တော်ကတော့ မကြိုက်ဘူးဘုရား၊ တပည့်တော်က စာအုပ်ထဲက စာတွေမရေးချင်ဘူးဘုရား။ လူတွေထဲက စာတွေ လူတွေ ထဲမှာတွေ့ရတဲ့ ဆေးဗဟုသုတတွေ လက်တွေ့ဆေးကုရင်းရရှိတဲ့ အတွေ့အကြုံအတွေးအမြင် အယူအဆအတွေးသစ် အမြင်သစ်တွေကို တင်ပြချင်တာဘုရား။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းပြောသလို လူတွေသိပြီးသား အကြောင်းအရာတွေကို ဘာပြုလို့စာအုပ်ထဲ ရေးနေကြတာလဲတဲ့၊ ဆရာကြီးဆိုလိုတာက အတွေးအမြင် အသစ် အသစ်တွေကိုပဲ ရှာဖွေဖော်ထုတ်စေချင်တဲ့ ဆန္ဒပါဘုရား"

ကျွန်တော်သည် အလွန်ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှ သော ၁၂ လရာသီဓာတ်စာ ဆေးစာမူကြီးကို မည်သူ့ကိုမျှ အသိမပေးဘဲ



(အသိပေးလျှင် ကန့်ကွက်နှမြောနေမည်စိုး၍) တိတ်တဆိတ် ဖျက်ဆီးပစ်လိုက်ပါသည်။

၁၂ လရာသီဓာတ်စာ စာမူနှင့်ပတ်သက်၍ ထုတ်ဝေသူအကြိုက်ကို မလိုက်လျောရကောင်းလားလို့ စာအုပ်ထုတ်ဝေသူက(    )စာပေတိုက်စာစီဆရာများရှေ့ ဤသို့ပြောပါသတဲ့။ စာစီဆ ရာများမှတစ်ဆင့် ကြားသိရသည်မှာ. . .

"စာရေးဆရာ မကျွေးဝင်းမြင့် နေထိုင်တဲ့အိမ်ကို ကျွန်တော်ရောက်ဖူးပါတယ်ဗျာ၊ မိုးတောင်လုံတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူငွေမက်ဘူးဗျ၊ အဲဒါ ကျွန်တော် သိပ်အံ့ဩတယ်ဗျာ" တဲ့. . .

ကျွန်တော်အိမ် မိုးမလုံတာနှင့် 'စာအုပ်ဖြစ် ပြီးရော''ငွေရပြီးရော' စိတ်ထားမျိုး ကျွန်တော် မထားနိုင်ပါ။ ရွှေငွေမရှိ အိပ်မိုးမလုံ စားဝတ်နေရေး မပြည့်စုံတာနဲ့ စာရေးဆရာကျင့်ဝတ်၊ လူ့ကျင့်ဝတ် ချိုးဖောက်ရမှာတဲ့လား။

လွန်ခဲ့သော ၁၀နှစ်ကျော်ကျော်က ဖြစ်ရပ်ကလေးတစ်ခု ပြန်ပြောင်းတင်ပြအစီရင်ခံခြင်း ဖြစ်ပါသည်။

ယခု ကျွန်တော်သည် ၁၂ လရာသီဓာတ်စာ စာအုပ်ကို ကျွန်တော်စိတ်ကြိုက်၊ ကျွန်တော်သဘောကျ ရေးသားထားပါသည်။ 'ဆေးပညာဖြင့် အမျိုးသားကျန်းမာရေးမဏ္ဍိုင်ကြံ့ခိုင်စေအံ့' ဆောင်ပုဒ်နှင့်အညီ ပြည်သူများ တိုင်းရင်းဆေးဝါးများအပေါ် စိတ်ပါဝင်စားလာစေရေးကို စည်းရုံးလို့ ဆော်နေသူပီပီ သမိုင်းတစ်လျှောက်လုံး မြန်မာတို့ ယုံကြည်လက်ခံခဲ့သော 'အစာလည်းဆေး ဆေးလည်းအစာ' ဓာတ်စာစားခြင်းတို့ကို လွယ်ကူရှင်းလင်းစွာ သဘောပေါက်နားလည်လွယ်သော အရေးအသားဖြင့် ကြိုးစားအားထုတ်ထားပါသည်ဟု တင်ပြအစီရင်ခံရပါသတည်း။

ကျန်းမာ၍ ချမ်းသာကြပါစေ။

မကျွေးဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

### လတန်ခူးမေရီ

လတန်ခူးပေမို့ အလှထူးပါဘိ
မြမြဖူးရယ်တဲ့ နိုင်ရွှေဝါ
တကယ်တန်းသာဖြင့်
ဘယ်ပန်းသာ စံမတူဘု
နန္ဒမှ ဖန်ဂူထိပ်မှာလ
ပစ္စေက ချွေးတော်သိပ်ရတယ်
အေးရိပ်သာယာ။
တစ်နှစ်တွင် သည်တစ်လပေပ
တစ်လတွင် တစ်ရက်ထဲ
ခက်ခဲတဲ့ ရက်ဗုဒ္ဓါ
ပွင့်ရှာကြ စုံမြိုင်တွင်။
မြူမင်းလွင်ထန်
ကြူသင်းတာ ချိန်ယံမတော့
ရွှေဝတ်ဆံ ငုံတံညှောက်ကာယ်နှင့်
ခါသကြန် ဂိမှာန် ရောက်ပြန်တော့
သိန်သရေ ထိန်ဝေတောက်တဲ့ပြင်
လမ်းတစ်လျှောက် သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘု
ပန်းပိတောက်မင်း။ ။

ဦးကြော့
ရတနာပုံ မန္တလေးခေတ်စာဆို

ဩော်... ဘာလိုလိုနှင့် တန်ခူးလတောင် ရောက်လာပါပကော၊ မနေ့က သကြန်လက်ဆေးမိုးကလေး ရွာချလိုက်သောကြောင့် သည်ကနေ့



မနက်ပိုင်းမှာ ညှင်းညှင်းညံ့ညံ့ လေပြေကလေးနှင့် မြေနံ့ကလေးလည်း သင်းနေသည်ကို သတိပြုလိုက်မိပါသည်။

ကျွန်တော်သည် အိမ်ရှေ့ဗာဒံပင်အောက်မှာ ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းကြီးကို လက်မှာပိုက်လျက် တန်ခူးလ၏သဘာဝရှုခင်းကလေးများကို ငေးမောကြည့်နေမိပါသည်။

"ဦး... အန်တီကော..."

အသံလာရာသို့ကြည့်လိုက်တော့ ကျောင်းဆရာမလေး မငွေရည်ရယ်။ သူ့လက်ထဲမှာ ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက် ကြီးနှင့်ပါလား။

"ဟယ်... လှလိုက်တဲ့ ပိတောက်ပန်းတွေ"

"သမီးတို့အပင်က ခူးလာတာဦး၊ အန်တီဖို့ ဦးဦးဖျားဖျား လာပို့တာ"

"ဟုတ်လား... ညည်းအန်တီ မီးဖိုချောင်ထဲမှာ ရှိလေရဲ့"

မငွေရည်သည် သွက်လက်ဖျတ်လတ်စွာဖြင့် ဦးခါင်းကလေးငုံ့ကာ ကျွန်တော်အိမ်သူရှိရာ မီးဖိုချောင်သို့အပြေးကလေးထွက်သွားပါသည်။ သူ့ကျောပြင်ကလေးကိုကြည့်ရင်း ဤသို့စဉ်းစားမိ၏။

ဘာလိုလိုနှင့်ရက်တွေ လတွေ ပြောင်းလာလိုက်တာ ဂါဝန်စိမ်းကလေးနှင့် လွယ်အိတ်ကလေးလွယ်ကာ ကျွန်တော့်တူမများနှင့်အတူ မူလတန်းမှတက္ကသိုလ်အထိ ကျောင်းတက်ခဲ့သော မငွေရည်ပင် အထက်တန်းပြဆရာမ ဒေါ်ငွေရည်ဖြစ်နေပါပြီကော။

မငွေရည်တို့နှင့်အတူ ကျောင်းနေဘက် ကျောင်းသူကလေး နီနီဝင်းရွှေကလေးသည်လည်း ယခုအခါ နိုင်ငံကျော်အဆိုတော် နီနီဝင်းရွှေဖြစ်လို့ပါကော။ ကျွန်တော့်အိမ်နှင့်နီနီဝင်းရွှေတို့အိမ်ငါးအိမ်မျှသာ ကွာဝေးပါသည်။

ဟိုတုန်းက မကွေးမြို့ မဲထီးလမ်းမပေါ်မှာ လွယ်အိတ်ကလေး လွယ်လျက် ကျောင်းသွားကျောင်းပြန် မြင်တွေ့နေရသော မြင့်စိုးလေး(ခေါ်) မောင်ရာမကလေးသည်လည်း ယခုအခါ ရုပ်ပြတွေ ရေးသော ရာမ၊ အဆိုတော် ရာမ။ ဒါရိုက်တာ ရာမ။ သီချင်းစီးရီးလေသာမာတ်ပြားတွေ ထုတ်လုပ်နေသော ပန်းရည်ဘဏ်တိုက်တေးထုတ်လုပ်ရေးပိုင်ရှင် ဖြစ်နေပါပြီကော။

မှန်းစမ်း၊ ကျွန်တော့်ကို ကျွန်တော်ပြန်ကြည့်လိုက်စမ်းမည်။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



တွေ တိုးတက်လာသလဲဂျို။ အိမ်မှာ ဆေးပုလင်းတွေ ကလေးတွေ မြေးတွေ များလာတာပဲတွေ့ရ၏။ တခြားဘာမျှ မတိုးတက်။

ထို့ကြောင့် ထင်ပါရဲ့။ တလောက ငယ်သူငယ်ချင်းတစ်ယောက် ခုကာလပေါ် ခုနစ်သိန်း ရှစ်သိန်းတန် ကားထင်ပါရဲ့။ ဘာကားရယ် လို့မခေါ်တတ်။ အဲဒီကားနှင့် ကျွန်တော့်အိမ် ကြွားကြွားရွှားရွှားရောက်လာ၏။ သူ့ကြည့်ရတာ အားရစရာကြီး။

ကျွန်တော့် သူငယ်ချင်းက ကျွန်တော့်အခြေအနေကိုကြည့်ကာ သုံးသပ်ဝေဖန် ထောက်ပြသွားပါသည်။ သူပြောတာက. . .

"ဒီမှာသူငယ်ချင်း စာရေးဆရာယောင်ယောင် ဆေးဆရာ ယောင် ယောင်ခြောက်ဆယ်လုပ်မနေနဲ့၊ သူများတကာတွေ ဈေးကွက်စီး ပွားရေးအရ ကြီးပွားကုန်ပြီ၊ ကိုယ့်လူမှာ တစ်နေ့လာ ဒီပုံ တစ်နေ့လာလဲဒီ မြင်ကွင်း ဘာမှတိုးတက်မလာဘူး။ စာရေးဆရာ ဗိန္ဒောဆရာ အ လုပ်ကိုစွန့်ပြီး တည်တည်တန့်တန့်အလုပ်တစ်ခုတော့ လုပ်ဖို့ကောင်းပြီ" ဟူ၏။

ကျွန်တော့်သူငယ်ချင်းက ကျွန်တော်ကြီးပွားချမ်းသာတာမြင်ချင်လို့ တပင်တပန်းလာပြီး ပြောတာပါ။ ဒါကြောင့် သူငယ်ချင်းကို ကျေးဇူးတင်စကားပြောလိုက်ရပါသည်။

တစ်နေ့ကလည်း ရွာက ကြီးဒေါ်တစ်ယောက် ရောက်လာ၏။ ကြီးဒေါ်သည် ကျွန်တော်အိမ်က ကလေးတွေစားဖို့ ရာသီစာ ပြောင်းဖူးတွေ လှည်းတစ်စီးတိုက်မျှ သယ်လာ၏။ အိမ်သူနှင့်ကြီးဒေါ်တို့ ဧည့်ခန်းထဲမှာ လှိုင်ဘောလည်အောင် စကားပြောသံကြားရ၏။ အတန်ကြာတော့ ကြီးဒေါ် က. . . .

"ဟဲ. . . မောင်ဝင်းမြင့်ကော"

"ရှိပါတယ်၊ စာရေးနေပါတယ် အဒေါ်"

ကြီးဒေါ်သည် ကျွန်တော်သည်းကြီးမည်းကြီးထိုင်၍ စာရေးနေရာသို့ရောက်လာ၏။ ရေးထားသော စာရွက်တစ်ထပ်ကြီးကို တအံ့တသြကြည့်ရင်း. . . .

"စာတွေ ဒီလောက်အများကြီးရေးရအောင် ဘယ်ကိုပေးဖို့လဲ ဟင်"

"ဘုတ်အုတ်ထုတ်ဖို့ ကြီးဒေါ်ရဲ့"

"ဘာ. . . ဘုတ်အုတ်ထုတ်ဖို့ ဟုတ်လား"



"ဟုတ်တယ်၊ ဒါတွေကိုပုံနှိပ်ပြီး စာအုပ် အဲ ဘုတ်အုပ်ထုတ်မှာ"

'မင်းနှယ်ကွာ ပင်ပန်းအောင်ရေးနေရတယ်လို့ ဘုတ်အုပ်ဆိုင်တွေမှာ ပေါမှပေါ ဝယ်ဖတ်လိုက် ပြီးရော' ကြီးဒေါ်၏စကားကြောင့် ပြုံးရင်း ကျွန်တော်သည် ဆင်းရဲဇာတာပါလာဟန်တူ၏။ အလကားငြိမ်၍ မနေတတ်ပါ။ လူနာလာလျှင် ဆေးကုမည် လူနာမလာလျှင် စာရေးမည်။ စာဖတ်မည်။ ဆေးနံ့တွေကြားမှာ ပျော်မွေ့နေသူဖြစ်ပါသည်။

ယခုလည်း ကြည့်။ အများတကာ ပျော်ကြပါးကြ တန်ခူးလသမယမှာ ကျွန်တော့် ဆရာ့ ဆရာကြီးများက. . .

"သမားကောင်း တစ်ယောက်ဖြစ်ချင်ရင် ဆေးစာတွေ အမြဲဖတ်မှတ်နေရမယ်ကွ၊ အာဂုံလည်း ဆောင်နိုင်ရမယ်၊ အာဂုံဆောင်မှ အာဂလူဖြစ်မှာ"

ကျွန်တော်သည် ကျေးဇူးရှင်ဆရာကြီးက မိန့်မှာသည့်အတိုင်း စာအုပ်တစ်အုပ်နှင့် ဖတ်မှတ်နေမိပါသည်။

"ဦး. . . ပြန်တော့မယ်"

"ဟော မငွေရည် ပြန်တော့မယ်လား၊ အန်တီတော့ မငွေရည် ပိတောက်ပန်းတွေနဲ့ဘုရားပန်း ကပ်နေပြီထင်တယ်"

"ဟုတ်တယ် ဦး"

"မငွေရည် ခဏနေပါဦး၊ ရှင်မရေ မငွေရည်ကို မုံရွာက ဦးညို-ဒေါ်ခင်ခင်တို့လက်ဆောင်ပေးလိုက်တဲ့ မြေပဲဆားလှော်ထုပ်ကြီးပေးလိုက်ပါဦး ကွ"

မငွေရည်ကိုတားရင်း အိမ်သူကို အော်ပြောလိုက်ရ၏။

"နေပါစေဦး. . . ခုလို တန်ခူးလမှာ ဦးကို သမီးတို့က ကန်တော့ရမှာပေါ့"

အိမ်သူသည် မြေပဲဆားလှော်ထုပ်ကြီးယူပြီး ထွက်လာ၏။

"ရော့. . . မငွေရည်"

"နေပါစေ အန်တီ"

"ယူပါ မငွေရည်၊ ညည်းတို့ဦးက ပေးရင်ယူမှ ကြိုက်တာ"

မငွေရည်သည် အိမ်သူလှမ်းပေးသော မြေပဲဆားလှော်ထုပ်ကြီးကို ပွေ့ပိုက်ထားရင်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ဦး… ခုတလော ဘာစာတွေ ရေးနေတုန်း"

"၁၂ လရာသီ ဓာတ်စာရေးနေတယ် မငွေရည်"

"ဟုတ်လား ဦး… အခုရေးနေတဲ့စာအုပ်ထဲမှာ ဘယ်လ ဘယ်ရာသီမှာ အမြဲတမ်း ကျန်းမာနေအောင် ဘာတွေစားရမယ် ဘာတွေ ရှောင်ရမယ်ဆိုတာ ပါမှာပေါ့နော်"

"ပါတာပေါ့ မငွေရည်ရဲ့ အခုလို တန်ခူးလမှာ ကျန်းမာတဲ့လူရဲ့ လက္ခဏာက ရေသောက်မယ်၊ ချွေးထွက်မယ်၊ ဆီးဝါမယ်၊ စားလို့ အသင့်အတင့်ရှိမယ် ဝမ်းချုပ်မယ်၊ ကိုယ်ရေအေးမယ်"

"အဲဒီလက္ခဏာတွေက ကျန်းမာတဲ့သူရဲ့လက္ခဏာတွေပဲ မငွေရည်၊ စားသောက်ရမယ့် အစားအစာတွေကတော့ ခတက်ရွက်၊ လဲလူရွက်၊ နှမ်းလှော်၊ နှမ်းထောင်း၊ နှမ်းပျစ်တို့ စားနိုင်တယ်၊ အသားထဲက ကြက်သား၊ ဆိတ်သား စားနိုင်တယ်၊ စွတ်ပြုတ်သောက်နိုင်တယ်၊ အဲ ရေချိုးတဲ့အခါ မွန်းလွဲ ၂ နာရီ ကျော်လျှင် ရေမချိုးရတော့ဘူး၊ ပြီးတော့ အခုလို နွေရာသီ တန်ခူးလမှာ ပူတယ်ဆိုပြီး ရေဖျန်းမအိပ်ရဘူး၊ အိပ်ရာကို ရေဖျန်းအိပ်ရင်တော့ ဒုက္ခလှလှကြီး တွေ့ပြီမှတ်"

"ဘယ်လို ဒုက္ခလှလှတွေ့မှာလဲ ဦး"

"ပါးရွဲ့ လေဖြတ်သွားနိုင်တယ်လေ"

"အခုလို နွေရာသီမှာ သိပ်သတိထားရတယ်၊ တမံသ လင်းပေါ် ရေဖျန်း မအိပ်ရဘူး၊ လေဖြတ်ခံရတတ်သဗျ၊ လေငန်းဖြစ်ပြီး မျက်စိတွေ မိုတ်တုတ်မိုတ်တုတ်ဖြစ်ပြီး ပါးရွဲ့သွားနိုင်တယ်"

"သမီးတော့ လေဖြတ်ခံရမှာ လေငန်းဖြစ်မှာ သိပ်ကြောက်တာပဲ ဦး"

"ခုနက ဦးပြောတာတွေ လိုက်နာမယ်ဆိုရင် လေငန်း မဖြစ်ဘူးဆိုတာ ဦး အာမခံပါတယ်ဗျာ၊ ခုလိုတန်ခူးလမှာ ဆင်မြန်း ဝတ်ဆင်ရမယ့် အရောင်ကတော့ ယောဂီရောင် ဝတ်ရမယ်၊ အပူဒဏ် ကာကွယ်တယ်လေ"

"ဦး… ခုလိုနွေမှာ နေထိုင်မကောင်းဖြစ်ရင် ဘာဆေးသောက်ရမလဲ"

"မျက်စဉ်းခတ်ရမည့် နှာချေဆေး ရှူပေးရမယ်၊ ရေနွေးပူပူကလေး သောက်ပေါ့၊ အစိုးရ တိုင်းရင်းဆေးခန်းတွေမှာ သုံးတဲ့ တိုင်းရင်းဆေးအမှတ်



(၃၅)ကို ရေနွေးပူပူကလေးနဲ့သောက်ပေးရမယ်ကွဲ့"

"တိုင်းရင်းဆေး အမှတ်(၃၅)ဆိုတာ သမီးမှမသိတာ"

"အေး ဟုတ်သားပဲ၊ အဲဒီအမှတ်(၃၅)ကို ဇာတိဝင်ဆေးလို့ခေါ် သကွဲ့၊ အခုလို တပေါင်းတန်ခူး အလွန်ပူပြင်းတဲ့လတွေမှာ ရေချိုးမှားမယ်ဆိုရင် အဲဒီဆေး သောက်ပေတော့၊ အိမ်သုံးသက်စောင့်ဆေးပါပဲ"

"သမီးတို့ အလွယ်တကူ ဖော်နိုင်အောင် ဆေးနည်းကလေးစာအုပ်ထဲ ထည့်ရေးပေးပါလား ဦး"

"ဟုတ်တာပေါ့ ရေးလိုက်မယ် မငွေရည်၊ စိတ်ချ"

တိုင်းရင်းဆေးအမှတ်(၃၅)

ဇာတိဝင်ဆေးကြီး

| | | |
|---|---|---|
| ၁။ | ဇာတိပ္ဖိုလ်သီး | ဒ် သား။ |
| ၂။ | ဇာတိပ္ဖိုလ်ပွင့် | ဒ် သား။ |
| ၃။ | လေးညှင်း | ဒ် သား။ |
| ၄။ | ငဖိုးဆေး | ဒ် သား။ |
| ၅။ | ကရဝေးရွက် | ဒ် သား။ |
| ၆။ | ဆောင်မေခါး | ဒ် သား။ |
| ၇။ | ဆေးပုလဲ | ဒ် သား။ |
| ၈။ | ကြံစု | ဒ် သား။ |
| ၉။ | ပန်းနု | ဒ် သား။ |
| ၁၀။ | ပန်းမ | ဒ် သား။ |
| ၁၁။ | ကွက္ကရာ | ဒ် သား။ |
| ၁၂။ | ကတ္တူရာသချေ | ဒ် သား။ |
| ၁၃။ | သစ်ဆိမ့်သီးခွံ | ဒ် သား။ |
| ၁၄။ | ကန့်ချုပ်နီ | ဒ် သား။ |
| ၁၅။ | ပရုပ် | ဒ် သား။ |
| ၁၆။ | ဖာလာ | ဒ် သား။ |
| ၁၇။ | ကံ့ကော်ဝတ်ဆံ | ဒ် သား။ |
| ၁၈။ | သီလာစန္ဒန | ဒ် သား။ |
| ၁၉။ | အိပ်မွှေးသီး | ဒ် သား။ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၀။ | ဇီရာ | ၁ သား။ |
| ၂၁။ | နံ့သာနီ | ၁ သား။ |
| ၂၂။ | နံ့သာဖြူ | ၁ သား။ |
| ၂၃။ | ကပ်ဖို | ၁ သား။ |
| ၂၄။ | ဒန့်ဒကူးနီ | ၁ သား။ |
| ၂၅။ | ဒန့်ဒကူးဖြူ | ၁ သား။ |
| ၂၆။ | ဥပသကာ | ၁ သား။ |
| ၂၇။ | ပညာလက်ာ | ၁ သား။ |
| ၂၈။ | ရှုလာနဖာ | ၁ သား။ |
| ၂၉။ | ကြိုကမျက် ၃ ပါး(၁ သားစီ) | ၃ သား။ |
| ၃၀။ | စမုံမျိုးငါးပါး(၁ သားစီ) | ၅ သား။ |
| ၃၁။ | သစ်ကြပိုး | ၁ သား။ |

စုစုပေါင်း အလေးချိန် ၃၇ ကျပ်သား။ စုပေါင်းအမှုန့်ပြု။ ရသာပူခါးဖန်။

အကျိုးသွား။ ။ ပူဖျားချမ်းဖျား ရေကျက်အေးဖြင့်တိုက်ပါ။ နေပူမိ၍ အဖျား ငုပ်လျှင် ရေနွေးဖြင့်တိုက်ပါ။ အနာဝင် ညှော်ဝင်လျှင် ရေနွေးဖြင့် တိုက်။ သို့မဟုတ် ကွမ်းရွက် ပြုတ်ရည်ဖြင့်တိုက်ပါ။ အပူကြီးလျှင် ပန်းနုရည်နှင့်တိုက်ပါ။ သလိပ်အားကြီး လျှင် သိန္ဓောဖြင့်တိုက်။ ခြေလက်ကုတ် ငန်းဖမ်း။ သွားစေ့မေးခိုင်လျှင် လေးညှင်းပွင့် ထောင်း၍ ရေနွေးဖြင့် တိုက်ပါ။ နှာခေါင်းသွေးလျှံလျှင် မုရား ကြီးပြုတ် ရည်ဖြင့် ရော၍တိုက်ပါ။ ဝမ်းဖော ဝမ်းရောင် ဝမ်း ပျက်လျှင် စမုန်နက်ရော၍ တိုက်ပါ။

ဆေးတိုက်ရန် ပမာဏ။ လူကြီး ၂ ပဲသား
ကလေး ၁ ပဲသား

❀ ❀ ❀



## မြန်မာ့မိုးရာ မြန်မာ့ယာမင်း

ယခုတလော ကျွန်တော်အိမ်သို့ မကြာခဏ ဝင်ထွက်နေသူမှာ ကျောင်းဆရာမလေး မငွေရည်ဖြစ်ပါသည်။ မငွေရည်သည် အသက် ၃၀ ခန့်ရှိပါပြီ။ တစ်ကိုယ်ရေ တစ်ကာယ အပျိုဖြစ်ပါသည်။ မိအိုဖအိုကို လုပ်ကျွေးနေသူလေး ဖြစ်၏။

အများက အထက်တန်းပြဆရာမ'ဒေါ်ငွေရည်'ဟု သူမ ဂုဏ်ဒြပ် အရ ခေါ်ကြသော်လည်း ကျွန်တော်ကတော့ တစ်ရပ်တည်းနေ တစ်ရေ တည်းသောက် ကျွန်တော့်တူမများနှင့် ကျောင်းသူကလေးဘဝမှ သိကျွမ်းခင် မင်နေသူမို့'မငွေရည်'ဟုပင် နှုတ်ကျိုးနေပါပြီ။

"ဟော… မငွေရည်ပါကော၊ မျက်စိမျက်နှာလည်းမကောင်း နဲ့ဘာဖြစ်လာသတုန်း"

"အဖေလေ ညက အန်တယ် ဦးရဲ့၊ ဖျားလည်း ဖျားတယ်၊ အဲဒါ ဦး လိုက်ကြည့်ပေးပါဦး"

"ရပါတယ် မငွေရည်ရယ်"

ကျွန်တော့်အိမ်နှင့်မငွေရည်တို့အိမ် ၁၅ အိမ်မျှသာ ကွာဝေးပါ သည်။ မိအိုဖအို အရိပ်တကြည့်ကြည့်နှင့် ပြုစုစောင့်ရှောက်လုပ်ကျွေးသူလေး ပီပီ ဖခင်အတွက်များစွာ စိတ်ပူနေရှာသည်။ ထို့ကြောင့် ဆေးလွယ်အိတ်ကို လွယ်ကာ မငွေရည်တို့အိမ်သို့လာခဲ့ကြ၏။ မငွေရည်၏ဖခင် ဦးလေးသန့် သည် ကျွန်တော်လိုက်လာ၍ အားတုံ့အားနာ ဖြစ်နေပါသည်။

"သမီးနယ် မောင်ဝင်းမြင့်ကိုခေါ်လာရတယ်လို့ အားနာစရာကွယ်၊ သူ့ခမြာ ဆေးလည်းပေးရ အိမ်လည်း လိုက်ကြည့်ပေးရနဲ့"

"ရပါတယ် ဦးလေးသန့်"

ကျွန်တော်သည် မငွေရည်၏ဖခင် ဦးလေးသန့်၏လက်ကောက် ဝတ်ကို ညင်သာစွာ သွေးစမ်းကြည့်လိုက်၏။ နှလုံးခုန်နှုန်းမှန် ခြေဖမိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားကို စမ်းကြည့်လိုက်တော့ အေးနေသည်ကို သတိပြုလိုက်မိပါသည်။

"ဦးလေးသန့် ရင်ပြည့်တာ မဟုတ်လား"

"ဟုတ်တယ် မောင်ဝင်းမြင့်၊ ခုတလော ကျုပ် ရင်မရှင်းဘူး။ ပြည့်တေ့တေ့နဲ့ မကြာခဏဆိုသလိုပဲ"

ကျွန်တော်သည် ဆေးလွယ်အိတ်ထဲတွင် အသင့်ပါလာသော ဆေးလျှက်ဆားနှင့် လျှာပွတ်ဆေးတောင့်ကလေးကို ထုတ်ကာ ဦးလေးသန့်ကို ရေနွေးကလေးဖြင့် တိုက်လိုက်ပါသည်။

"ဦးလေးသန့် မနေ့က ဘာတွေစားတုန်း"

"အဲ... ပဲသီးနဲ့ ပဲပင်ပေါက်ကြော် တစ်ခွက်လည်းပါရဲ့"

"မငွေရည်"

"ရှင်..."

"မငွေရည်တို့ ထမင်းကို ဘာနဲ့ချက်တုန်း"

"လျှပ်စစ် ထမင်းအိုးနဲ့ချက်ပါတယ် ဦး"

"ဟုတ်ပြီ... ဒီနေ့ကစပြီး လျှပ်စစ်ထမင်းအိုးနဲ့ချက်တဲ့ ထမင်းကို ဦးလေးသန့်ကိုမကျွေးနဲ့တော့ မငွေရည်"

ထိုစဉ် မငွေရည်၏မိခင်ဒေါ်လေးနွဲ့က ကျွန်တော့်အတွက် ကော်ဖီနှင့် ရေနွေးကြမ်းပန်းကလေး ယူလာရာမှ...

"ကဲ... ဘယ်နှယ်ရှိစ အစက အမေမပြောဘူးလား။ ညည်းအဖေကို အဲဒါကြီးနဲ့ ချက်မကျွေးနဲ့လို့၊ ငွေတစ်ထောင်ကျော်ပေးပြီး ဝယ်လာတဲ့ ထမင်းအိုးကြီးနဲ့ချက်တဲ့နေ့ကစပြီး ကျုပ်တို့လင်မယား ရင်ပြည့်ရင်ကယ် ဖြစ်တော့တာပါပဲတော်"

ဒေါ်လေးနွဲ့စကားကြောင့် ကျွန်တော်ပြုံးလိုက်မိပါသည်။ မငွေရည်သည် ဘာပြန်ပြောရမှန်း မသိတော့။ ငြိမ်၍ နားထောင်နေသည်။

"ဟုတ်တယ် မငွေရည်၊ အဲဒီလျှပ်စစ် ထမင်းအိုးနဲ့ချက်တဲ့ ထမင်းဟာ ရေခန်းချက်မို့ အာဟာရဓာတ် အပြည့်အဝရတာတော့ အမှန်ပဲ မငွေရည်၊ ဒါပေမယ့် အဲဒီထမင်းဟာ တစ်ပွက်ဆူပဲ၊ တစ်ပွက်ဆူ ထမင်းကို အသက်အရွယ်ကြီးသူတွေ မကျန်းမာသူတွေ မစားသင့်ဘူး။ ဆီးချိုရောဂါရှိသူနဲ့လဲ မသင့်ဘူး မငွေရည်၊ သူက ကဆီဓာတ်တွေ သိပ်များနေတယ်လေ၊



ခုတလော လျှပ်စစ်ထမင်းအိုးနဲ့ချက်သူတွေ တော်တော်များလာတယ်၊ မီးသွေးဈေးကကြီးတော့ လျှပ်စစ်ထမင်းအိုးကို အသုံးများလာကြတယ်၊ ခေတ်ကာလအရ ခေတ်မီတိုးတက်တာတော့ မှန်ပါရဲ့၊ ကျန်းမာရေးနဲ့တွက်ကြည့်ရင် ဆုတ်ယုတ်လာတယ် မငွေရည်၊ ဒါတောင်မှ မငွေရည်တို့အိမ် ရေခဲသေတ္တာ မဝယ်သေးလို့ ရေခဲသေတ္တာရှိမယ်ဆိုရင် ရေခဲသေတ္တာထဲက ငှက်ပျောသီး၊ သခွားသီး၊ ရေခဲရေတွေ စားကြသောက်ကြမိကြမှာပဲ၊ ခုလို ပူပြင်းလှတဲ့တပေါင်း၊ တန်ခူးလမှာ သိပ်ပြီး စူးရှတဲ့အအေးကို မစားရဘူး မငွေရည်၊ ဦးလေးတို့ မြေလတ်ဒေသမှာရှိတဲ့ ရုပ်ရှင်ရုံပိုင်ရှင်တွေက သူဌေးတွေပဲ၊ သူတို့ရုပ်ရှင်ရုံတွေကို လေအေးစက်တပ်ဆင်ခွင့် ကျန်းမာရေးဌာနက ခွင့်မပြုဘူး မငွေရည်၊ ပန်ကာလောက်ပဲ တပ်ဆင်ခွင့် ပြုထားတယ်၊ အများပြည်သူတွေ အပူနဲ့အအေး ပဋိပက္ခဖြစ်ပြီး ကျန်းမာရေးထိခိုက်နိုင်တာကို ဦးလေးတို့ရဲ့ရိုးရာဓလေ့က 'ဗူးခါးရေနဲ့ကြမ်းကြားလေ' နဲ့ နေခဲ့ကြတဲ့လူမျိုး ထမင်းချက်ရာမှာလဲ မြေအိုးနဲ့ချက်တဲ့ကြတဲ့လူမျိုး။ ခုကာလကျမှ လျှပ်စစ်ခေတ်၊ ကွန်ပျူတာခေတ် အသုံးအဆောင်တွေ ခေတ်မီဆန်းပြားလာတော့ အစားအစာတွေလည်း ဆန်းပြားလာတယ်၊ ရောဂါဝေဒနာတွေလည်း ဆန်းပြားလာတာပေါ့၊ မငွေရည်ကို ဦးလေးပြောတဲ့အတိုင်း ၁၂ ရာသီဓာတ်ဓာအညွှန်းအတိုင်း ဘာတွေပဲစားစား အဆင်ပြေလိမ့်မယ်မထင်နဲ့၊ ဘာဖြစ်လို့လဲဆိုရင် တကယ့်အဓိကကျတဲ့ ထမင်းက ချက်နည်းချက်ဟန်မမှန်ဘဲ ဖြစ်နေတာကိုး မငွေရည်တို့ ဦးလေးတို့လူစားမျိုးဟာ ဟင်းကိုနည်းနည်းစားပြီး ထမင်းကို များများစားတဲ့လူမျိုးဆိုတာ ထည့်တွက်ရမယ်ကွဲ့၊ အဲ... ဟင်းကိုသာ များများစားပြီး ထမင်းကိုတူကလေးနဲ့ မစို့တပို့ စားလေ့ရှိတဲ့ တရုတ်ဂျပန်လူမျိုးကျတော့ လျှပ်စစ်ထမင်းအိုးက အဆင်ပြေမှာပေါ့လေ"

"မောင်ဝင်းမြင့် ပြောတာတွေ အမှန်တွေချည်းပဲ သမီး၊ အဖေတို့အရွယ်က အသက် ၆၀ ကျော် ၇၀ နီးလာတော့ အရင်ကလို သွားမကောင်းတော့ဘူး။ သွားမကောင်းတော့ မဝါးနိုင်ဘူးပေါ့၊ မျိုချနေရတယ်၊ ဘယ်မှာအစာကြေလိမ့်မလဲ၊ ပြီးတော့ လှုပ်လှုပ်ရှားရှားလဲ မလုပ်ရတော့ ပိုဆိုးတာပေါ့"

မငွေရည်၏ဖခင် ဦးလေးသန့်က သဘာဝနှင့်ယှဉ်၍ ပြော၏။

"မငွေရည် စိတ်ထဲမှာ မှတ်ထားရမှာကတော့ ဓာတ်တွေဟာ အသက်ရှင် ရပ်တည်နေထိုင်ဖို့အတွက် ထမင်းစားကြရတယ်၊ စားတဲ့အစာတွေ မကြေညက်ရင်တော့ ရောဂါရမှာပဲ၊ ဒါကြောင့် မငွေရည်တို့လို ငယ်ရွယ်သူ

www.burmeseclassic.com

www.burmeseclassic.com



တွေအဖို့ မသိသာသော်လည်း ဦးလေးသန့်တို့ အရွယ်ဆိုရင်တော့ လျှပ်စစ်ထမင်းအိုးနဲ့ချက်တဲ့ ထမင်းမစားသင့်ဘူး မငွေရည်''

''သမီး သဘောပေါက်ပါပြီ ဦး။ ဒီနေ့ကစပြီး လျှပ်စစ်ထမင်းအိုးနဲ့ ထမင်းမချက်တော့ပါဘူး''

''ဟုတ်လိုက်လေ မငွေရည်ရယ်၊ ကဲ. . . မငွေရည်တို့ညှိခန်းမှာရှိတဲ့ ရှီးကော့စ်ထဲကို အဲဒီထမင်းအိုးကြီးကိုထည့်ပြီး အလှပြ သိမ်းထားပေတော့''

❁ ❁ ❁

## ရေမြေတောတောင်ရာသီဥတုနှင့် အနာအဆေးဗေဒကြ

''ဟော. . . မငွေရည်ပါကော၊ လာ. . . လာ. . . လာ. . . တူမထိုင်၊ ဦးလေးသန့်ကော နေကောင်းရဲ့လား''

''ဟုတ်ကဲ့ရှင့်၊ အဖေ နေကောင်းပါတယ်''

မငွေရည်သည် ဝါရွှေရောင်ရှိသော အသားအရည်၊ ပြုံးရွှင်သော မျက်နှာထား၊ အဖြူရောင်အပေါ်အင်္ကျီကို ခံ့မင်နစ်သက်စွာ အမြဲဝတ်လေ့ရှိသောကြောင့် ကျက်သရေရှိရှိနှင့်လှပနေပါသည်။

မငွေရည်သည် ဈေးဝယ်သွားရန် ထွက်လာရင်း ကျွန်တော့်ဆီ ဝင်လာဟန်တူ၏။ ဆွဲခြင်းကလေး လက်မှာကိုင်ရင်း ကျွန်တော်နှင့်မလှမ်းမကမ်းမှာ ထိုင်၏။ နှုတ်ခမ်းနီ မခြယ် သဘာဝအသွေးနှင့် ပန်းနုရောင်ပြေးနေသော သူ့မနှုတ်ခမ်း ထူပြည့်ပြည့်ကလေးကို သရေမတို့ကျွဲပြုံးဖြင့်ကြော့ရှင်းစွာ တွေ့ရ၏။

''ပြော. . . မငွေရည်၊ ဦးလေးကို ဘာမေးချင်လို့လဲ''

''ခုမနက် ဈေးဝယ်သွားမလို့ အိမ်ကအထွက် အဖေက မှာလို့ပါ၊ ဦးကိုမေးပြီးမှ ဈေးဝယ်တဲ့၊ ဒီလ ဒီရာသီ ဘာစားရမလဲဦး''

''မှန်းစမ်း။ ခုလ ဘာလလဲ၊ အောင်မာ နယုန်လတောင်ရောက်နေ



ပြီကိုး။ ရာသီအလိုက် ဓာတ်စာစားတယ်ဆိုတာက အတော်ကျယ်ဝန်းတဲ့ကိစ္စ မငွေရည်ရဲ့၊ မငွေရည် အချိန်ရပါတယ်နော်''

''ဟုတ်ကဲ့ဦး. . . ဒီနေ့ မငွေရည်တို့ ကျောင်းပိတ်ပါတယ်''

''ကဲ. . . ဒါဖြင့်ရင် ဦးလေးပြောရတာပေါ့၊ ဦးလေးတို့ မြန်မာဓလေ့အရ ဓာတ်စာစားခဲ့ကြတယ်၊ လအနေနဲ့ ၁၂ လရှိတယ်၊ နွေ၊ မိုး၊ ဆောင်းဆိုပြီး ကာလသုံးပါးရှိတယ်၊ ပြီးတော့ ဦးလေးတို့ မြန်မာပြည်မှာ အရပ်ဒေသ သုံးမျိုးရှိသေးတယ်ဗျ''

''ဟုတ်ကဲ့ ဦး''

''ဇလင်္ဂဒေသ၊ အနုပဒေသ၊ သာဓာရဏဒေသတဲ့၊ ဇလင်္ဂဆိုတဲ့ အရပ်ဒေသက ကုန်းခေါင်တဲ့အရပ်ဒေသကိုပြောတာ မငွေရည်ရဲ့၊ ကျောက်စရစ်ကုန်း ခရမ်းတော မိုးခေါင်ရေရှားရပ်ဝန်းဒေသမျိုးကိုပြောတာ မငွေရည်ရဲ့၊ အဲဒီအရပ်မှာ ဆူးရှိတဲ့အပင်တွေ အပေါက်များတယ်၊ သမင်၊ ဒရယ်၊ ဂျိုင်၊ စိုင်၊ ဆတ်၊ ယုန်၊ ဖွတ်၊ ပုတ်၊ အပူကြိုက်၊ သားငှက်တိရစ္ဆာန်တွေနေတဲ့ အရပ်ပေါ့၊ သဘာဝကိုက ပူတဲ့အရပ် ခြောက်သွေ့တယ်၊ လေထန်တယ်၊ ဥပမာပြောရရင် မိတ္ထီလာ၊ မြင်းခြံ၊ တောင်သာ၊ မကွေး ရေနံချောင်း၊ ပခုက္ကူ၊ မင်းဘူးလို အရပ်ဒေသတွေပေါ့''

''ဟုတ်ကဲ့ရှင်''

''အဲ. . . နောက်တစ်ခုက အနုပအရပ်ဒေသဆိုတာက စိမ်းလန်းစိုပြည်တဲ့ အရပ်ကိုပြောတာ၊ မြစ်ချောင်းအင်းအိုင် တောတောင်ထူထပ်တယ်၊ ဝမ်းဘဲတို့ ဟင်္သာတို့ အအေးကြိုက်သတ္တဝါတွေ နေလေ့ရှိတဲ့အရပ်၊ ဆန်ရေစပါး ပေါများတယ်၊ သားငါးပုစွန် အပုပ်အစပ်ပေါတဲ့အရပ်၊ အဲဒီလို အရပ်ဒေသမှာ နေထိုင်တဲ့လူတွေဟာ ဝမ်းပျက်တတ်တယ်၊ အစာမကြေဖြစ်တတ်တယ်၊ အသားအရေ ပွပွတတနေမယ်၊ ငှက်ဖျားရောဂါ ဘေလုံးစွဲရောဂါတွေ ဖြစ်တတ်တယ်၊ အဲဒီလိုဒေသကတော့ ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်လို အရပ်ဒေသမျိုးပေါ့၊ အဲ. . . နောက်တစ်ခုက သာဓာရဏအရပ်တဲ့''

ကျွန်တော်သည် ပြောရတာ အာခြောက်လာ၍ ရေနွေးကြမ်းတစ်ခွက် ကောက်သောက်လိုက်ပါသည်။

''မငွေရည် ရေနွေးကြမ်းသောက်ဦး''

www.burmeseclassic.com

www.burmeseclassic.com



"ဦး သောက်ပါ၊ မငွေရည် မသောက်တော့ဘူး"

"ရှင်မရေ… မငွေရည်ဖို့ လက်ဖက်သုပ်ကလေးဖြစ်ဖြစ် စားစရာမြိုးစရာ တစ်ခုခု ယူခဲ့ပါဦးကွ"

မီးဖိုထဲတွင် ထမင်းချက်နေသော အိမ်သူကိုလှမ်း၍ အသံပြုလိုက်၏။ ခဏအကြာ အိမ်ရှင်မ ပန်းကန်တစ်ချပ်ဖြင့်ထွက်လာ၏။

"မငွေရည် ဈေးသွားမလို့လား။ ရော့… မတ်ပဲနဲ့လုပ်ထားတဲ့ ဘယာကြော်ကလေး စားဦးကွဲ့"

"ဟုတ်ကဲ့… အန်တီ"

"အဲ… အဲ… ခုနက ဘယ်ရောက်သွားတုန်း"

"သာခရဏ အရပ်ဆို…"

"အေး… အေး… သာခရဏအရပ်ဆိုတာက စောစောပိုင်းက ဦးလေးပြောခဲ့တဲ့ အရပ်ဒေသနဲ့ဆက်စပ်ပြီး တည်တဲ့ အရပ်ဒေသတွေ ရှိသေးသကွဲ့၊ ဥပမာ မန္တလေးနဲ့တောင်ကြီးမြို့ ဆက်စပ်နေတဲ့ အရပ်ဒေသမျိုး မေမြို့ ခုအခေါ်ဘာတဲ့"

"ပြင်ဦးလွင်မြို့"

"အေး… အေး ဟုတ်ပြီ၊ အဲဒီပြင်ဦးလွင်မြို့မျိုး အပူအအေးမျှတပြီး ဒေါသသုံးပါး ငြိမ်ဝပ်စေတယ်၊ မြို့ငုံသုံးသပ်ပြီး ပညာဉာဏ်နှင့်ဆင်ခြင်သုံးသပ်ရမယ်ဆိုရင် အရပ်ဒေသတစ်ခုဟာ ပူ၏။ ပို၍ပူ၏။ အပူဆုံးဆိုတာရှိသလို အေး၏။ ပို၍အေး၏။ အအေးဆုံးဆိုတာ ခွဲခြားသတ်မှတ်ရမှာပေါ့၊ ဒါကြောင့် လူတွေ အနာရောဂါရ ကြတဲ့အခါမှာ အရပ်ဒေသ၊ ဥတုကာလ၊ အစားအစာ၊ အပြုအမူ အနေအထိုင်ကြောင့် ဖြစ်ကြသကွဲ့၊ ဒီမှာကြည့် ဦးလေးတို့ မြန်မာပြည်ကို အရပ်ဒေသ သုံးမျိုး ပေါ်ဒီလို ပိုင်းခြားလို့ရတယ်"

"သမီးတို့ပူတဲ့ အရပ်ဖြစ်တဲ့ မကွေး၊ မင်းဘူး၊ ရေနံ့ချောင်းပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေးဆိုတဲ့ အရပ်ဒေသတွေမှာ ဘာရောဂါတွေ အဖြစ်များတုန်း ဦး"

"အရေပြားရောဂါ ဖြစ်ကြတယ်၊ ပြီးတော့ မျက်ခမ်းစပ် ရောဂါ။ အပူအဖျားရောဂါတွေ အဖြစ်များကြတယ်၊ နောက်တစ်ခု ဆေးဆရာလုပ်သူက ဘာကိုသတိထားရတယ်ဆိုရင် မန္တလေးမြို့ဟာ ပူပြင်းတဲ့ အရပ်ဒေသဆိုတာ ဟုတ်တယ်၊ ဒါပေမယ့် ပြင်ဦးလွင်လိုအရပ်ဒေသမျိုး၊ မတ္တရာမြို့လို



အရပ်ဒေသမျိုးကျတော့ ရေမြေတောတောင် ပထဝီဝင်အနေအထား မတူပြန်ဘူး တူမရဲ့၊ ဆေးဝါးခာတ်စာပေးသွင်းရတဲ့အခါမှာလဲ မန္တလေးသူ မန္တလေးသား ဝေဒနာ၊ ပြင်ဦးလွင်၊ တောင်ကြီး၊ မတ္တရာ၊ မိုးကုတ်၊ ကချင်ပြည်နယ်က လူတွေနဲ့ မတူပြန်ဘူး"

"ကျယ်ဝန်းလိုက်တာနော်"

"ကျယ်ဝန်းလိုက်သော်ကော တူမရယ်၊ ဒါကြောင့်'ရာသီမပိုင် ဆေးမကိုင်နဲ့'တဲ့၊ ဆေးကုတယ်ဆိုတာ ကိုယ်နေတဲ့ အရပ်ဒေသကွက်ကွက်ကလေး မကြည့်ရဘူး မငွေရည်ရဲ့၊ 'ဒေသမတူ ပူအေးမညီ'ဆိုတာလို တောတောင် စိမ့်စမ်းထူထပ်တဲ့အရပ်ဒေသမှာ ငှက်ဖျားရောဂါအဖြစ်များသလို ရန်ကုန်–မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်း အရပ်ဒေသတွေမှာ သွေးတိုး၊ ဆီးချို၊ အစာအိမ်ရောဂါ လေငန်းရောဂါတွေ အဖြစ်များသကွဲ့၊ အဖျားပြတ်ဆေးတစ်ခုကို အသုံးပြုတော့မယ်ဆိုရင် မကွေးမြင်းခြံမှာ ဖျားသူကို ဓာသီးလေးညှင်း လျှော့သုံးရသကွဲ့၊ မော်လမြိုင်လို စွတ်စိုတဲ့အရပ်ဒေသကျတော့ လေးညှင်းဓာတ်ပို့လိုက်ကဲ ထည့်သုံးရတယ်၊ လူနာနေထိုင်တဲ့ အရပ်ဒေသကိုသိရတယ်၊ လေ့လာစရာတွေ အများကြီးပါပဲကွယ်၊ ဦးလေး ဟိုတစ်လောက အဲ မှတ်မှတ်ရရ ပြောရရင် ၇–၃–၉၄ နေ့က မန္တလေးနဲ့သိပ်မဝေးတဲ့ မတ္တရာမြို့ ဆိုတဲ့မြို့ကလေး သွားလေ့လာကြတယ်၊ ဦးလေးနဲ့အတူ ဦးလေး မိတ်ဆွေ ဓေတ္တရာသန်းမြင့်လည်း ပါသကွဲ့။

မတ္တရာမြို့မှာ– ဦးမြသာ–ဒေါ်ရွှေမြ<br>
အောင်ကြီး ကိတ်မုန့်ဆိုင်<br>
အမှတ်( ၂ )<br>
မတ္တရာမြို့။ တဲ့ လိပ်စာက

ဦးမြသာ သားက ကိုသာဇံအောင်တဲ့။ ကိုသာဇံအောင်က မန္တလေးကို သူ့ကုန်စုံဆိုင်ကလေးအတွက် ဈေးဝယ် ခဏခဏလာတယ်။ ကိုသာဇံအောင်က တိုင်းရင်းဆေးဝါးသနာပါသူဆိုတော့ ဦးလေးနဲ့တွေ့ကြတာပေါ့။ သူတို့မတ္တရာကိုဖိတ်ပြီး ထမင်းကျွေးတယ်။ လေ့လာရေးအတွက် အကူအညီတွေပေးတယ်။ ကိုသာဇံအောင် ဖခင် ဦးမြသာက တစ်ချိန်တုန်းက ဗာဂျီးနီးယားဆေးပေါင်းစက်ရုံက ဝန်ထမ်းပေါ့။ ခုတော့ ပင်စင်ယူပြီး မတ္တရာမြို့ကလေးမှာ ခြံကလေးဝယ်၊ အိမ်ကလေး သပ်သပ်ယပ်ယပ်ဆောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသာယာပျော်ရွှင်စွာ နေကြတယ်။ ဦးလေး မတ္တရာမြို့ကိုလေ့လာတဲ့အခါမှာ နေအသင့်အတင့်ပူတဲ့အရပ်ပါပဲ။ ရေမြောင်း ရွှံ့နွံ့တွေပေါတယ်။ လေကာစိမ့်နေအောင် တိုက်တယ်။ ချမ်းစိမ့်စိမ့်ရယ်။ ပန်းရနံ့တွေ လှိုင်သလို သစ်သီးပုပ် သစ်ရွက်ပုပ် အနံ့အသက်တွေလည်း ရှူရှိုက်မိရဲ့။ ခြင်လည်း ပေါသကွဲ့။ အသီးနှံ့ထဲက ငှက်ပျောပိန္နဲ မာလကာပေါသလို မှိုလည်းပေါသကွဲ့။ ဒါကြောင့် မတ္တရာမှာ ငှက်ဖျားရောဂါဖြစ်လေ့ရှိကြတယ်၊ မငွေရည် မတ္တရာရောက်ဖူးလား"

"မရောက်ဖူးဘူး ဦး"

"အေး... မန္တလေးရောက်တဲ့အခါ မတ္တရာကိုသွားလေ့လာကြည့်၊ မန္တလေး ရာသီဥတုနဲ့ မတ္တရာကွာခြားတာ သိသာတယ်၊ အဲ... မတ္တရာက ဦးလေးမိတ်ဆွေ ဦးမြသာကပြောတယ် သူတို့မတ္တရာကိုရောက်တော့ မကြာခဏ ဖျားကြတယ်၊ ဒါနဲ့သူတို့က ရခိုင်ကကိုး၊ မိမိတို့ရိုးရာ ရခိုင်အဖျားပြတ် ဆေးဖော်သတဲ့၊ ဆေးဖော်ပြီးစားတဲ့နေ့ကစပြီး အဖျားရောဂါကင်းဝေးစေခဲ့တာ ခုအချိန်ထိပဲတဲ့"

"ဆေးနည်းရခဲ့လား ဦး"

"ရခဲ့တာပေါ့ဗျာ၊ အဲဒီဦးမြသာက ဘာသာရေးလည်း ရှိသေကိုင်းရှိုင်းသူဆိုတော့ စကားပြောလို့ဆိုလို့လည်းကောင်း၊ အဲ... သူကျွေးတဲ့ ထမင်းဟင်း ဖွယ်ဖွယ်ရာရာတွေကိုလည်း ဝါးမြိုလို့ကောင်းကိုး မငွေရည်ရဲ့ ဦးမြသာတို့ ရခိုင်ရိုးရာ အဖျားပြတ်ဆေးက ဒီလိုတူမရဲ့"

"ကွမ်းရွက်၊ ကြပ်ခိုး၊ မဖောက်ထုံး၊ သိန္ဓော၊ နနွင်း၊ ငရုတ်ကောင်း အဲဒီခြောက်မျိုး ဆတူအမှုန့်ကြိတ်တာပဲ၊ ဆေးတောင့်ကလေးတွေ လုပ်ထားတာ တူမရဲ့၊ ငှက်ဖျား ဖျားလည်း အဲဒီဆေးပဲတဲ့၊ ဒါတင်မကဘူး တူမရဲ့၊ သူတို့က မတ္တရာ ရာသီဥတုနဲ့အညီ အခိုးပွင့်ဆေး တစ်လက်လည်း ဆောင်ထားကြသေးတယ်၊ အဲဒီအခိုးအပွင့်ဆေးက 'ပိတ်ချင်း၊ ကြစု၊ သိန္ဓော' ဆတူအမှုန့်ကြိတ်ထားတယ်၊ သူတို့တစ်အိမ်သားလုံး အဲဒီဆေးနှစ်မျိုး လက်သုံးပဲတဲ့၊ 'ကိုယ့်အရပ်နဲ့ကိုယ့်ဓာတ်' ဆိုတာလို မိမိနေထိုင်တဲ့ ဝန်းကျင်ရေမြေတောတောင်ရာသီကိုကြည့်ပြီး စားကြရင် ကျန်းမာတာပါပဲကွယ်၊ မငွေရည်လည်း ဈေးဝယ်သွားမှာဆိုတော့ နယုန်လဆိုတော့ ဦးလေးတို့မကွေးက ပူနေပြီလေ၊ ဒါကြောင့် ဒံ့ဒလွန်သီး၊ အာလူး၊ ကုလားပဲ၊ ၃မျိုး ပဲကုလားဟင်း ချက်ကွဲ့၊ ပြီးတော့ ချိုးသား၊ ခါသား၊ ကြက်သား နှစ်သက်ရာဝယ်၊ နွားလျှာကြီးရွက် ဟင်းချိုလည်း သောက်နိုင်တယ်နော်၊ ကဲ... ဈေးဝယ်သွားပေတော့"



"ဟုတ်ကဲ့ ဦး"

❀ ❀ ❀

## ဓာတ်ဆို ရှေးရှေးရှောင်

"ဟော... မငွေရည်ပါကော... လာထိုင်တူမ၊ ဒီနေ့ကျောင်းတက်ရသလား"

"ဟုတ်ကဲ့... ဦး၊ ဒီနေ့ သမီးတို့ကျောင်းတက်ရပါတယ်၊ ကျောင်းဆင်းလို့ အိမ်မှာ ထမင်းတစ်အိုးချက်ပြီး ဦးဆီ ပြေးလာတာ အမေ့ကိုလည်း မှာခဲ့သေးတယ်၊ ဦးဆီကို ဓာတ်စာစားနည်း သွားသင်မလို့ မှတ်စုစာအုပ်ပါ ယူခဲ့ပါတယ်"

"အောင်မာ မငွေရည်တော့ ဗိန္ဓောဆေးဝါသနာပါလာပြီဟေ့၊ မှတ်စုစာအုပ်တွေနဲ့ အကျအန မှတ်တော့မှာပေါ့ ဟုတ်လား"

"ရိုးရာတိုင်းရင်းဆေးက နိုင်မာတယ်၊ သဘာဝလဲ ကျတယ်ဆိုတာ သမီးသဘောပေါက်ပါတယ်၊ ဆေးလည်းအစာအစာလည်းဆေး ဓာတ်စာ စားတာကိုလည်း သမီးသဘောကျပါတယ်"

"ဟုတ်လိုက်လေ၊ ကဲ... ဓာတ်စာ စားနည်းရေးမှတ်ချင်တယ်ဆိုတော့ ပထမဆုံး မှတ်ရမှာကတော့ ဓာတ်ဆိုတာပဲကွဲ့၊ ဓာတ်ဆိုသည်မှာ သူ့သဘော သူဆောင်တာကို ဓာတ်လို့ခေါ်သကွဲ့ ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"ဓာတ်စာဆိုတာ အဓိပ္ပာယ်က ဓာတ်လေးပါး ညီညွတ်မျှတစေတဲ့ အစားအစာလို့ အဓိပ္ပာယ်ရသဗျ"

"ဟုတ်ကဲ့ ဦး"

"ဓာတ်လေးပါးဆိုတာက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော"

"ဟုတ်ကဲ့ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဓာတ်ကြီးလေးပါးအပြင် နောက်ထပ် ဓာတ်တစ်ပါးရှိသေးသကွဲ့၊ အဲဒါက အာကာသဓာတ်တဲ့၊ ဓာတ်ကြီးငါးပါးလို့သာ မှတ်လိုက်ပါ၊ ပထဝီဆိုတာ မြေဓာတ်၊ တေဇောဆိုတာ မီးဓာတ်၊ အာပေါဆိုတာက ရေဓာတ်၊ ဝါယောဆိုတာက လေဓာတ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ရှင့်"

"အဲ... အာကာသဆိုတာ အပေါက်၊ အပိုင်း၊ အခြားပေါ့ကွယ်၊ လူတွေရဲ့ခန္ဓာကိုယ်မှာ အဲဒီဓာတ်ငါးပါးတည်းနေတယ်၊ ဦးလေးတို့စားသောက်နေတဲ့ အာဟာရ အစားအစာတွေထဲမှာလည်း အဲဒီဓာတ်ကြီးငါးပါးရှိတယ်၊ ကမ္ဘာတည်သရွေ့ ဓာတ်ကြီးငါးပါးရှိနေမှာပဲ၊ မငွေရည် နောက်တစ်ခု တစ်ဆင့်တက်ပြီး မှတ်ရမှာက လူမှာ အဲဒီဓာတ်ကြီးငါးပါး တစ်ခုနဲ့တစ်ခု ညီညွတ်မျှတနေမယ်ဆိုရင် ကျန်းမာတယ်၊ တစ်ခုခုက ဖောက်ပြန်ပြီး မညီမညွတ်ဖြစ်ရင်တော့ ရောဂါဝေဒနာဆိုတာ ဖြစ်တော့တာပါပဲ၊ ဒါကြောင့် ရှေးကဆရာကြီးများက အခုလို လင်္ကာလေးနဲ့မှတ်ရလွယ်အောင် မိန့်မှာခဲ့ကြတယ်၊

ငါးပါးသော ဓာတ်၊ မညီညွတ်၍
ဝဋ်ဒုက္ခဘောင်၊ မရှောင်သာမြဲ
ဆင်းရဲခံရှိ။ တို့လူမျိုးဝယ်
ဓာတ်ခိုးဓာတ်ကင်း။ လှုပ်ရှားခြင်းကို
နိုပ်နင်းကလူ၊ အနာဟူ၍
အယူဝါဒ ရှိကုန်ကြ၏။

တဲ့ဗျ၊ အဓိပ္ပာယ်ကတော့ ဓာတ်ငါးပါး မညီညွတ် မမျှတရင် ရောဂါဝေဒနာဖြစ်တော့တာပဲတဲ့၊ အဲဒီရောဂါဝေဒနာကို ပျောက်ကင်းဖို့က ဘယ်လိုဆိုပြန်သလဲဆိုတော့...

ပဥ္စဓာတု၊ ငြိမ်ဝပ်မှုကို
ပြုနိုင်သည်သာ
ဆေးမည်ရာ၏။ တဲ့၊ ပဥ္စဓာတုဆိုတာ ဓာတ်ငါးပါးကို ပြောတာလေ"

မငွေရည်သည် သူမ မှတ်စုစာအုပ်ကလေးထဲ ရေးမှတ်နေပါသည်။



"ရပြီလား.... မငွေရည်"

"ဟုတ်ကဲ့.... ရပါပြီ ဦး"

"ဒါဖြင့်ရင် ဦးလေးတို့နောက်တစ်ဆင့် တက်ကြဦးစို့၊ တေဇောဆိုတဲ့ဓာတ်အကြောင်း ပြောတော့မယ်နော်၊ တေဇောဆိုတာက စောစောပိုင်းက ပြောခဲ့သလို မီးဓာတ်၊ အဲဒီမီးဓာတ်ဟာ အကြောင်းဓာတ်ဘဲ တူမရဲ့ အကြောင်းကြောင့် အကျိုးဖြစ်ကြတာကို တေဇောပင့်မြှောက် ဝါယောရောက်တဲ့၊ ဥပမာ ထင်းပုံတစ်ခုကို မီးရှို့ကြည့် မီးတောက်မီးလျှံဖြစ်လာရင် လေဟာရောက်လာတယ်၊ လေနဲ့အတူ အထက်ကိုတက်တယ်"

"တေဇောက အခရာပဲပေါ့၊ ဟုတ်လား.. ဦး"

"ဟုတ်ပေ့ဗျာ တေဇောပြုသမျှ ကျန်တဲ့ဓာတ်တွေဟာ လွန်တာ ယုတ်တာ ဖြစ်ကြရတယ်၊ အဲ တေဇောက နှစ်မျိုးရှိတယ်၊ မငွေရည် တစ်မျိုးက ဥဏှာတေဇောတဲ့ နောက်တစ်မျိုးက သီတတေဇောတဲ့ အပူတေဇော၊ အအေးတေဇောပေါ့၊ အပူတေဇော လောင်တာကိုတော့ သိလွယ်မြင်လွယ်ပါတယ်၊ အသားဓာတ် မီးမြိုက် ကြည့်ပါလား။ ကျက်သွားမယ်၊ ကွေးကောက်သွားမယ်၊ ထင်ရှားတယ်၊ အအေးတေဇောလောင်တာကျတော့ နှင်းခဲတဲ့ဒေသတွေမှာ သီတတေဇောကြောင့် နားရွက်တွေ ပြုတ်သွားတယ် လက်ချောင်းလက်ဆစ်ကလေးတွေ ပြုတ်ကြတယ်၊ အဲ ဦးလေးတို့ မြေလတ်ဒေသမှာ အိမ်တွေမှာ ရေအိုးအောက်မှာ ကရွတ်ဆိုတာရှိတယ်၊ ရေက တစိမ့်စိမ့်ကျပြီး ကရွတ်ဟာ လောင်ကျွမ်းဆွေးမြေ့သွားတာ တွေ့ရလိမ့်မယ်"

"ဟုတ်ကဲ့ ဦး"

"အဲ... လာပြီ၊ နောက်တစ်ဆင့် ဥဏှာ–ဥဏှာချင်းက မိဿကက၊ မိဿကဆိုတာ သင့်မြတ်တာကို ဆိုလိုတာ၊ အဲ ဥဏှာနဲ့ သီတကျတော့ ပဋိပက္ခ၊ မတည့်ဘူး မသင့်မြတ်ဘူးပေါ့၊ အကျိုး ဓာတ်လေးပါးထဲက ပထဝီနဲ့ အာပေါက မိဿကက၊ ဝါယောနဲ့အာကာသက မိဿကက၊ ပထဝီလွန်ရင် အာပေါလွန်တယ်၊ အာပေါလွန်ရင် ပထဝီလွန်ပြန်ရော"

မငွေရည်သည် နဖူးကြောကလေး တင်းယောင်ပြုလာ၏။

"ဦး... စိတ်မရှိနေနဲ့၊ သမီး မလိုက်နိုင်တော့ဘူး"

"ဟေ... ဘာပြောတယ် မငွေရည်"

"သမီး နားရှုပ်သွားပြီ"

"အေးလေ ဟုတ်တာပေါ့၊ ဦးလေးက စိတ်မြန်လက်မြန် တစ်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ချင်းနဲ့ပြောနေတော့ ညည်းနားရှုပ်မှာပဲ၊ ပြီးတော့ ကျောင်းဆရာမဆိုတော့ တာဝန်တွေဘာတွေကလဲ များသကိုး။ နောက်မှ အဲဒါတွေ တဖြည်းဖြည်း လေ့လာပေါ့ မငွေရည်၊ တခြားနည်းနဲ့ ခတ်စာစားနည်း ပြောရသေးတာပေါ့။ မငွေရည်တို့အဖေ ဦးလေးသန့်က သွေးတိုးရောဂါ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦး"

"ဝက်သားကို ဘယ်တော့မှရှက်မကျွေးနဲ့ အဲဒါ တထစ်ချမှတ်ပေတော့"

"အဖေက ဝက်သားကို အမျိုးမျိုးလုပ်ခိုင်းပြီးစားတာ ဦးရဲ့"

"ဟုတ်ပြီ မငွေရည်၊ မှတ်စုစာအုပ်ထဲ မှတ်ပေတော့၊ ဝက်သားနဲ့သွေးတိုးရောဂါ လုံးဝမတည့်ပါ၊ ဝက်သားနဲ့မတည့်တဲ့ရောဂါတွေက လေငန်းရောဂါ ရှိသူ၊ အဖျားရောဂါ ရှိသူ၊ ပျို့အန်သူ၊ အစာအိမ်ရောဂါရှိသူ၊ ဖောရောင်သူ၊ မီးယပ်ဝမ်းပျက်၊ သွေးဝမ်းသွားသူ၊ လိပ်ခေါင်းရောဂါရှိသူ၊ သလိပ်ပုပ်ရောဂါရှိသူ ဆီးချိုရောဂါရှိသူ၊ လုံးဝမတည့် အဲဒီလိုသာ မှတ်ပေတော့ မငွေရည်ရေ"

"ဟုတ်ကဲ့ရှင့်"

"အဲ.... ဝက်သားနဲ့ ဘာပြုလို့ မတည့်တာလဲဆိုတာ ဦးလေးကို ပြန်မေးဦး"

"ဟုတ်ကဲ့ဦး။ လေငန်းရောဂါရှိသူနဲ့ဝက်သားနဲ့ ဘာပြုလို့ မတည့်တာလဲ ဦး"

"လေငန်းဖြစ်တယ်ဆိုကတည်းက ဒီပုဂ္ဂိုလ်ဟာ ပန်ကာနဲ့ အဖော် ပြုနေမယ်၊ ကုလားထိုင်မှာ အထိုင်များမယ်၊ ရေခဲရေ၊ အုန်းရည်၊ နွားနို့၊ မလိုင်မုန့်၊ အဲဒါတွေ အစားများပြီး ရုပ်လေးလံထိုင်းမှိုင်းသွားတယ်၊ သွေးကြော လေကြောတွေ ပိတ်ဆို့ပြီး ပါးရွဲ့ မျက်လုံးစွေပြီး လေငန်းရောဂါဖြစ်ရတာ ဝက်သားက အဆီများတယ် တူမရဲ့၊ အအေးလွန်တဲ့အစာလေ၊ သွေးလေကိုပိတ်ဆို့စေတာကြောင့် ဝက်သားနဲ့လေငန်းရောဂါ ဝေဒနာရှင်မတည့်ဘူးလို့ ပြောတာ"

မငွေရည်သည် သဘောပေါက် ကျေနပ်သွားရေ့ထင့် သွားဖွေးဖွေးကလေးပေါ်အောင်ပြုံးကာ သူမမှတ်စုထဲ အားရပါးရရေး မှတ်နေပါတော့သည်။

"ဝမ်းပျက်ရောဂါရှိသူ ဘာပြုလို့ မတည့်တာလဲဟင်"



"ဝက်သားဟာ အဆီအဆိမ့်များပြီး အလွန်ကြေကျက်ခဲ့တဲ့ အစာလေ သူ့ကိုစားရင် အစာမကြေဘူး၊ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး ဝမ်းပျက်သထက် ပျက်တတ်တယ် တူမရဲ့"

"ဝက်သားနဲ့ အဖျားရောဂါ မတည့်တာကော ဦး"

"ဖျားတယ်ဆိုတာ အပိတ်အဆို့ အဖွဲ့အစည်းများနေတာကိုး၊ အပွင့်ခတ် မရှိလို့ ဖျားတာ၊ ဖွဲ့စည်းပိတ်ဆို့ခံရတဲ့သူဟာ အကြောတွေ တင်းတယ်၊ ဖက်ကြာတွေ တောင့်တယ်၊ ခြေသလုံးတွေ ညောင်းညာ ကိုက်ခဲပြီး ဖျားနေတာကိုး။ အဲဒါ ဝက်သားစားမယ်ဆိုရင် ပိတ်သထက် ပိတ်ဆို့ပြီး အဖျားရောဂါ ပိုဆိုးမှာပေါ့ မငွေရည်ရယ်၊ ဒါကြောင့် ဝက်သားနဲ့ အဖျားရောဂါ ရှိနေသူမတည့်ဘူးလို့ ပြောတာကွဲ့"

"ဦး ဝက်သားနဲ့လိပ်ခေါင်းရောဂါရှိသူ မတည့်တာကောဟင်"

"အေး လိပ်ခေါင်းဖြစ်တယ်ဆိုတာ ဝမ်းချုပ် လေချုပ် သွေးချုပ်ပြီး လိပ်ခေါင်းရောဂါဖြစ်တာလေ၊ အဖွဲ့အစည်း အပိတ်အဆို့များလွန်းလို့ ဖြစ်ရတာ၊ ဝက်သားရဲ့သဘာဝပိတ်ဆို့စေတယ်၊ လေလည်းချုပ်တယ်၊ ဒါကြောင့် လိပ်ခေါင်းရောဂါရှိသူ ဝက်သားကိုမစားရမှတ် တူမရေ"

"ဝက်သားက အအေးစာ၊ ဖွဲ့စည်းပိတ်ဆို့စေတဲ့အစာဆိုတာတွေကို ဦးတို့ သမားစဉ်ဆက် လက်ဆင့်ကမ်းပြောလာကြလို့ သိတာလားဟင်"

မငွေရည် အမေးကြောင့် ကျွန်တော်ပြုံးမိပါသည်။

"မငွေရည်က သမိုင်းအမိက ဘာသာနဲ့အောင်သူဆိုတော့ သမိုင်းအထောက်အထား တယ်သိချင်တာကိုး။ ဒီလိုမငွေရည်ရဲ့ ဝက်ဆိုတဲ့ သတ္တဝါကိုကြည့်၊ ရွံ့ဗွက် ရေအိုင် သိပ်ကြိုက်တယ်၊ အေးတဲ့နေရာမှာ နေချင်တယ်၊ မျက်လုံးက မှေးတယ်၊ သူ့အခေါက်က ထူတယ်၊ သူ့အသားက ပျော့တယ်၊ ခြေလက်တုပ်တိုတယ်၊ ဦးခေါင်းနဲ့နားရွက်စိုက်တယ်၊ လေးလံထိုင်းမှိုင်းတယ်၊ အဲဒီတော့ သူ့ခန္ဓာကိုယ်ထဲမှာ အအေးဓာတ်တွေ ကိန်းအောင်းနေတာပေါ့၊ မျက်လုံးမှေးတာကိုကြည့်ခြင်းအားဖြင့် အဖွဲ့အစည်းအပိတ်များတဲ့ သတ္တဝါဆိုတာ သိသကွဲ့၊ အအိပ်များတယ်၊ လေးလံထိုင်းမှိုင်းတယ်ဆိုကတည်းက ဝက်သားဟာ အအေးစာဆိုတာကိုသိရမယ်၊ အေးတဲ့အစာစားရင် အေးတဲ့အကျိုးကိုပေးသလို ပူတာစားရင် ပူတဲ့အကျိုးကို လက်ရှိလက်ငင်း ပေးပါတယ်၊ ဦးလေးတို့ ဝက်ရဲ့ပုံသဏ္ဌာန်သိုကျက်စားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရပ် နေထိုင် သွားလာမှုကိုကြည့်ပြီး ဝက်သားသည် အအေးစာဆိုတ
ဉာဏ်အမြင်နဲ့ သမားမျက်လုံးနဲ့ကြည့်လိုက်ရင် ရှင်းပါတယ်တူမရဲ့၊ ကျန်းမ
ပြီး ရောဂါကင်းဝေးစေချင်ရင် ဝက်ဆို ဝေးဝေးရှောင်လို့မှတ်ပေတော့
ငွေရည်"

"ဟောတော့ ဘာလိုလိုနဲ့ ၆ နာရီတောင်ထိုးပြီ၊ သမီးပြန်ဦးမယ
နော်၊ အန်တီ... သမီးပြန်ဦးမယ်"

"အေး... အေး မနက်ဖြန် စောစောလာခဲ့ မငွေရည်"

❀ ❀ ❀

**တန်ဆေးလွန်ဘေး**

"ဟော... ဆ ဆရာမလေး မငွေရည် လမ်းလျှောက်လာခ
ပြီ"

သနပ်ခါး အဖွေးသား သူမပခုံးထက်မှာ ဆံပင်ကလေးတွေ ဖြန့်
ကျက်ထားသည်။ မှတ်စုစာအုပ်ကလေး လက်မှာပိုက်၍ အိမ်ထဲဝင်လာသော
မငွေရည်ကို ကျွန်တော်က နှုတ်ဆက်စကား ပြောလိုက်ရပါသည်။

"ဒီနေ့ ဝါဆိုလပြည့်နေ့ ကျောင်းပိတ်ဈေးပိတ်ဆိုတော့ အိမ်မှာရှိတဲ့
ဘဲဥကလေး ချဉ်ရေချက်၊ အိမ်ဝင်းထဲမှာ စိုက်ထားတဲ့ ဗူးပင်က ဗူးရွက်ခူးပြီး
ဗူးရွက်ဟင်းချို ချက်တယ်၊ အဝတ်တွေလျှော်တယ် ရေမိုးချိုး သနပ်ခါးလိမ်းပြီး
ဦးတို့ဆီထွက်လာတာ အဖေနဲ့အမေတော့ အိမ်မှာ ဓမ္မစကြာ စာအုပ်တစ်
အုပ်စီနဲ့ ကျန်နေလေရဲ့"

မငွေရည်သည် ခေါင်းလျှော်ထား၍ သူ့ဆံပင်ကလေးတွေ ဖြန့်ကျက်
ထားသည်။ သူမ ပခုံးဝဲယာမှာ ဆံယဉ်နုကလေးတွေ လွင့်ပျံ့ဝဲကျနေသည်ကို
သတိပြုလိုက်မိပါသည်။

"မငွေရည်... စားပြီးခဲ့ပြီလား"

ကျွန်တော့် အိမ်သူက နှုတ်ဆက်စကားဆို၏။



"ဟုတ်ကဲ့ရှင့်၊ စားပြီးခဲ့ပါပြီ အန်တီ"

"အေးဟယ်... ငါ့တူမ မငွေရည်တို့များ အန်တီချီးမွမ်းပါရဲ့၊
ဘယ်နှယ့်တော် တစ်နေ့လာလည်း ဒီအာပေါ် ဝါယော ဆေးစကားတွေ
ပြောမငြီးတယ်၊ ခုလေးတင် မိတ္ထီလာက ဆေးဆရာနှစ်လက်ပြန်သွားတယ်၊
သူတို့နဲ့ ညည်းတို့ဦးလေး မနက် ၈ နာရီထိုးက ထိုင်ပြောလိုက်ကြတာ ၁၂
နာရီကိုထိုးရော၊ ငြော့်သည်နှစ်ယောက်ကိုရော ညည်းဦးလေးကို
ထမင်းစားကြပါလို့ ရပ်ကြပါဦးလို့ ချော့မော့တောင်းပန်ပြီး ထမင်းဖွတ်ကျွေး
လိုရတယ်တော့"

"တို့များ ပြောတဲ့စကားတွေဟာ အကောင်းတွေပါ ရှင်မရယ်၊
သူတော်ကောင်းတွေ မကဲ့ရဲ့ကြပါဘူး။ စကားပြောတဲ့နေရာမှာ အင်္ဂါငါးပါးနဲ့ညီ
ညွတ်ရမယ်တဲ့ အဲဒါတွေကတော့...

၁။ အခါအားလျော်စွာ ပြောဆိုအပ်သည်လည်းဖြစ်၏။
၂။ မှန်ကန်သောစကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။
၃။ သိမ်မွေ့သောစကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။
၄။ အကျိုးစီးပွားနှင့်ယှဉ်သော စကားကို ပြောဆို အပ်သည်လည်း
ဖြစ်၏။
၅။ မေတ္တာစိတ်နှင့်ပြောဆိုသည်လည်း ဖြစ်၏တဲ့...

တို့များ ဆေးဆရာတွေဟာ အကျိုးမဲ့စကား မပြောပါဘူး ရှင်မရဲ့"

"ဟုတ်ပါတယ် အန်တီ၊ အန်တီက ဆေးစကားတွေ
နေ့တိုင်းကြားနေရလို့ ထင်ပါတယ်၊ သမီးဖြင့် ဦးနဲ့တွေ့ရင် ဘာတွေမေးရ
ဦးမယ်၊ ကျန်းမာရေးအတွက် ဗဟုသုတ ဖြစ်စရာတွေ မှတ်ရကြားရဦးမှာပဲ
ဆိုပြီး ဝမ်းသာနေတာ၊ ခုလည်း ဦးကိုမေးချင်တာတွေ အများကြီးပဲ အန်တီ"

"အဲဒီလိုဆို ညည်းဦးလေးကို မေးပေတော့ မငွေရည်ရေ"

"ဦး... အဖေနဲ့အမေကို သမီးပြောပြတယ်၊ ဦးက ပြောတယ်၊
ဝက်သားကို လုံးဝမစားပါနဲ့ ရှောင်ခိုင်းတယ်လို့၊ အဲဒါ အဖေက ဝက်အူ
ချောင်း ဝက်နံရိုး၊ ဝက်ခေါက်ကင်၊ ဝက်ခေါင်းသုပ်စားရင်ကော ရမလားတဲ့"

"ဘယ်ရလိမ့်မတုန်း မငွေရည်ရယ်၊ ဝက်အူချောင်းဆိုတာ ရင်
ပြည့်ပါဘိသနဲ့၊ ဝက်နံရိုးကင် သူလည်း ရင်ပြည့်အစာမကြေဖြစ် တတ်တာပဲ၊
ဝက်ခေါင်းသုပ်က ပိုဆိုးသေးဗျ"

"ဝက်ဆို ဝေးဝေးရှောင်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ရှောင်ရမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



နော်”

“ဒါပေါ့ မငွေရည်ရယ်၊ ဦးလေးတို့တတွေ အစားသောင်းကျန်း လွန်းလို့ ရောဂါတွေ ထူပြောနေကြတာ၊ အသီးမှာသရက် အသားမှာဝက်ဆ ပြီး အားရပါးရ ဝါးမြိုနေကြတာတူမရဲ့၊ ငယ်သေးလို့ ဝမ်းမီးအားကောင် တုန်းမို့ပေါ့၊ တဖြည်းဖြည်း စားပါများလာတော့ ဝမ်းမီးညှိုလာတယ်၊ အစာ ကြေညက်တော့ဘူး။ လေးလံထိုင်းမှိုင်းလာပြီး အစာကြေဆေးတွေ စားကြ တယ်၊ ကြာတော့ လေငန်း၊ ဆီးချို၊ သွေးတိုးရောဂါတွေ ဖြစ်လာကြတာပေါ့”

“ဝက်သားကို တစ်လမှာ တစ်ကြိမ်လောက် စားရင်ကော”

“အင်း... တစ်လ တစ်ကြိမ်လောက် မစားရ မနေနိုင်ဘူးဆိုရင် တော့ စားရတာပေါ့ တူမရယ်၊ ဒါပေမယ့် အဝအပြဲတော့ မစားရဘူး။ အ လွန်အကျွံ မစားရဘူး ပြောတာ”

“နည်းနည်းပါးပါး စားရင် ဖြစ်တယ်ပေါ့”

“နည်းနည်းပါးပါး တစ်လမှတစ်ကြိမ်လောက် စားချင်စားပေါ့ မငွေရည်ရယ်၊ အစားမသောင်းကျန်းဖို့ အရေးကြီးပါတယ်၊ ကျောက်ပန်း တောင်းမြို့က စက်ဆရာကြီး ဦးဖိုလ်က ဦးလေးကိုပြောဖူးတယ်၊ သူတို့ အသိမိတ်ဆွေထဲကတဲ့၊ အသက် ၄၀ လောက်ရှိပြီတဲ့၊ အမျိုးသမီး၊ အဲဒီအ မျိုးသမီးက ဒညင်းသီးဆို မတရားကြိုက်ဆိုဘဲ တစ်နေ့တော့ ဒညင်းသီးအ လုံး ၄၀ လောက်ကို ပြုတ်သတဲ့၊ အုန်းနို့ဆမ်းပြီး တစ်ထိုင်တည်းနဲ့ အဝ စားပစ်လိုက်သတဲ့”

“ဟင်... တစ်ထိုင်တည်းနဲ့ ဒညင်းသီးအလုံး ၄၀ စားတယ် ဟုတ်လားဦး၊ ရောဂါရတော့မှာပေါ့နော်”

“ရောဂါရချိန်ကို မရလိုက်ဘူး၊ အဲဒီညမှာ သေရောတဲ့၊ နောက် တစ်ယောက် ရှိသေးတယ်၊ အဲဒီအမျိုးသမီးက ငါးသလောက်ပေါင်း ကြိုက်ဆို ပဲ၊ ငါးသလောက်ပေါင်းတယ်၊ ပုန်းရည်ကြီးသုပ်တယ်၊ အဲ တမာရွက်တို့သတဲ့ အဲဒါတွေကို စားကောင်းကောင်းအဝအပြဲစားပြီး အိပ်ပျော်သွားသတဲ့”

“သွေး တအားတက်သွားပေါ့နော်၊ ဘာဖြစ်သေးလဲဦး”

“အဲဒီအမျိုးသမီး အိပ်ပျော်သွားလိုက်တာ မနိုးသောအိပ်ခြင်းမျိုး နဲ့အိပ်ပျော်သွားသတဲ့ကွယ်”

“ဟောတော့... ဖြစ်မှဖြစ်ရလေ”

“မငွေရည်တို့ သတိထားရမှာက ဘယ်အရာမဆို အလွန်အကျွံ



ဘာမှမလုပ်ရဘူး တူမရဲ့၊ ဘယ်လောက်ပဲ မိမိနဲ့တည့်ပါတယ်ဆိုတဲ့ အစားအ စာဖြစ်ပါစေ၊ အလွန်အကျွံစားရင် ဘေးဥပါဒ်ရောက်တယ်၊ ဒါကြောင့် ရှေးက ပညာရှိများက အစားမသရမ်းနဲ့ တန်ဆေး လွန်ဘေးတဲ့ အလေးအနက်ထား ပြီး ဆိုမိန့်ခဲ့ကြတာ၊ အဲဒီတော့ ဦးလေးဆိုလိုချင်တာက မငွေရည်က ဆရာမ၊ ဆရာမဆိုတော့ တပည့်တပန်းတွေပေါတယ်၊ ကြုံရင် ကြုံသလို ကျန်းမာရေး အတွက် ဆေးတစ်ခွက်ဆိုတာလို့ ပြောပြပေးပေါ့၊ ကျန်းမာရေးပညာပေး ပြောဟောပေးပါ၊ မိမိနဲ့ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမတွေရှိမယ်၊ ဆွေမျိုး မိတ်ဆွေတွေ ရှိမယ်၊ ခဏခဏပြောပေး မငွေရည်ရဲ့၊ ဦးလေးတို့ ဘောလုံးက စားနည်း ဥပဒေတစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုရင် အကြိမ်ကြိမ်ထိုး ဖောက်ကစားကွက်ဆင်ပါများတဲ့အခါ တစ်ချိန်ချိန်မှာ ဂိုးရတတ်သည်တဲ့၊ ဒီလိုပါပဲ မကြာခဏ ကျန်းမာဖို့ ဓာတ်စာဆေးဝါးအကြောင်း၊ ရှောင်ရန် ဆောင်ရန်တွေ ပြောပါများလာရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နားလည်သ ဘောပေါက်ကြမှာကွဲ့”

“ဟော... ဟိုမှာ ဦးလူနာ ညှော်သည်တွေထင်တယ်၊ မြင်း လှည်းကြီး နဲ့ရောက်လာကြပြီ သမီးပြန်ဦးမယ်နော်”

❀ ❀ ❀

ဟင်္သာဒါးမဒီ အမိနို့ရည်

တနင်္ဂနွေနေ့ တစ်နေ့...။

ထုံးစံအတိုင်း စနေ တနင်္ဂနွေနေ့များဆိုလျှင် ရပ်ဝေးမှ လူနာများ လာတတ်ကြပါသည်။ တနင်္ဂနွေမှာတော့ တောင်တွင်းကြီးက သွေးတိုးရောဂါ ဖြစ်သူ တစ်ဦး၊ ရေနံချောင်းက ဆီးချိုဝေဒနာရှင်များလာသောအခါ ကျကျနန သဘောပေါက်နားလည်အောင် ပြောရ ဟောရပါသည်။ သူတို့ပြန်သွားကြပြီး ကျွန်တော်သည် ညှော်ခန်းမှာ လက်ဖက်ရည်ကြမ်း တစ်အိုးနှင့် ငြိမ်နေစဉ်...

“ဦး... အန်တီက သမီးဈေးသွားရင်း နှင်းဆီပန်း ဝယ်ခဲ့စမ်းပါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ ဝယ်လာတယ်ဦး။ အန်တီကော''

''မှာယ် ဟုတ်ပါ့ဗျာ၊ လှုလိုက်တဲ့ နှင်းဆီပွင့်ကြီးတွေ မငွေရည်က ဝယ်တတ်တာပဲ ရှင်မရေ။ ဟောဒီမှာပေါ့ မငွေရည် နှင်းဆီပန်းတွေ ဝယ်လာပြီကွ''

မီးဖိုချောင်တွင် ထမင်းဟင်းချက်ပြုတ်နေသော 'အိမ်သူ' အပြေးကလေး ထွက်လာပါသည်။

''လှုလိုက်တဲ့ နှင်းဆီပွင့်ကြီးတွေတော့ မငွေရည် ဘယ်လောက်ပေးခဲ့ရလဲ''

''ခြောက်ဆယ်ဖိုး အန်တီ၊ ရော့... ၃၀/ အန်တီက ကိုးဆယ်တန် ပေးလိုက်တာလေ''

''အေး... အေး''

အိမ်ရှင်မ ပန်းတွေ တစ်ပွေ့တစ်ပိုက်ဖြင့် အိမ်ထဲဝင်သွား၏။

''ညည်းအန်တီကတော့ သူ့မှာငွေရေးကြေးရေး ဘယ်လောက်ခက်ခဲခက်ခဲ ဘုရားပန်းကိုတော့ ဘယ်လောက်ကုန်ကုန် ကြံဖန်ပြီးဝယ်တာပဲ မငွေရည်ရဲ့''

''ဘုရားစင်မှာ ပန်းတွေနဲ့ဝေနေတော့ စိတ်ကြည်လင်တာပေါ့ ဦးရယ်''

''ညည်းအန်တီနဲ့ဦးလေး အကြောင်းပါတာ ၃၇ နှစ်ရှိပြီ၊ သူ့အသက် အခု ၅၃နှစ်ရှိပြီ၊ မိုးအလင်းကပြတဲ့ ဇာတ်ပွဲတစ်ခါမှကြည့်တာ မတွေ့ဖူးဘူး''

''ဟုတ်လား ဦး... အန်တီ မိုးအလင်းကပြတဲ့ ဇာတ်ပွဲ မကြည့်ဘူးပေါ့''

''လုံးဝမကြည့်ဘူး တူမ၊ ဒါကြောင့် သူ့မှာ ကျန်းမာနေတာနဲ့ တူပါရဲ့၊ ဇာတ်ပွဲကြည့်တယ်ဆိုတာ အိပ်ရေးသိပ်ပျက်တာ တူမရဲ့၊ တစ်ညလုံး ငုပ်တုပ်ထိုင်ကြည့်ရတာ ညောင်းတာပေါ့၊ ပြီးတော့ ဖုန်တစ်ထောင်းထောင်း ဆေးလိပ်မီးခိုး တစ်ထောင်းထောင်းနဲ့ လူနံ့ ချွေးနံ့ ပူစပ်ပူလောင် ကြီးပါကွယ်၊ ဒါကြောင့် ၁၂ လရာသီဇာတ်စာတွေ ဘယ်လိုပဲစားစား၊ အဲဒီလို အငြိမ့်ပွဲ ဇာတ်ပွဲ မိုးအလင်းကြည့်တဲ့ အလေ့ရှိသူဆိုရင် ကျန်းမာရေး ထိခိုက်တာပါပဲ''

''အန်တီက ဇာတ်ပွဲတွေ ဝါသနာမပါဘူးဆိုတော့ ရုပ်ရှင်တော့



ကြည့်မှာပေါ့နော်''

''အိမ်း အသက် ၃၅-၃၆ နှစ်လောက်တုန်းကတော့ တစ်ခါတစ်ရံ နိုင်ငံခြားဇာတ်ကားလေး ကောင်းတယ်ဆိုရင် ကြည့်တာတွေ့ပါရဲ့၊ အခု ၄၀ ကျော် ၅၀ ကျော်လာတော့ ဘာမှမကြည့်ဘူး တူမရဲ့၊ ဒါ့ကြောင့် ရုပ်ရှင်မင်းသား မင်းသမီးတွေ အိမ်လာတာတောင် ဘယ်သူဘယ်ဝါမှန်း မသိဘူး။ ဦးလေးကတော့ တူမသိတဲ့အတိုင်းပဲ၊ အနုပညာ ဝက်ဘာထဲ သွားလာနေသူဆိုတော့ ရန်ကုန်ရောက်တိုင် စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဆရာကြီးသာဓုသားတွေဖြစ်တဲ့ မောင်ဝဏ္ဏတို့ သုမောင်တို့နှင့်တတွဲတွဲ ရင်းရင်းနှီးနှီးနေတာ တူမရဲ့၊ တစ်နေ့တော့ ကိုသုမောင်က 'အကြင်တို့လင်မယား' ဆိုတဲ့ ရုပ်ရှင်ပိုစတာကြီးတစ်ရွက် ဦးလေးကိုပေးလိုက်တယ်၊ ဦးလေးကလည်း ကိုသုမောင်ကို ဂုဏ်ပြုတဲ့အနေနဲ့ အိမ်ရှေ့ညေ့ခန်းမှာကပ်ထားလိုက်တယ်၊ ၁၉၈၁ ခုနှစ်တုန်းက ကိုသုမောင်နဲ့ရုပ်ရှင်မင်းသား ကိုထွန်းထွန်းဝင်း မကွေးရောက်လာတယ်၊ အဲဒီတုန်းက မကွေးတိုင်း တရားသူကြီးအဖွဲ့ဝင် ဦးတင်ရွှေသူက သံလျင်မောင်တင်ရွှေဆိုပြီး စာရေးတယ်၊ ဦးတင်ရွှေကိုယ်တိုင် ကားမောင်းပြီး ကိုသုမောင်၊ ကိုထွန်းထွန်းဝင်းတို့ ဦးလေးအိမ် လိုက်ပို့သကိုး၊ ကိုသုမောင်နဲ့ကိုထွန်းထွန်းဝင်းတို့က ဦးလေးအိမ်မှာ လွတ် လွတ်လပ်လပ် တည်းမယ် ခိုမယ်၊ စားမယ် သောက်မယ် ဆိုပြီး အားခဲလာကြတာပေါ့၊ အိမ်နဲ့အိမ်ရှေ့ရောက်လို့ ကားပေါ်က ဆင်းတဲ့ပြီး ကိုဝင်းမြင့်-ဗျို့ ကိုဝင်းမြင့်နဲ့ အားရပါးရ ခေါ်တော့တာပဲ၊ အဲဒီအချိန်မှာ ဦးလေးသားတွေ သမီးတွေကလဲ ကျောင်းသွားနေကြတဲ့ အချိန်ကိုး၊ အိမ်မှာ အမျိုးသမီးတစ် ယောက်တည်းရှိတယ်၊ သူလည်း ထမီရင်လျားနဲ့ရေချိုးဖို့ ဟန်ပြင်နေတုန်း အိမ်ရှေ့ကခေါ်သံကြားလို့ တံခါးပေါက်က ချောင်းကြည့်ပြီး...

''ကိုဝင်းမြင့် အပြင်သွားပါတယ်၊ ဘာကိစ္စရှိပါသလဲ''

''ဟောဗျာ အပြင်သွားတယ်လို့ ကြာမှာလားဗျာ''

''ဟုတ်ကဲ့ရှင့်၊ တစ်ခါတစ်ခါ ကြာတတ်ပါတယ်''

''ဒုက္ခပါပဲဗျာ... ကဲဗျာ၊ ကိုဝင်းမြင့် ပြန်လာရင် ပြောလိုက်ပါ၊ ကျွန်တော်တို့လာတယ်လို့ ပြောပြပါ''

''ဘယ်သူလာတယ်လို့ ပြောပြရမှာလဲ''

''ဗျာ.... ခင်ဗျား ကျွန်တော့်ကို မသိဘူးလား၊ ဒီမှာ ဒီမှာ ဟောဒါက အကောင်လာတယ်လို့ ပြောလိုက်ဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုမောင်က ညှော်ခန်းထဲမှာကပ်ထားသည့် သူနှင့်မေခလာတွဲပြီး ရိုက်ထားသော ပိုစတာစာရွက်ကြီးကို လက်ညှိုးထိုးပြီးထွက်သွားကြသတဲ့ အဲဒီအကြောင်းတွေကို ဦးလေးအပြင်ကပြန်လာလို့ အမျိုးသမီးက ပြောပြ လို့သိရတာ မငွေရည်ရဲ့"

"ဦး ကိုသုမောင်တို့ကို လိုက်ရှာရတာပေါ့နော်"

"ဒါပေါ့ တူမရယ် ရှာရတာပေါ့။ နောက်ဆုံး သစ်လုပ်ငန်းစည်ရိပ် သာမှာ သွားတွေ့တယ်၊ ကိုဝင်းမြင့်ရယ် ခင်ဗျားအမျိုးသမီးက ကျုပ်ကို မသိဘူးတဲ့ဗျာ၊ သူနဖူးပုတ်ရင်း အားရပါးရရယ်ပြီး ပြောတယ်၊ ဦးလေးက လည်း ကိုသုမောင်တို့ကို အိမ်ခေါ်ပြီး ၃ ရက်ထမင်း ၆ နပ် ကျကျနန ဦး လေးအိမ်သူက ချက်ကျွေး လိုက်ပါသဗျာ။ အဲ အဲဒီတုန်းက ဦးလေးအိမ်သ ကြော်ကျွေးတဲ့ ဟင်းနုနွယ်ကို ကိုသုမောင် အကြိုက်ဆုံးပဲလို့ ပြောသွားတယ် တူမရဲ့"

"ရုပ်ရှင်မင်းသား ကိုသုမောင်က ဟင်းနုနွယ်ကြိုက်သလားဦး"

"သိပ်ကြိုက်တာပေါ့ကွယ်၊ ဟင်းနုနွယ်ရဲ့တန်ဖိုးကို သိတဲ့လူရှာ တယ် တူမရဲ့၊ ဟင်းနုနွယ်ရွက်ကို ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ဆီသတ်ပြီး ကြော်စားရင် သွေးအားနည်းရောဂါ၊ ဆီးအောင့်ရောဂါ၊ ဆီးကျောက်တည်တဲ့ ရောဂါတွေ ပျောက်တယ် မငွေရည်ရဲ့၊ ခုဆိုရင် မန္တလေးက ဟိုတယ်ကြီးမှာ ဟင်းနုနွယ်ရွက်ကြော် တစ်ပန်းကန်ကို ၃၀၀/–တောင် ရောင်းသကွဲ့"

"ဟုတ်လား ဦး"

"ဟုတ်တာပေါ့ကွယ်၊ တူမသိတဲ့အတိုင်း ဦးလေးက မန္တလေ ၃၄ လမ်းမှာ ၇၃ လမ်းနဲ့ ၇၄ လမ်းကြားပေါ့ကွယ်၊ အဲဒီမှာ ဆေးခန်းဖွင့်ထ တယ်၊ တစ်လကို တစ်ပတ်လောက်သွားပြီး ဆေးခန်းထိုင်တယ်၊ ဦးလေး သူများတွေ အိပ်ကောင်းတုန်းအချိန် လေးနာရီခွဲငါးနာရီလောက်ထပြီး တရ သိုလ်ကျောင်းဖက် လမ်းလျှောက်တယ်၊ အဲဒီကအပြန် မင်္ဂလာဈေး လျှော တယ်၊ မင်္ဂလာဈေးမှာတော့ အသီးအနှံ သိပ်မပေါဘူးတူမရဲ့၊ အဲ… တရုတ်တန်းဘေးကပ်လျှောက်တော့ တူမရယ် ကချင်မတွေရော တရု မတွေပါ ဝိုင်းအုံပြီး အလုအယက်လုပ်နေတာ ဘာလဲလို့ သွားကြည့်တော ဟင်းနုနွယ်တောင်ကြီးကို။ ဟင်းနုနွယ်ရွက် ရောင်းသူလည်း ကျီးက တောင်းမှောက် ရောင်းနေလိုက်တာ၊ ကြည့်စမ်း တရုတ်မတွေ ဘယ်လော အကာင်းပါးတုန်း။ ဟင်းနုနွယ်ရွက် တန်ဖိုးသိနေလိုက်တာ၊ နာရီဝက်အတွ



ပြောင်သလင်းခါရောကွ၊ ဦးလေးက အဲဒီလို ဟင်းသီးဟင်းရွက်တန်းမှာ ဘာမှမဝယ်ဘဲနဲ့ သူများဝယ်တာတွေကြည့်ပြီး ပျော်တတ်တဲ့ ဝါသနာရှိသ ကွဲ့"

"ဟင်းနုနွယ်ရွက်က နောက်ထပ် ဘာရောဂါတွေအတွက် ကောင်းသေးတုန်း'

"သားအိမ် အားနည်းတာ၊ သားအိမ်နာကျင်တာ ပျောက်သဗျ မီး ယပ်ဖြူ ဆင်းတာလဲ ပျောက်တယ်၊ သူ့အရွက်ကို ကြော်စားသုပ်စား ကြိုက် သလိုစား အလွန်တန်ဖိုးရှိတဲ့အစာ တူမရဲ့၊ ဦးလေးတို့ ကာလသားတုန်းက ရုပ်ရှင်မင်းသမီး အယ်လီဇဘက်တေလာဆိုတာ ရှိတယ်၊ အဲဒီမင်းသမီးက သူ့မျက်လုံးတွေ ကြည်လင်နေတာက ရေစင်ရေအေးကလေးကို နံနက်တိုင်း မျက်နှာသစ်ရင်း ခပ်ပေးတယ်တဲ့၊ အဲ… အသားအရေ ကြည်လင်တာက ဟင်းနုနွယ်ရွက်ကို အမြဲစားလို့တဲ့ တူမရဲ့၊ ဦးလေး မမေ့ဘူး၊ မှတ်ခဲ့ရဖူး တယ်"

"သမီးတို့ အမေကတော့ မကြာခဏ ပြောပါတယ်၊ သမီးဈေး သွားတဲ့အခါ ဟင်းနုနွယ်ရွက်ကလေး ဝယ်ခဲ့စမ်း ဝယ်ခဲ့စမ်းနဲ့၊ သမီးတို့ ကျောင်းစောင့် ဦးဖိုးအေး အိမ်နောက်ဘေးမှာ ဟင်းနုနွယ်ရွက်တွေ အများကြီး ဝက်တွေ တအားကြိုက်တာ၊ အဲဒါကြည့်ပြီး စားချင်စိတ်မရှိတာနဲ့"

"မငွေရည်နှယ် ပေါပေါများများတွေ့နေ မြင်နေရလို့ တန်ဖိုးမထား တာကို၊ ဒီမှာ မငွေရည် ဟင်းနုနွယ်ဟာလေ နို့မထွက်တဲ့မိခင်တွေ စားခိုင်း ကြည့် တအားနို့ရည်ပွားသကွဲ့၊ ပြီးတော့ သန္ဓေမမြဲတဲ့ အမျိုးသမီးတွေ ဟင်းနုနွယ်ပဥ္စင်ါးပါးပြုတ်ရည်ကို တစ်ပတ်လောက် သောက်ပေး၊ ကိုယ်ဝန် မြဲသကွဲ့"

"ဟုတ်လား ဦးလေး။ ဟန်ကျတာပဲ သမီးတို့ကျောင်းက ဆရာမ ဒေါ်ချိုချိုကို အဲဒီဆေးနည်းပေးရဦးမယ်၊ သူက ခဏခဏကိုယ်ဝန်ပျက်ကျ တယ် ဦးရဲ့"

"ပေးလိုက် တူမရေ ကိုယ်ဝန်မြဲတဲ့ဆေး တစ်ပါးပါပဲ၊ ကလေးမီး ဖွားပြီးလို့ နို့ရည်ကောင်းကောင်း မထွက်ရင်လဲ ဟင်းနုနွယ်ကိုကြော်စားသုပ် စားခိုင်း။ ရှားစောင်းလက်ပတ်ဟင်းခါးလေးနဲ့တွဲသောက်မယ်ဆိုရင် တရှမ်းရှမ်း ပေါ့ မငွေရည်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျလိုက်တာ ဦးလေးရယ်၊ ခုတလော ကမ္ဘာနဲ့အဝှမ်း သမီးတို့ မြန်မာနိုင်ငံအပါအဝင် မိခင်နို့ရည်တိုက်ကျွေးကြစို့၊ ဆော်ဩနေတာ တချို့သားသည် မိခင်များကျတော့လည်း တိုက်တော့ တိုက်ချင်တာပေါ့ နို့မထွက်လို့ ဒုက္ခရောက်နေကြတယ်၊ မိခင်နို့ရည်လောက် မွန်မြတ်တာ ကလေးကို ကျန်းမာစေတာ ဘာနဲ့မှနှိုင်းမရပါဘူးနော်၊ ဒါကြောင့် တုနှိုင်းမမီ အမိနို့ရည်လို့ ပြောကြတာ"

"ဒါပေါ့ မငွေရည်ရယ်၊ မိခင်နို့ရည်စို့ရတဲ့ကလေးဟာ မိခင်စိတ် ပိုကဲတယ်၊ အသိဉာဏ်လဲ ထက်မြက်စေတယ် မငွေရည်ပြောလို့ ပြောရဦး မယ်၊ မိခင်ရဲ့ရင်အုံထဲမှာ ရှိတဲ့သွေးဟာ နီရဲနေတာတူမရဲ့၊ အဲ မိခင်က ကလေးကိုနို့တိုက်ဖို့ပြင်လိုက်တာနဲ့တစ်ပြိုင်နက် နို့အုံထဲက သွေးအနီတွေဟာ ရွေ့လျားလာပြီး နို့သီးခေါင်းနားလည်းရောက်ရော ချက်ချင်း အဖြူရောင် ပြောင်းသွားတာ တူမရဲ့၊ အဲဒါမိခင်ရဲ့ဖြူစင်တဲ့ မေတ္တာစိတ်ကြောင့် သွေးဟာ အဖြူရောင်ပြောင်းသွားတာပဲ၊ ဒီနေ့ သိပ္ပံပညာရှင်တွေ အဲဒါကို အဖြေလုံးဝရှာ မရဘူး"

"မိဘမေတ္တာ ကြီးမားရန်ကောနော်"

"ကြီးမားတာပေါ့ မငွေရည်ရယ်၊ မိခင်ရဲ့ သွေး–ဖခင်ရဲ့သွေးနဲ့ ပေါင်းစပ်ပြီးဖြစ်လာတဲ့ အသွေးအသား။ အဲဒါ မိခင်က သွေးရင်က ဖြစ်တဲ့ သွေးနို့ရည်နဲ့တိုက်ကျွေးရာတယ်၊ ပြီးတော့ ရက်သားကနေ လသား လသား ကနေ တစ်နှစ်သား ၂ နှစ်သား စသည်ဖြင့်ပေါ့၊ နေတတ် ထိုင်တတ် စား တတ်သောက်တတ်အောင် သင်ပေးတယ်၊ ဒါကြောင့် လက်ဦးဆရာ မည် ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဖလို့ပြောတာပေါ့၊ ကန်တော်မင်ကျောင်းဆရာတော် က 'လေးကျွန်းထိပ်ခေါင်၊ မြင်းမိုရ်တောင်နှင့် ချိန်ဆောင်နှိုင်းလည်း အတိုင်းမ သိ၊ ကျေးဇူးရှိ၏' တဲ့"

"သမီးလဲ မှတ်ရဖူးတယ်၊ အင်္ဂလိပ်တရားသူကြီး လော့ဒီလင် ဒေးလ်ဆိုသူက ပြောတယ်၊ သူပြောတာက ကမ္ဘာလောကကြီးကို တစ်ဘက် အမေ့ကို တစ်ဘက်ချိန်ခွင်တွင်ထည့်၍ ချိန်ပါက အမေ့ဘက်က ဖောက်ထိုး ကြီးသာနေလိမ့်မယ်တဲ့"

"ဟာ အဲ့ဒါ ဦးတို့မြတ်စွာဘုရားက ဟောပြီးသား လွန်ခဲ့တဲ့နှစ် ပေါင်း ၂၅၀၀ ကျော်ကတိုင် ဟောတော်မူခဲ့သော မာတုပေါသထသုတ်မှာ



ဘယ်လိုဟောလဲဆိုတာ ယူဇန နှစ်သိန်းလေးသောင်းအထုရှိသော မဟာပ ထဝီမြေကြီးသည် မိဘမေတ္တာနှင့် နှိုင်းယှဉ်လိုက်ပါက ဝါးရွက်ငယ်တမျှသာ ရှိလေ၏တဲ့ဗျ၊ အဲ မိဘမေတ္တာကိုသိရုံနဲ့ မပြီးသေးဘူး။ လိုက်နာကျင့်သုံးဖို့လဲ လိုသဗျ၊ အမိအဖကို မသေမီ ကျွေးမွေးရုံနဲ့မပြီးသေးဘူး၊ အသက်ရှည် ကျန်းမာအောင် သားသမီးလုပ်သူက မျက်ခြေမပြတ် မွေးမြူစောင့်ရှောက်ရ မယ်ဗျ၊ မငွေရည် သဘောပေါက်ပြီလား"

"သမီး မိဘကို အနီးကပ်လုပ်ကျွေးပြုစုစောင့်ရှောက်ချင်လို့ ယောက်ျားမယူသေးတာပေါ့ ဦးရယ်"

"အေး ဟုတ်သားပဲ၊ သာဓု သာဓု ဒီနေ့တော့ တုနှိုင်းမမီ အ မိနို့ရည်အကြောင်း ဆွေးနွေးရင်း ရပ်နားကြဦးစို့"

❀ ❀ ❀

## အဆိပ်တို မြန်ရည်ရှက်ရည်စားနေကြတယ်

"ဦး. . . ."

"ဟော. . . မငွေရည်ပါကော"

"အမေက ဟင်းနုနယ်ရွက်ကြော်တွေ ဦးစားဖို့ ယူသွားဆိုလို့ ယူလာပါတယ်၊ ဦး ထမင်းစားပြီးပြီလား"

"ပြီးပြီ တူမရဲ့၊ ဒီနေ့ အန်တီက ဗယာကြော် ကြော်တယ်၊ ဗ ယာကြော် နှစ်ချပ်နဲ့ ထမင်းစားပြီးပြီ"

"ဟင်. . . ဦးကလဲ"

"ရပါတယ် မငွေရည်ရဲ့၊ ဟင်းနုနွယ်ကြော်ကို ရေနွေးကြမ်းနဲ့မြည်း ရတာပေါ့"

"မနေ့က ဦးက ဟင်းနုနွယ်ရွက် ဓာတ်စာအကြောင်းပြောတယ်၊ မိခင်မေတ္တာအကြောင်း ပြောတယ်၊ ဒါကြောင့် ဒီနေ့ သမီးအမေ့ကို ခါတိုင်း ထက်ပိုပြီး အိမ်မှုဝေယျာဝစ္စတွေ လုပ်ပေးနေရလို့နောက်ကျသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကျောင်းပိတ်ရက်မှာ ဓာတ်စာကြောင်းလည်း လေ့လာ အမေနဲ့အဖေကိုလဲ ပြုစုပေါ့ တူမရယ်၊ မိခင်ရှိတဲ့လူဟာ အင်မတန် ချမ်းသာတဲ့လူကွဲ့၊ မငွေရည်တို့ ဒီအသက်အရွယ်အထိ မအေနဲ့အတူနေရတာ ကုသိုလ်ကံကောင်းသကိုး၊ ဦးလေးတို့မှာ အမေမရှိတော့ဘူး၊ အမေ့ကို ဦးလေးသိပ်တမ်းတတာပဲ၊ ခုနများ ဦးလေးအမေ အသက်ရှင်ပြန်လာမယ်ဆိုရင်လေ သိန်း ၁၀၀ ပေးဖို့ မရရအောင် ရှာပေးပါရဲ့၊ ဒါကြောင့် မအေရှိတုန်း ကျကျနနလုပ်ကျွေး တူမရဲ့၊ စောစောပိုင်းက ဦးလေးလည်း ပျင်းပျင်းရှိတာနဲ့ မှတ်စာစာအုပ်ကလေး ပြန်ဖတ်ကြည့်နေတာ၊ ဦးလေးတို့ စာဆေးဆရာမကြီး ဒေါ်ခင်မျိုးချစ် ပြောတဲ့စကား သွားတွေ့တယ်"

"ဆရာမကြီး ဒေါ်ခင်မျိုးချစ်က ဘယ်လိုပြောလဲ ဦး"

"ဆရာမကြီးပြောတာက ဒီလိုတူမရဲ့ ရှေးအင်္ဂလိပ်လက်ထက်က မျက်နှာဖြူ အရာရှိကြီးတစ်ဦးဟာ 'ရွှေရိုး' ဆိုတဲ့ ကလောင်အမည်နဲ့ စာရေးသတဲ့၊ သူရေးတဲ့ စာအုပ်အဖွင့်မှာ ကျွန်ုပ်၏ မိခင်သို့ရည်ညွှန်းထားတယ်၊ ဘာကြောင့် မိခင်ကို ရည်ညွှန်းသလဲလို့မေးတော့ မြန်မာလူမျိုးတွေဟာ ထိတ်လန့်တဲ့အခါပဲဖြစ်ဖြစ် အံ့ဩတဲ့အခါဖြစ်ဖြစ် ဝမ်းသာတဲ့အခါဖြစ်ဖြစ် အမေကိုတမ်းတလေ့ရှိတယ်၊ ခု သူဟာလဲ ကြိုးစားအားထုတ် အမြတ်တနိုး စာအုပ်ဖြစ်လို့ သူ့မိခင်ကို ကျေးဇူးတင်တဲ့အနေနဲ့ ရည်ညွှန်းပါတယ်လို့ဆိုပါတယ်၊ သူ့စာအုပ်ဟာ ကမ္ဘာဖြန့်တာ၊ ဒါကြောင့် မြန်မာတို့ရဲ့ အမေလေးဆိုတာ ကမ္ဘာကျော် တဲ့စကားဖြစ်ပါသတဲ့"

"ဟာ ဟုတ်လား ဦး။ အမေလေး ဝမ်းသာလိုက်တာ ဦးရယ်၊ ဦးဆီက သမီးဓာတ်စာနည်းတွေ လာမေးတာဟာ မှန်တာပြောရရင် အဖေနဲ့အမေ အသက်ရှည်စေချင်လို့ ကျကျနန ပြုစုလုပ်ကျွေးချင်လို့ ဦးရဲ့ ခုတလော အဖေက ဘဲသားစားချင်တယ်ပြောတယ်"

"အင်း... လူကြီးဆိုတော့ ငယ်ငယ်ကလို ခံတွင်းမကောင်းတော့ဘူးပေါ့ တူမရယ်၊ စားမကောင်းတဲ့အခါ ဟိုဟာလေးစားချင်သလိုလို ဒီဟာလည်း စားချင်သလိုလို ဖြစ်တာပေါ့၊ လူကြီးကျေနပ်အောင် စားချင်ပါတယ်ဆိုတဲ့ ဘဲသားနည်းနည်းပါးပါးချက်ကျွေးလိုက်ပေါ့ကွယ်၊ သိပ်တော့ မတည့်ဘူး"

"ဘဲသား စားသင့်တဲ့လူက ဘယ်လိုလူမျိုးလဲ ဦး"

"ဘယ်လိုလူမျိုးမှ မစားသင့်ပါဘူးကွယ်၊ ဘဲက အအေးဓာတ်၊



အပုပ်ဓာတ်တွေ အားကြီးနေတာ ဘဲသားများများစားတဲ့လူ မျက်စိရောဂါဖြစ်မယ်၊ သွေးတိုးရောဂါ၊ အရေပြားရောဂါ ဖြစ်မယ်၊ သလိပ်ရောဂါ ချောင်းဆိုးသွေးပါ အဆုပ်နာဖြစ်သဗျ၊ ဘာပြုလို့လဲဆိုရင် ဘဲသား အပုပ်လွန်ပြီး အဆက်ကို ဆောင်တယ်၊ မျက်လုံးနာမယ်၊ အောင့်မယ်၊ ကိုက်မယ်၊ မျက်စိစူးမယ်၊ တိမ်စွဲမယ်၊ တိမ်စွဲနေတုန်း ဘဲသားကိုနေ့စဉ်ရက်ဆက် စားမယ်၊ အရက်ပါဖက်ပြီး သောက်မယ်ဆိုရင် မျက်စိတောင် ကွယ်သွားနိုင်တယ်၊ ယုံမရှိနဲ့ အလွန်ကြောက်စရာကောင်းတယ်"

"ဟုတ်လား ဦး။ ဟိုတယ်ကြီးတွေမှာ ဘဲကင်၊ ဘဲပေါင်း၊ ပဲငါးပိနဲ့ မြှတ်မြှတ်နိုးနိုး စားနေကြသတဲ့ ဦး ဟုတ်လား"

"ဟုတ်တာပေါ့ တူမရယ်၊ မသိနားမလည်တော့ အဆိပ်ကို အဆိပ်မှန်း မသိဘဲ နှစ်သက်ခုံမင်စွာ စားနေကြတာကိုး၊ အဆိပ်လို ချက်ချင်းဒိုးကျိုးမပေးလို့၊ ဒါပေမယ့် တဖြည်းဖြည်း ရောဂါဝေဒနာတွေ ဖြစ်ကြတာပေါ့၊ ဘဲသားကို သွေးသားမသန့်သူ ယားနာရှိသူ လုံးဝရှောင်ရမယ် တူမရဲ့"

"သွေးတိုးရောဂါ ရှိတဲ့လူနဲ့ ဘဲသား မတည့်ဘူးနေပ့ါနော်"

"ဘယ်တည့်လိမ့်မလဲ မငွေရည်၊ ဘဲသားဟာ သွေးတက်သကွဲ့၊ အထက်ကို အပုပ်ဆောင်တယ် ခေါင်းမူးမယ်၊ ခေါင်းနောက်မယ်၊ အဖျားရောဂါနဲ့လဲ မတည့်ဘူး တူမရဲ့၊ ဖျားပြီးလို့ ပျောက်ကင်းစ လူနာကို ဘဲသားကျွေးကြည့်ပါလား ချက်ချင်းကို ပြန်ဖျားရော"

"ဟောတော့ ဒါဖြင့်ရင် အဖေ့ကို ဘဲသားချက်ကျွေးလို့ မဖြစ်သေးပါဘူး ဦးရယ်"

"မကျွေးတာပဲ ကောင်းပါတယ် တူမရယ်၊ ဩော် တို့များ လူတွေ အဆိပ်ကို အဆိပ်မှန်း မသိဘဲ မြိန်ရည်ယှက်ရည် စားနေကြတယ်"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## ချွေးနဲ့သင်းပျံ့စေရမည်

"ဦး... ဒါ သမီးညီမလေး ကြည်ကြည်ဝေတဲ့"

"ဪ... ဟုတ်လား၊ မငွေရည် ညီမကို၊ သူတို့က ဘယ်မှ
နေတုန်း"

"မိတ္ထီလာမှာ နေပါတယ်ဦး၊ သီတင်းကျွတ် ကျောင်းပိတ်လို့
သမီးဆီလာလည်တာပါ၊ မိတ္ထီလာကောလိပ် ဒုတိယနှစ်ကျောင်းသူပါရှင့်"

"ဪ... ဟုတ်ပြီဗျာ၊ ကဲ ထိုင်ကြ၊ ရှင်မရေ ဟောဒီမှာပေ
မငွေရည်တို့ ညီအစ်မတွေ ရောက်လို့ပေါ့၊ အတော်ပဲ ဒီနေ့ မုန့်ဟင်းခါ
အိမ်မှာချက်စားသဗျ၊ ညည်းအန်တီက အချိုမှုန့်နဲ့အသား လုံးဝမပါဘဲ ပဲဟင်
ကို ချိုအောင် ချက်တတ်သကွဲ့"

မကြာမီ အိမ်သူသည် မငွေရည်တို့ ညီအစ်မစားရန် မုန့်ဟင်းခါ
ဖွယ်ဖွယ်ရာရာ ပြင်ဆင်လာသည်။

"မငွေရည် စား၊ မငွေရည် ညီမလေး နာမည်က"

"ကြည်ကြည်ဝေပါ အန်တီ"

"အေး... ကြည်ကြည်ဝေလဲ စားဟဲ့"

မငွေရည်တို့ မုန့်ဟင်းခါး စားသောက်ပြီးသောအခါ မငွေရည်
က....

"ဦး... သမီး ညီမလေး ကြည်ကြည်ဝေကော၊ ဦးကို မေးချ
တာလေး ရှိလို့တဲ့"

"မေးပျာ... ဘာမေးမလဲ"

"သမီး ချွေးထွက်တဲ့အခါ ချွေးနံ့မကောင်းဘူး ဦးရဲ့ အဲဒါ"

"အေး... ညည်း ဓမ္မတာသွေးကော မှန်ရဲ့လားဟဲ့"

"မှန်လှတယ် မဟုတ်ဘူး၊ တစ်ခါတစ်ခါ နည်းတယ်"



ညင်သာစွာ စမ်းသပ်ကြည့်ရင်း...

"ဓာတ်စာ စားရုံနဲ့ပျောက်ပါတယ်ဟယ်"

"ဟုတ်ကဲ့ရှင့်"

"ကင်ပွန်းရွက်နဲ့ငါး ချက်စားကွဲ့၊ ကန်စွန်းရွက်ချဉ်ရေဟင်း ချက်ကွဲ့၊ မန်ကျည်းမှည့်ကလေး ပါရမယ်နော်၊ မန်ကျည်းမှည့်က အပူအပုပ်အလွန်နိုင်တာ ကျောက်ဖရုံသီး ဟင်းလည်း ချက်စား၊ ကြည်ကြည်ဝေတို့အိမ်မှာ မန်ကျည်းမှည့်သုံးလေ့မရှိဘူး ထင်တယ်"

"ဟုတ်ကဲ့ရှင့် သုံးလေ့မရှိပါဘူး၊ မန်ကျည်းသီးစိမ်းတော့ ခဏခဏ ငါးပိချက် ချက်စားလေ့ရှိပါတယ်"

"အမယ်လေး ညည်းတို့ မန်ကျည်းသီးစိမ်း ငါးပိချက် ခဏခဏ စားတယ်လား ဟုတ်လား၊ ညည်းတို့ ရင်တွေဘာတွေ ကျပ်ကုန်တော့မှာပဲ"

"ဟုတ်ကဲ့ရှင့် ဟိုတလောက မန်ကျည်းသီးစိမ်း ငါးပိချက် စားကောင်းကောင်းနဲ့ ၄-၅ ရက် ချက်စားပစ်တာ တစ်အိမ်လုံး ရင်တွေကျပ်ပြီး ကျွန်မတို့ တစ်ပတ်လောက် အိပ်ယာထဲလဲတာ"

"အေး... တူမ မကြည်ကြည်ဝေရေ၊ မန်ကျည်းသီးစိမ်းတော့ မစားနဲ့ပေါ့၊ မန်ကျည်းမှည့်ကိုတော့ ဒီကအပြန် ၅၀ သားလောက် ဝယ်ထား၊ ခဏခဏ ချဉ်ရေဟင်းချက်စားကွဲ့၊ အပူအပုပ်နိုင်တဲ့ဆေးပဲ၊ ဆိတ်ကလီဆာထဲကို မန်ကျည်းမှည့်ကလေး ကွမ်းသီးလုံးလောက် ထည့်ချက်ကြည့်ပါလား လုံးဝ မညှီတော့ဘူး"

"သမီးနဲ့ ဦးဖော်တဲ့ ကြိတ်မုန့်ရွက်ယိုလေး ထည့်မှာပေါ့နော်"

"ထည့်တာပေါ့ တူမရယ်၊ အဲဒီကြိတ်မုန့်ရွက်ကို နေရိပ်မှာ ခြောက်လှန်း၊ အမှုန့်ကြိတ်ပေါ့၊ ရှားစောင်းလက်ပတ် အနှစ် ၂၀ သား၊ ထန်းလျက်မ ၃၀ သား၊ ကြက်သွန်နီက ၁၀ သား မန်ကျည်းမှည့်ကို သင်းရုံထည့်ကြို ကြွက်မြီးတန်းတော့ မီးဖိုပေါ်ကချကွဲ့၊ ကြိတ်မုန့်ရွက် အမှုန့် လက်ဖက်စားဇွန်းတစ်ဇွန်း မောက်မောက်ထည့်ပြီး မွှေပေး၊ ပြီးတော့ စမုန်မျိုး ငါးပါး ၁ သားလောက်လည်း ထည့်ရမယ်ကွဲ့၊ ပျားရည်က အကြမ်းပန်းကန် တစ်ဝက်သာထည့်၊ ဖန်ပုလင်းထဲ ထည့်ပေါ့လေ၊ အပေါ်က နှမ်းဆီတစ်ဇွန်း လောက် လောင်းထည့်ရဦးမယ်၊ ဒါမှ တာရှည်ခံမယ်၊ မှိုမတက်တော့ဘူး၊ အဲဒါကို နံနက်တစ်ကြိမ် ညတစ်ကြိမ် စားပေးကွဲ့၊ တစ်ကြိမ်စားရင် လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



စားဖွန်း နှစ်ဖွန်းစား"

"သမီး ချွေးနံ့ပျောက်မှာလား ဦး"

"ပျောက်တာပေါ့ မကြည်ကြည်ဝေရယ်"

"တခြား ဆေးရှိသေးလား ဦး"

"ညည်းက ဆေးစားချင်လို့လား ဆေးစားချင်ရင်လည်း ရပါသဗျာ၊ ဦးလေးတို့ အစိုးရတိုင်းရင်းဆေးခန်း နံပါတ် ၁၆ အပူငြိမ်းသွေးဆေးဆိုတာ ရှိတယ်၊ အဲဒီအပူငြိမ်းဆေးက လက်ဖက်စားဖွန်း နှစ်ဖွန်း။ ကံ့ကော်ဝတ်ဆံက တစ်ဖွန်းမောက်မောက်ရောပြီးသောက်၊ အဲဒီလည်း ချွေးနံ့ပျောက်တာပဲ"

"တကယ်လား ဦး"

"ချွေးနံ့ဟာ မွှေးပျံ့လာစေရမယ် စိတ်ချ"

ကြည်ကြည်ဝေ၏မျက်နှာသည် ဝင်းပလာသည်ကို သတိပြုလိုက်မိပါသည်။

"ဦး ကံ့ကော်ဝတ်ဆံက ဘယ်မှာရမှာလဲ"

"ပရဆေးဆိုင်တွေမှာ ပေါပါတယ် တူမရယ်"

"တိုင်းရင်းဆေးခန်းသုံး နံပါတ် ၁၆ အပူငြိမ်းသွေးဆေးကို ဘယ်လိုဖော်ရမှာလဲ ဦး"

"အပူငြိမ်းဆေး အဆင်သင့်ဖော်ပြီးသား ဦးဆီမှာ ရှိပါတယ်ကွယ်၊ ကြိုက်သလောက် ယူသွားစမ်းပါ"

"နေပေစေ ဦး။ ဆေးဖော်နည်းသာပေး။ သမီးတို့ အမြဲတမ်းစားသွားချင်လို့"

"ဒါဖြင့်ရင်လည်း ဆေးနည်း ရေးပေးရတာပေါ့"

အစိုးရတိုင်းရင်းဆေးခန်းသုံး နံပါတ် ၁၆

အပူငြိမ်းသွေးဆေး

| | |
|---|---|
| ဇာတိပ္ဖိုလ်သီး | ၈ ပဲသား |
| ပန်းနု | ၈ ပဲသား |
| ပန်းမ | ၈ ပဲသား |
| ကွတ္တရာသခ်ေ | ၈ ပဲသား |
| ဇီရာ | ၈ ပဲသား |



| | |
|---|---|
| ဆေးပုစွန်ထုပ် | ၈ ပဲသား |
| ဖာလာငယ် | ၈ ပဲသား |
| ရှိးတုံ | ၈ ပဲသား |
| ချောင်းကြား | ၈ ပဲသား |
| စေးမခန်း | ၈ ပဲသား |
| လေးညှင်း | ၈ ပဲသား |
| ကြံ့သွေး | ၈ ပဲသား |
| ဒန္တကူးနီ | ၄ ကျပ်သား |
| နံ့သာဖြူ | ၄ ကျပ်သား |
| နွယ်ချို | ၅ ကျပ်သား |
| နံ့သာနီ | ၅ ကျပ်သား |
| ကံ့ကော်ဝတ်ဆံ | ၅ ကျပ်သား |
| သကြားခဲ | ၅ ကျပ်သား |

စုစုပေါင်း အလေးချိန် ၃၅ ကျပ် ၈ ပဲသား။

"ကဲ.. ရော့ပါဗျာ၊ ဆေးနည်း။ အဲ.. တစ်ခုသတိထားရမှာက ဒီဆေးရဲ့ အရသာက ချိုအေး ဆိမ့်ဖန်ဆိုတာ မမှတ်သွားပေါ်ခါနီး ပေါ်ဆဲအချိန်မှာ မသောက်နဲ့ပေါ့ ဟုတ်လား။ သွေးရပ်တန့်သွားတတ်တယ်"

"ဦး ဒီဆေးနဲ့ ကံ့ကော်ဝတ်ဆံတွဲပြီး သပိးဘယ်နှစ်လလောက် စားရမှာလဲဟင်"

"စားပါ တူမရယ်၊ ညည်းတစ်လလောက် စားလိုက်ရင် ချွေးနံ့ဟာ သင်းပျံ့လာပါစေမယ်"

"ကျေးဇူးတင်ပါတယ် ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



## သွေးကစကားပြောသည်

"ဟဲ့.. မငွေရည် ညည်းလက်ထဲက အထုပ်ကြီးကဘာထုပ်ကြီးလဲဟဲ့"

"မိတ္တီလာက ကြည်ကြည်ဝေက ဦးကိုကန်တော့လိုက်တဲ့ လက်ဖက်ခြောက်ထုပ်ကြီး ဦးရဲ့၊ သူ ဦးကို သိပ်ကျေးဇူးတင်နေရှာတယ်၊ ချွေးနုံ့ပျောက်သွားပြီတဲ့၊ ဦးပေးလိုက်တဲ့ဆေးကို ကုမ္ပာရီအမျိုးသမီးကလေးများအတွက် ချွေးနုံ့ပျောက်ဆေးဆိုပြီး ဖော်ရောင်းမယ်တဲ့ ဦး"

"ရောင်းဗျာ၊ ရောင်းတော့ အလွယ်တကူ ဝယ်သူအသုံးပြုကြရတာပေါ့"

"ဦး သမီးကို ဓာတ်စာ စားနည်းအကြောင်း သင်ပေးသလို သွေးစမ်းနည်းလဲ သင်ပေးပါဦး"

"ဘာ... မငွေရည် သွေးစမ်းနည်း ဟုတ်လား"

"ဟုတ်ကဲ့ ဦး"

"လွယ်ပါတယ် မငွေရည်ရယ်၊ သွေးစမ်းတာ မခက်ပါဘူး၊ နည်းနည်းလေးတော့ စိတ်ရှည်ရမယ်နော်၊ ကဲ.... မှတ်ဗျ"

ရောဂါရှာရန် နည်းအတန်တန်
ကျမ်းဂန်မိန့်အဆို..
သွေးစမ်းသည်သာ၊ တိကျကာ
သေချာမှတ်ကြလို့..

"သွေးစမ်းတယ်ဆိုတာ ဘာရောဂါဖြစ်နေသလဲဆိုတာ သိဖို့သွေးစမ်းတာ မငွေရည်ရဲ့"

"သွေးစမ်းတဲ့အခါ သိမှုလေးဖြာရှိတယ်၊ ရောဂါဖြစ်မှု၊ ဆေးသိမှု၊ ဓာတ်သိမှု၊ ကုထုံးသိမှုတဲ့၊ သွေးစမ်းမယ့် ဆေးဆရာဟာ တည်ကြည်တဲ့ သမာဓိရှိရမယ်၊ ဒါမှ တိကျပြတ်သားတဲ့ ဉာဏ်အမြင်ရမှာကိုး၊ အဲ သိပ္ပံဆေးပညာရှင်များကလဲ သိပ္ပံကိရိယာတွေနဲ့စမ်းသပ်ပြီး ရောဂါရှာဖွေကြတာပါဘဲ၊ လူ့ခန္ဓာကိုယ်မှာ အဓိကအကျဆုံးက သွေးတို့၊ ကဲ.. အဲဒီတော့ သွေးစမ်းဆောင်ပုဒ်လင်္ကာကလေး မှတ်လိုက်ဦး"



သွေးစမ်း သွေးပြည့်၊ နှစ်ပါးရှိ တွေ့မည့်ဝေဒနာ၊
လက်မရင်းကို သွေးစမ်းဆို၊ ကြည့်ရန် လက်သည်းမှာ။

"သွေးစမ်းတော့မယ်ဆိုရင် ပထမဆုံး လက်သည်းကိုကြည့်လိုက်ဦး၊ လက်သည်းဟာ ခန္ဓာကိုယ်အိမ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ရောဂါတွေကိုကြည့်ဖို့ တံခါးပေါက်ပဲ၊ အဲဒီလက်သည်းမှာ သွေးအပြည့်မလျှောက်တဲ့အကြောင်းရင်းက အကြောလမ်း ကျဉ်းခြင်း ကျယ်ခြင်း၊ ကောက်ခြင်း၊ ကွေ့ခြင်း အဆီအစေး ပိတ်ဆို့မှုရှိခြင်းတို့ကြောင့်ပေါ့၊ သွေးကြော လေကြောကိုစမ်းသပ်တဲ့အခါမှာ လက်ရဲ့လက်မရင်း ယာဘက်က သွေးကြော၊ လက်သန်းရင်းဘက်က လေကြောလို့မှတ်၊ ကဲ– ဦးလေး လက်တွေ့စမ်းပြမယ်၊ မငွေရည်လက်ကလေးပေး၊ တင်းမထားနဲ့၊ ပုံမှန်နေ ဟုတ်ပြီ၊ သွေးထဲကို လေဒါသဝင်ရောက်နှောင့်ယှက်တဲ့အခါ သွေးဟာ ကောက်ကောက်ကွေးကွေးနဲ့မြွေလိုသွားတယ်ကွဲ့၊ ပြီးတော့ သွေးဟာ မြွေလိုမသွားဘဲ ဆောင့်ဆောင့်တိုးရင် မီးယပ်သွေးချုပ်မယ်၊ အဆစ်အမြစ်ကိုက်မယ်၊ လက်ပြင်ကြောလည်း အောင့်မယ်၊ တစ်ခါ ကျီးငှက်သွားသလို ခုန်ဆွခုန်ဆွနဲ့ သွေးလုံးပုကို စမ်းမိရင်အပူနင်းဖျား ဝင်နေပြီဆိုတာ သိရမယ်"

"ဟုတ်ကဲ့ရှင့်"

"သွေးကြောထဲကို သလိပ်ဒေါသဝင်နေရင် ဟင်္သာများသွားသလိုဖြည်းဖြည်းလေးလေးနဲ့သွေးလှည့်ပတ်နှုန်းဟာ လေးတယ်၊ လှုပ်ရှားမှုနည်းတော့ တော်တော်သတိထား စမ်းယူရတယ်၊ အဲဒါ အအေးဖျား မီးယပ်ငုပ်တာပေါ့၊ သလိပ်နာပန်းနာ ရင်ကျပ်သူတွေကို အများဆုံးတွေ့ရတတ်တယ်၊ အဲဒါမှတ်ထားပေတော့၊ ဆေးပညာဆိုတာ မှတ်ရတယ် ကျက်ရမယ် တူမရဲ့၊ အဲ သွေးစမ်းလင်္ကာက ဒီလိုဆိုပြန်တယ်"

ဒေါသသုံးတန် သွေးတိုးဟန် မှတ်ရန်ပမာပြ၊
မြွေကျီးဟင်္သာ သွားအလာ စဉ်ကာနည်းယူကြ။

"ဦး သွေးစမ်းတဲ့အခါ အမျိုးသား လက်ယာအမျိုးသမီးလက်ဝဲဆို"

"ဟုတ်တယ် မငွေရည်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလို မြန်မာသမားတော်တွေ ကိုယ်ဝန်တည်စ ဗိုက်မပေါ်သေး သွေးစမ်းကြည့်တာနဲ့သိတယ်ဆို"

"သိတာပေါ့ မငွေရည်ရဲ့"

"အဲဒီနည်း သမီးကို ပြောပြပါဦး"

"ဟုတ်ပြီ ရမယ် ပြောပြမယ်၊ အဲဒီကိုယ်ဝန် ရှိမရှိ သွေးစမ်းနည်း ဦးလေး အလွယ်တကူ ရခဲ့တာမဟုတ်ဘူး မငွေရည်၊ မကွေးနဲ့ ၁၄ မိုင် လောက်ဝေးတဲ့ ယင်းဆိပ်ရွာက ဆေးဆရာကြီး ဦးကျော်ရှိန်တဲ့၊ သူ့ဆီက တာ၊ သူက ခုလို မငွေရည်ကို သွေးစမ်းနည်းကို လွယ်လွယ်ပေးတာမျိုး မဟုတ်ဘူး၊ ဦးကျော်ရှိန်ရှိတဲ့ ရွာကို ဦးလေး မကြာခဏ သွားရတယ်၊ ဦးကျော်ရှိန် နှစ်သက်တတ်တဲ့ပစ္စည်းကလေးတွေ ဝယ်ပေးရတယ်၊ ရင်းနှီး ကျွမ်းဝင်ပြီဆိုမှ ပေးတာနော်၊ ဒါတောင် ဦးလေးက မေးလွန်းလို့ ပြောပြသင်ပြ ပေးတာနော်၊ ဒီလို မငွေရည်ရဲ့၊ ကိုယ်ဝန်ရှိ မရှိ စမ်းသပ်တဲ့အခါ အဲဒီ အမျိုးသမီးရဲ့ လက်ဖဝါးအလယ်ခေါင်တည့်တည့်ကို စမ်းရတာ"

"ဟုတ်ကဲ့ရှင့်"

"လက်ဖဝါးအလယ်ခေါင်ကို ညင်ညင်သာသာကလေး ဖွဖွကလေး စမ်းလိုက် သွေးတိုးတာတွေ့ရင် အဲဒါကို ကိုယ်ဝန်သွေးဘဲ၊ ဟိုတုန်းက ဦးလေး သွေးစမ်းပညာ အရှုံးအမှုး လေ့ကျင့်ရတုန်းက ညည်းအန်တီ လက်ဖဝါးကို ခဏခဏ ယူစမ်းမိတယ်၊ မိန်းမရေ မင်းမှာကိုယ်ဝန်ရှိနေပြီကွလို့ ပြောရင် ပြော် တယ်သိ၊ ဗိုက်ကြီးတစ်ထောင်လောက် စူထွက်နေတာကို လက်သွေးစမ်းနေရသေးတယ်၊ တယ်တော်တဲ့ဆရာ၊ မှန်းစမ်းပါ၊ အဝတ်တွေ လျှော်စရာရှိသေးတယ်နဲ့ ဦးလေးကိုတွန်းဖယ်သွားတော့တာဘဲဟေ့၊ ဦးလေးက သူ့ဗိုက်ထွက်နေတာတွေ ဘာတွေ သတိထားတာ မဟုတ်ဘူးလေ၊ အဓိက လက်ဖဝါး အလယ်ခေါင်မှာ သွေးတိုး မတိုးကြည့်နေတာကိုး၊ အဲ တစ်ခါတစ်ခါ စမြင်းခံတဲ့ အမျိုးသမီးများကိုလည်း ခပ်ဆင်ဆင် သွေးတိုးပုံ တွေ့ရသကွဲ့၊ တကယ်လို့ ကိုယ်ဝန်ရှိ မရှိ စမ်းသပ်တဲ့အခါမှာ လင်ရှိမိန်းမဆို ကိစ္စမရှိဘူး၊ အပျိုဆို သိပ်သတိထားရတယ်နော်"

မငွေရည်သည် သွားဖွေးဖွေးကလေးပေါ်အောင် ပြုံးရယ်နေသည်။

"ဦး.. ပယောဂ သွေးကကော ဘယ်လိုတုန်း"

"ပယောဂသွေးလား၊ အဲဒါက သုံးခုစမ်းရတယ် မငွေရည်ရဲ့၊ လက်ခွ၊ လက်မအဆစ်၊ လက်ညှိုးအလယ်၊ အဲဒီသုံးနေရာစမ်းရတယ်၊ သွေး



လုံးတွေ့ရင် ပယောဂသွေးလို့ မှတ်ဗျ"

"သွေးစမ်းပညာက ကျယ်ဝန်းလိုက်တာနော်"

"ကျယ်ဝန်းတာပေါ့ မငွေရည်ရယ်၊ ဆေးသမားဆိုတာ လွယ်လွယ်မဖြစ်ဘူး၊ သွေးစမ်းပညာကို သင်ကို သင်ရတယ်၊ ဒါမှ ရောဂါကို ဒက်ခနဲတွေ့မှာ၊ အနာသိဖို့ သွေးစမ်းတာလေ၊ အနာသိ ဆေးရှိပြီပေါ့"

"ဦး သမီးကို သွေးစမ်းကြည့်ပါဦး"

မငွေရည်က သူ့လက်ကလေးကို ထိုးပေး၏။ မငွေရည်ရဲ့လက်သည်းကလေးတွေ မကြည်မလင်။ ပြီးတော့ သွေးသွားပုံကလည်း မြွေလိုပါပဲလား။

"မငွေရည် ညည်း လက်ပြင်ကြော အောင့်နေတယ် မဟုတ်လား"

"ဟုတ်တယ် သမီးညက စောင်မခြုံဘဲ အိပ်လိုက်ပိလို့ အအေးပတ်ပြီး လက်ပြင်ကြောအောင့်နေတယ်"

"အင်း.. ဒါကြောင့်ကိုး"

"ဦးက သွေးစမ်းရုံနဲ့သိတယ်နော်"

"သိတာပေါ့ မငွေရည်၊ သွေးက စကားပြောတယ်လေ"

## ဆေးဆရာ၊

( ၁ )

"ဦး..."

"ဟော.. မငွေရည်တို့ပါကော သာဗျာ လာဗျာ"

မငွေရည်နှင့်အတူ အသက် ၂၀ ကျော် လူငယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပါလာသည်။

"ဦး. . . ဒါက ကျွန်မမောင်လေးလေ သူက မိတ္ထီလာမှာနေတယ် ကြည်ကြည်ဝေ အထက်ပေါ့ မောင်လှဦးတဲ့"

"ဟုတ်ပြီဗျာ ဟုတ်ပြီ ကဲ မောင်လှဦးကို ဦးဘာအကူအညီပေးရမလဲ"

"ဦး. . . သူက ဖားကန့်ကို အလုပ်သွားလုပ်ချင်လို့တဲ့ ဖားကန့်မှာ ငှက်ဖျားမဖြစ်ရအောင် ငှက်ဖျားကာကွယ်ဆေးကလေး လိုချင်လို့တဲ့"

"ငှက်ဖျားကာကွယ်ဆေးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"ရပါ့ဗျာ"

"ဦး ဘယ်တော့လောက် ဖော်ပေးမလဲ"

"တစ်ပတ်လောက်စောင့်၊ ဦးလေးဖော်ပေးမယ်"

( ၂ )

တစ်ပတ်လောက်ကြာသောအခါ မငွေရည်တို့မောင်နှမနှစ်ယောက်ရောက်လာ၏။

"ဦး. . . ငှက်ဖျားကာကွယ်ဆေး ဖော်ပြီးပြီလား"

"ပြီးပြီ၊ ဟော ဟို စားပွဲပေါ်မှာ"

"ဦး. . . ဒါ သမီးတို့ ဘယ်လောက်ကန်တော့ရမှာလဲ"

"နေပေစေ မငွေရည်၊ ဒီဆေးက ဆေးပစ္စည်းတွေ သိပ်တန်ဖိုးမကြီးပေမယ့် ဆေးကောင်းကွဲ့၊ ငှက်ဖျားလည်း ကာကွယ်တယ်၊ ငှက်ဖျားဖြစ်နေရင်လည်း ပျောက်တယ်"

"ငှက်ဖျားက ပိုးကြောင့်ဖြစ်တာဆို ဦး"

"ဟုတ်တယ် အနောက်တိုင်းကတော့ ငှက်ဖျားပိုးလေးမျိုးတောင် ခွဲပြထားတယ်"

Plasmodum Vovox
Plasmodum Ovale
Plasmodum Malarise



Plasmodum Falciparun

"အဲဒီလိုရောဂါပိုးတွေ သွေးထဲမှာ တွေ့ရသတဲ့၊ ဒါက သမုဒ္ဒိနယ်ပယ်မှာ မိုက္ကရိုစကုပ်နဲ့မြင်ရတာ ပြောတာကိုး၊ ဦးလေးတို့ တိုင်းရင်းဆေးအမြင်က တုန်ပြီး ရက်ဆက်ဖျားတဲ့ ငှက်ဖျား

ရက်ချန်ဖျား ငှက်ဖျား

အေးပြီးဖျားတဲ့ ငှက်ဖျား၊ ပူပြီးဖျားတဲ့ ငှက်ဖျား. . .

ဒီနှစ်မျိုးပဲတွေ့ရတယ်၊ ဘယ်လိုငှက်ဖျားပဲဖြစ်ဖြစ် ချွေးတွေတအား ထွက်လာပြီး အဖျားကျသွားတာပါပဲ"

"ငှက်ဖျားတိုင်း ဒီလိုပဲပေါ့နော်"

"ဟုတ်တယ်၊ ချွေးထွက်ရင် အဖျားကျတယ်၊ ဒါကို လက်ခံမြင်တတ်ရမယ်၊ အဲဒီတော့ ခန္ဓာကိုယ်ချွေးပေါက်က ချွေးတွေထွက်အောင် ထွက်နိုင်အောင် ဖွင့်ပေးရမှာပေါ့၊ ချွေးထွက်နိုင်ဖို့က ခန္ဓာကိုယ်မှာ ချွေးဓာတ်လိုတယ်၊ အဲ. . . အဲ ရေဓာတ်လိုတယ်ပေါ့၊ ဦးလေးပြောတာ ဒီအထိ သဘောပေါက်ပြီနော်"

"ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ"

"ဟုတ်ပြီ၊ ဒီတော့ကော ဦးလေးတို့ တိုင်းရင်းဆေးဆရာကြီးတွေက ကြံဆကြတယ်၊ ဘယ်လိုကြံဆတုန်းဆိုတော့ ဆေးပစ္စည်း ခြောက်မျိုးလောက်ကို စုဆောင်းလိုက်ကြတယ်"

ကန့်

ကျောက်ဆေးခန်း

ငရုတ်ကောင်း

မဖောက်ထုံး

စမုန်နက်

ပိတ်ချင်း. . .

"အဲဒီ ခြောက်မျိုးကို ဆေးပစ္စည်းတစ်မျိုးစီရဲ့ စွမ်းရည်အာနိသင်တွေ ခွဲထုတ်ပြမယ်နော်"

"ကန့်. . . ကိုယ်တွင်းခွန်အားကို ကောင်းစေသတဲ့၊ ကျောက်ဆေးခန်း. . . အပူအအေး မျှတစေတယ်ကွဲ့၊ ငရုတ်ကောင်း. . . သွေးအဖြစ်အကြေး အပူဓာတ် အပြင်ကိုထွက်စေသကွဲ့၊ ဆီး အညစ်အကြေးကိုလည်း အပြင်ကိုထွက်စေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဖောက်ထုံး... ခန္ဓာကိုယ်တွင်းမှာပူနေတာကိုအေးစေပြီး အေး နေရင်လည်း ပူစေတဲ့ သတ္တိရှိသကွဲ့၊

စမုန်နက်... လေအားကောင်းစေတယ်၊

ပိတ်ချင်းသီး... သွေးအားဖြစ်စေတယ်၊ သွေးအညစ်အကြေး ပယ်စေတယ်၊ အဲဒီခြောက်မျိုးစွမ်းအင်က ငှက်ဖျား မဖျားမီ တစ်ရွေးသား လောက်ကို ရေနွေးပူပူနဲ့ သောက်ရမယ်၊ သုံးနာရီခြားပြီး တစ်နေ့သုံးကြိမ် သောက်၊ ငှက်ဖျားကိုကာကွယ်တဲ့အနေနဲ့ကတော့ တစ်နေ့ကိုတစ်ကြိမ်ပဲ သောက်ရမယ်၊ ကဲ... ဘာသိချင်သေးလဲ"

"ဟိုနိုင်ငံ ဒီနိုင်ငံက လာတဲ့ငှက်ဖျားပြတ်ဆေးတွေကော သမီးတို့ သုံးသင့်ပါသလား"

"အေးပေါ့လေ၊ သူတို့က လွယ်လင့်တကူ လုပ်ပေးထားတာကိုး ကမ္ဘာ့ဆေးဝါးတွေက ဦးလေးတို့လိုသစ်ဥသစ်မြစ်သစ်ရွက်တွေကို စုပေါင်းအ မှုန့်ကြိတ်ထားတာမဟုတ်ဘူး ဓာတ်ဆေးတွေကွဲ့၊ ဓာတုဆေးဝါးဆိုတာက ဓာတ်တစ်ခုတည်းကိုကွက်ပြီးယူတာ၊ သူတို့က ဆေးကိုကမ္ဘာ့ဖြန့်တာဆိုတော့ တန်နဲ့ချီပြီး လိုတာ၊ လိုတဲ့ဓာတ်ကို ကွက်ထုတ်ယူတယ်၊ ဒါကြောင့် အ ထိန်းအကွပ်မပါတော့ဘူး အထိန်းအကွပ်မပါတဲ့ ဆေးကို သုံးစွဲတဲ့အခါ အဖျားတော့ ပြတ်ပါရဲ့၊ နှလုံးတုန် ကျန်ရစ်တယ်၊ ဥပမာ တစ်ခုပြောရဦးမယ် ဘုမ္မရာဇာဆိုပါတော့ ဘုမ္မရာဇာထဲက သွေးကျစေတဲ့ဓာတ်ကို တွက်ပြီးတော့ ထုတ်ယူကြတယ်၊ ဘုမ္မရာဇာ သဘာဝပစ္စည်းကို လိုသလောက် မရနိုင်တော့ အတုအငှား ပစ္စည်းတွေထုတ်ပြီး သုံးလာတယ်၊ သုံးစွဲတဲ့လူ ဆေးဒဏ်ခံ တော့တာပေါ့၊ ဦးလေးတို့ တိုင်းရင်းဆေးက အထိန်းအကွပ်ပါတယ်လေ သဘာဝပစ္စည်းတွေကိုး စုပေါင်းအာနိသင်တွေ ပါတယ်၊ ဒါကြောင့် ေ ကင်းတယ်"

"ဦး... စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်ကလည်း ငှက်ဖျ ပြတ်ဆေးနည်း ရေးထားတယ်၊ သမီး စာအုပ်တစ်အုပ်ထဲမှာတွေ့လို့ ကူးထ လိုက်တယ်"

"လက်ဖက်နဲ့ ငရုတ်ကောင်း မဟုတ်လား"

"ဟုတ်တယ် ဦး၊ ဟုတ်တယ်"

"အဲဒီဆေးမြီးတိုကို ဦးလေးမိတ်ဆွေပါပဲ၊ မန္တလေးမြို့က ငွေထ သုံးလက်သေတ္တာဆိုင်က ဆရာမကြီး ယုဝတီခင်စိန်လှိုင်ရဲ့ဆောင်းပါးက



အစအဆုံး ကူးယူပြီး ကွန်ပျူတာစာစီပြီး ကျကျနန ဓမ္မဒါနပြုသကွဲ့၊ ရော့... ရော့ ယူသွားကြဦး"

ကျွန်တော်က စာရွက်သုံးရွက်ကို လက်ဆင့်ကမ်း ဓမ္မဒါနပြုလိုက်ပါသည်။

## ဆေးမြီးတို တန်ဖိုးမဖြတ်နိုင်ပြီ

### ယုဝတီ ခင်စိန်လှိုင်

တစ်နေ့တွင် ကျွန်မထံ တယ်လီဖုန်း လာပါသည်။ သူက ဗိုလ်မှူးတစ်ဦးပါပဲ။ မဂ်လာဒုံ စစ်ဆေးရုံကြီးကတဲ့။ နာမည်လည်း မပြောပါ။ ငှက်ဖျားဝေဒနာကို နေ့စဉ် အချိန်မှန် တက်သောဝေဒနာကို ခံစားနေရသူပါတဲ့။ ဘာကိစ္စရှိပါသလဲရှင်။ ကျွန်မ ခင်စိန်လှိုင်။ ဟို... ဟို ကိစ္စက ဒီလိုပါခင်ဗျာ ကျွန်တော်ကချင်ပြည်နယ်က ငှက်ဖျားဝေဒနာပြင်းထန်လွန်းလို့ ဆေးရုံလာ တက်နေရတာပါ။ ဆေးရုံကလည်း ဂရုစိုက်လိုက်တာ ဘာမှလိုလေသေးမရှိပါဘူး။ ဒါပေမယ့် ကျွန်တော့်ငှက်ဖျားကတော့ အချိန်မှန် စာပို့ကြီးပဲ ခင်ဗျာ့။

ဟုတ်ကဲ့ ပြောပါဦးရှင့်။ အဲဒါ ခင်ဗျားတစ်ခါတုန်းက ဆရာမကြီး ရေးတဲ့ ဝတ္ထုတစ်ပုဒ်ထဲက ငှက်ဖျားပြတ်ဆေး ဆေးမြီးတိုတစ်လက် ဖတ်လိုက်ဖူးပါတယ်။ အဲဒီတုန်းကတော့ ကျွန်တော့်မှာ ငှက်ဖျားကလည်း မဖျားဘူး။ သေတော့ သေချာမမှတ်မိလိုက်ဘူးခင်ဗျာ။ အဲဒါမှ ဒုက္ခပဲ၊ ဘယ်စာအုပ်ထဲမှာများ ရေးလိုက်မိပါလိမ့်။

ကျွန်မသည် ငှက်ဖျားဝေဒနာသည်ကို ငှက်ဖျားပြတ်ဆေးပေးချင်လွန်း၍ အပြေးအလွှားကြီး စဉ်းစားပါသည်။ ဘုရားရေ ခေါင်းထဲလဲ မပေါ်လာပါလား။ ကျွန်မတွင် အလေ့တစ်ခုရှိသည်။ ကြွက်နို့သတ်နည်း။ မီးပူ ဆီပူလောင်လျှင် သက်သာအောင်လုပ်နည်းတို့၊ ဂမ်းတွေ ဒလဟောသွားလျှင် ရပ်စေရေးတို့ တက်သမျှ မှတ်သမျှလေးများ ထည့်ထည့်ရေးတတ်ပါသည်။ ထိုမှုမက ကျန်းမာရေးကောင်းသည့် ဂါထာ၊ အသက်ရှည်သည့်ဂါထာတို့လည်း ထည့်ရေးတတ်ပါသည်။ သို့သော်... သို့သော် တစ်ပိုဒ်ဦး တစ်နေရာရာမှာ ကူးယူဖော်မိတာမျိုးကျတော့ ခေါင်းထဲတွင် စွဲမြဲစွာ မှတ်မိမနေပါ။

www.burmeseclassic.com



ယခုလည်း တယ်လီဖုန်းထဲမှာ အမည်မသိ ငှက်ဖျားဝေဒနာရှင်ကို ဆေးမြီးတိုကလေးပြောပြလိုက်သည်ချင်မှာ ဆတ်ဆတ်ခါနေပါသည်။ သို့သော် ကျွန်မ မည်သည့်စာအုပ်တွင် ဖော်ပြမိခဲ့ကြောင်းပင် မမှတ်မိပါ။ ပြန်ဖတ်ရအောင်လည်း ကျွန်မရေးခဲ့သည့်စာအုပ်တွေက တစ်ရာကျော်ရှိပါသည်။ ရှတ်တရက်ရှာ၍ ဖော်ပြပေးရန် မလွယ်ပါ။ ဆရာမကြီးရေးတာပဲ မမှတ်မိတော့ဘူးလားဗျာ၊ ခု... ခုဆယ်နာရီထိုးတော့မယ်၊ ကျွန်တော့်မျက်လုံးတွေ ပူလာပြီး အဖျား အဖျားတက်တော့မယ်၊ ဆရာမကလည်း ခုတင်ပေါ် သွားအိပ်ဖို့ပြောနေပြီ ဒါပါပဲဗျာ။ ဒါပါပဲ''

ဟင်း... ကျွန်မ လုံးဝမကူညီလိုက်နိုင်ပါ။ စိတ်မကောင်းလိုက်တာ သုံးလေးရက်ပါပဲ။ စာအုပ်တချို့တော့ ပြန်ဖတ်ပါတယ်။ ငှက်ဖျားဖြတ်သော ဆေးမြီးတိုလည်း မတွေ့ပါ။ ငှက်ဖျားဝေဒနာရှင်ထံမှလည်း ဖုန်းထပ်မလာတော့ပါ။ လွန်ခဲ့သည့် ဧပြီလထဲက သမီးကြီးနှယ်နီလှိုင်ရှိရာ ခန္တီးမြို့သို့ အလည်သွားပါသည်။ ဆင်လန်း ခန္တီးသူဝတ္ထုရေးရန် ကြိုးစားသွားရခြင်းပါ။ သူတို့အိမ်မှမွေးစားသမီးကလေးက အဝတ်တစ်ခါလျှော်ပြီးတိုင်း ငှက်ဖျား ဆယ်ရက်လောက် ဖျားပါသည်။ ထိုမျှမက သမက်ဖြစ်သူကလည်း နာဂတောင်တန်း(လဟယ်မြို့)တွင် စစ်ဆင်ရေး စည်းရုံးရေးတွေလုပ်ရင်း မကြာခဏ ငှက်ဖျားဖျားကြောင်း စိတ်မကောင်းစွာကြားရပါသည်။ ကျွန်မတို့အပြန်တွင် သူတို့သမီးလေး သိပ္ပံဘာသာနှင့်ကိုးတန်းတွင် ထားလိုပါကြောင်း အတင်းပူဆာ၍ ထည့်လိုက်ပါသည်။ အိမ်တွင် မြေးတစ်ယောက်တိုးကာ ကျောင်းတွင်ထားပါသည်။

တစ်နေ့တွင် အတန်းပိုင်ဆရာမထံမှ ဖုန်းလာပါသည်။ ကလေး ငှက်ဖျားတက်နေ၍ အမြန်လာခေါ်ပါတဲ့။ အိမ်ကကား အပြင်သွား၍အဖျားဆောင်တွင် ခေတ္တထားပေးပါရန် မေတ္တာရပ်ခံရသည်။ ကားရောက်မှ သွားခေါ်ရာ အဖျားကျသွားပြီဖြစ်၍ စိတ်ပူပန်လာပြီး သွားခေါ်ရသည်။ ကျွန်မစိတ်တိုရပါသည်။ နောက်တစ်နေ့တွင်လည်း နေကောင်းနေ၍ ကျောင်းပျက်မည်စိုး၍ ထည့်လိုက်ရာ တစ်နေ့ကလိုပင် အဖျားတက်နေကြောင်း အမြန်လာခေါ်ရန် ဖုန်းလာပါသည်။

ကားပေါ်ရောက်တော့ ကျွန်မက မေးရာ ခန္တီးတွင် သူ့ရှစ်တန်းဖြေစဉ်က အဖျား ၁၀၄ ဒီဂရီလောက်နဲ့ဖြေရ၍ နှစ်ဘာသာကျထူးသာရ



ကြောင်း၊ စာမေးပွဲတစ်ချိန်လုံး ဆေးထိုးရင်း ငှက်ဖျားဒဏ်ကို အလူးအလဲခံရကြောင်း ပြောပြပါသည်။ ပြီးတော့ ငှက်ဖျားက တစ်ရက်ခြား သူ့အချိန်နှင့်သူ မှန်မှန်တက်သတဲ့။ ဒုက္ခပဲ ခန္တီးပြန်ပို့ရအောင်လည်း မိုးတွင်းကြီး လေယာဉ်ပျံပင် ဆင်းမရပါ။ ထိုနေ့က အကြံခက်ခက်နှင့် အမျိုးမျိုးစဉ်းစားပြီး ပြန်လာပါသည်။ မေလိခ လမ်းထောင့်တွင် အိမ်ဆိုင်တစ်ခုရှိပါသည်။ ဆိုင်ရှင်က ရပ်ကွက်လူကြီးစစ်ပြန်တပ်မတော်သား အငြိမ်းစားကြီး ဦးစိန်ထွန်းဖြစ်ပါသည်။ ကျွန်မကလည်း ကလေးငှက်ဖျားဖျား၍ ကျောင်းက ပြန်ခေါ်လာရကြောင်း ပြောပြရာ လာ အန်တီ ကျွန်တော်ကုပေးမယ်၊ ငှက်ဖျား တစ်ခါတည်း ပြတ်သွားရစေ့မယ်။ ဟုတ်ပွဲမလားရှင်၊ လက်တွေ့ အန်တီရေ လက်တွေ့ သွားနှင့်ပါ။ ကျွန်တော် လက်ဖက်စို ငါးကျပ်သားနဲ့ ငရုတ်ကောင်း ၄၅ စေ့ယူပြီး ခုလိုက်ခဲ့မယ်ဟု ရဲရဲတင်းတင်း အာမခံကာလိုက်လာပါသည်။ ကျွန်မတို့အိမ်ရောက်လျှင် ငရုတ်ဆုံကို စင်စင်ဆေးခြောက်အောင်သုတ်၍ ငရုတ်ကောင်းစေ့ကို ညက်ညက်ထောင်းခိုင်းပါသည်။

ထမင်းချက်သည့် အမျိုးသမီးက စနစ်တကျ ထောင်းပါသည်။ ပြီးတော့ လက်ဖက်စို ငါးကျပ်သားကိုလည်း စီးနေအောင် ထောင်း၍ အားလုံး သမလောက်သည်ရှိမှ ၄၅ လုံး လုံးရပါသည်။ အပုန်တော့ အမြန်နေပူပြ၍ လက်ဖက်လုံးတွေ မာပြီး ခြောက်မှသောက်ရမည်ဖြစ်ပါသည်။ နေကို တမ်းတ၍နေ့စဉ် လှန်းရပါသည်။ သည်ရက်တွင် ဆေးမခြောက်မီ ငှက်ဖျားမ တက်ရန် ငရုတ်ကောင်းများများနှင့် ကြာဆံဟင်းခါးကို အဖျားမတက်မီ တစ်နာရီကြို၍ ပူပူကြီးသောက်စေပါသည်။ ဒါနှင့်ပင် အဖျားက တက်မလာတော့ပါ။ ကျွန်မတွင် ဆေးတန်ခိုးမည်သို့ရှိမှန်း မသိခင်ကပင် ကျေးဇူးတင်လွန်း၍ မြေးကလေးကို ဆရာဦးစိန်ထွန်းအား ထိုင်ကန်တော့စေပါသည်။ ဆေးက နေရ၍ သုံးရက်အတွင်း ခြောက်သွားရာ မနက်သုံးလုံး၊ ညသုံးလုံး ရ ရက်နှင့် တစ်မနက် ရေအေးနှင့်ပင် မျိုချရပါသည်။

ယခုတော့ဖြင့် လုံးဝငှက်ဖျားပြတ်သွားပါပြီ၊ ခန္တီး ငှက်၊ ကချင်ပြည်နယ်ငှက်၊ အရှေ့ရိုးမ ငှက်၊ ကရင်ပြည်နယ် ငှက်၊ ရှမ်းပြည်နယ်ငှက်၊ တနင်္သာရီငှက်(ဝါ) ငှက်ဖျားဒဏ်ကို ခံစားနေရသူအပေါင်း အထူးသဖြင့် ဆေးရုံမှ အမည်မသိ ဖုန်းဆက်သော ငှက်ဖျားဝေဒနာရှင်နှင့် အခြားဝေဒနာသည်များပါ ကျွန်မသမက်ကဲ့သို့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေကြသော တပ်မတော်သားအပေါင်း၊ ဆရာဦးစိန်ထွန်းထံမှ ငှက်ဖျားပျောက်နည်း

www.burmeseclassic.com

www.burmeseclassic.com



ဆေးမြီးတိုကို လက်စွဲထား၍ အထူးသဖြင့် ရှေ့တန်းထွက်လျှင် ဂျေတ်ကောင်း များများ သယ်သွားကြပါရန် မိုးသည်းထန်၍ ငှက်ဖျားကြွသော ရာသီအတွက် မေတ္တာအထူးထား ငှက်ဖျားပျောက်နည်း ဆေးမြီးတိုကို ဖော်ညွှန်းလက် ဆောင်ပြုလိုက်ရပါသည်။

ငွေထီးသုံးလက် သေတ္တာလုပ်ငန်း
ဦးမောင်ကြီး မိသားစု၏ဆေးနည်းဒါန

"ဦး... ဆရာမကြီးဆေးနည်းလွယ်လွယ်နဲ့ တန်ဖိုးရှိတယ်နော်"

"ဒါပေါ့ တူမရယ်၊ အဲဒီဆေးကိုလဲ ဖော်သွားကြပေါ့"

"ဦး ... ကျွန်မတို့ ဆေးဖိုး ကန်တော့ပါရစေ"

မငွေရည်က ၅၀၀ ကျပ်တန် တစ်ရွက် ကျွန်တော့်လက်ထဲထည့်၏။ ကျွန်တော် မယူပါ။

"ယူပါ ဦးရဲ့"

"မယူဘူး... ဦးလေးက ဆေးလှူတာ ဆေးလှူတဲ့ အကျိုးကျေးဇူးက သက်ရှည်ဆင်းလှ၊ အားဗလပညာ ချမ်းသာကြီးမားခြွေရံများလျက် ဇရာင်ရှားဘေးရန် ဆင်းရဲမှန် ကင်း။ ရှိသေခြင်း မြဲ မကွဲချစ်သူ၊ ဤဘယ်သူသည် ဆေးလှူရခြင်း အကျိုးတည်းတဲ့"

အဓိပ္ပာယ်ကား...

၁။ အဆင်းလှခြင်း
၂။ အားခွန်ဗလကြီးမားခြင်း
၃။ အသက်ရှည်ခြင်း
၄။ ပညာထက်မြက်ခြင်း
၅။ ချမ်းသာမှု ရရှိခြင်း
၆။ အခြွေအရံ·များခြင်း
၇။ ဘေးရန်ကင်းရှင်းခြင်း
၈။ ဆင်းရဲမှု မရှိခြင်း
၉။ သူတစ်ပါးတို့၏အရိုအသေ လေးစားမှုခံယူရခြင်း
၁၀။ ချစ်သူတို့ မကွေကွဲရခြင်းတို့ဖြစ်၏။

"စကားစပ်မိလို့ ပြောရဦးမယ်၊ မန္တလေး ဈေးချိုက ဦးမောင်ကြီး–



ဒေါ်အေးခင်တို့ သမီးလေး မလှကြည်တဲ့။ ဦးလေးနဲ့ အင်မတန်ခင်တယ်၊ သူက ဦးလေးဖော်တဲ့ဆေးတွေကို တစ်ကြိမ်ဝယ်ရင် တစ်သောင်းခွဲဖိုးလောက် ဝယ်တဲ့ပြီး ဥပုသ်ဇရပ်မှာ ဆေးတွေလှူသကွဲ၊ ဆိုင်ကို ဈေးလာဝယ်တဲ့လူတွေ ကိုလည်း ဆေးလှူသကွဲ"

"ဘဝစိတ်ကူးလေး ကောင်းလိုက်တာနော်"

"အလွန်ကောင်းတာပေါ့ကွယ်၊ ဦးလေးလည်း သူတော်ကောင်း တွေနဲ့တွေ့ရတော့ သူတော်ကောင်းတွေရဲ့အလေ့ကို အားကျမိတယ်၊ ဒါကြောင့် မငွေရည်တို့ကို ဦးလေး ဆေးလှူရတာပါ၊ အဲ... တကယ်လို့များ ငွေရည်တို့ မန္တလေးရောက်တဲ့အခါ အဆင့်မြင့်ဈေးချုံကြီးမှာကွဲ၊ မလှကြည်တဲ့ ဦးလေးနာမည်ကို ပြောပြပေါ့၊ သေတ္တာကောင်းဝယ်ချင်ရင် သူတို့ဆီမှာ ဝယ်ကွဲ"

"ဦး... သူတို့ ဆိုင်လိပ်စာက..."

"သြော်... ဟုတ်သားပဲ၊ ဒီမှာ... ဒီမှာ"

ကျွန်တော်သည် မလှကြည်တို့ပေးလိုက်သော လိပ်စာကပ်ပြားကလေးကို မှတ်စုစာအုပ်ထဲမှ ထုတ်ပေးလိုက်ပါသည်။

ငွေထီးသုံးလက်သေတ္တာဆိုင်
ဦးမောင်ကြီး–ဒေါ်အေးခင်နှင့် သားသမီးများ
အမှတ်(၉၀–၉၂) Fရုံ၊ ဆောင်ဆုံးလိုင်း၊ မြေညီထပ်
အမှတ်–၃/E မြောက်ဆုံးလိုင်း။ ပထမထပ်
အဆင့်မြင့်ဈေးရုံသစ်ကြီး။ ဈေးချို၊ မန္တလေးမြို့။
ဆိုင်ဖုန်း– ၂၅၀၇၅၊ အိမ်ဖုန်း ၂၅၀၃၀

www.burmeseclassic.com

www.burmeseclassic.com



## မြေတွဲနာကျောက်ဆေး

"ရှေးတုန်းက မြန်မာလူမျိုးတွေဟာ အချိန်တန် အရွယ်ရောက်ရင် ဆရာဘုန်းတော်ကြီးကျောင်းကိုသွားပြီး သင်ပုန်းကြီးကစပြီး မင်္ဂလာသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး၊ သဒ္ဒါသင်္ဂြိုလ်အထိ သင်အံကြရတယ်၊ ဒါမှလည်း သေစာရှင်စာ ဖတ်တတ်ရမည်ဆိုတာလို ဆေးဝါးခတ်စာ အပူစာ အအေးစာ တက်စာ သက်စာ ပိတ်စာ ဖွင့်စာ နားလည်အောင် လေ့လာကြရတယ်၊ ပြီးတော့ ရသာခြောက်ပါးပေါ့လေ ချို ချဉ် ငန် စပ် ဖန် ခါး ဆိုတာပေါ့ ဒါလဲ သိထားကြရတယ်"

အိမ်၏ညှော်ခန်း၌ ခေါင်းရင်းမှ အသက် ၅၀ ကျော်လူကြီးတစ်ဦးနှင့် အသက် ၂၀ ကျော် လုံမငယ်တစ်ဦးတို့ တွေ့မြင်ရမည်ဖြစ်၏။ အသက် ၅၀ ကျော် လူကြီးက ရေနွေးကြမ်းကရာကို သောက်မှာချလျက် တစ်ခွက်ပြီးတစ်ခွက် သောက်ရင်း ဆေးဝါးများအကြောင်း ပြောပြနေ၏။ အသက် ၂၀ ကျော် လုံမငယ်က ရိုကျိုးစွာ ကျုံ့ကျုံ့ကလေးထိုင်၍ နားထောင်မှတ်သားနေသည်။

ခေါင်းရင်းပိုင်းမှ ဆေးခတ်စာများကို စိတ်ပါလက်ပါ ပြောနေသူမှာ စာရေးသူဖြစ်၍ ကျုံ့ကျုံ့ကလေးထိုင်၍ နားထောင်မှတ်သားရသော လုံမငယ်မှာ ကျောင်းဆရာမလေး မငွေရည် ဖြစ်ပါသတည်း။

"လောကကြီးမှာ အနာ ၂ မျိုးရှိသကွဲ့၊ အပူနာ အအေးနာတဲ့၊ တရုတ်တိုင်းရင်းဆေးကတော့ အမှောင်နာ အလင်းနာတဲ့၊ အတူတူပါပဲ နေ့မှာလင်းတယ် ပူတယ်၊ ညမှာ မှောင်တယ် အေးတယ်ပေါ့၊ နေ့နဲ့ည အပူနဲ့အအေး၊ အပူနဲ့အအေး ပြုသမျှ ခံကြရတယ်၊ အဲဒါကို ဥတုလို့ခေါ်သကွဲ့၊ အပူစာကို တစ်ဘက်သတ် အလွန်အကျွံစားမိသူဟာ ရောဂါရသလို အအေးစာကို တစ်ဘက်သတ် အလွန်စားမိရင်လည်း ရောဂါရကြတာပေါ့၊ အပူစာတွေ အစားလွန်ပြီးဖြစ်တဲ့ အနာရောဂါကို အအေးစာပေးပြီး ကုသ



သလို၊ အအေးစာ စားလွန်ပြီး အအေးနာ ရောဂါရှိသူကို အပူစာဆေးကျွေး ကုသကြရတယ်၊ ဒါကြောင့် အပူနာလား အအေးနာလားဆိုတာ ခွဲခြားတတ်ရတယ်"

"ဟုတ်ကဲ့ရှင့်"

"အပူလွန်တဲ့ရုပ်က ဆီးနီ၊ ဆီးပူ ဆီးဝါတယ်၊ ရေငတ်တယ်၊ ကိုယ်တွင်းပူပြီး ခြေဖျားလက်ဖျား အေးတယ်၊ မိုးချုပ်တဲ့အခါ ညဥ့်အချိန်မှာ ရောဂါတိုးတယ်၊ အဲဒီလို လက္ခဏာတွေနဲ့တွေ့ရင် အပူစာ ဆေးအာဟာရ တွေ မကျွေးရဘူး၊ အပူစာ ရှောင်ခိုင်းရမယ်၊ အေးမွှင့်အစားအစာတွေကို ကျွေးပေးရမှာပေါ့၊ အဲ... အအေးနာ လက္ခဏာကိုကြည့်ကြဦးစို့၊ ဆီးဖြူမယ်၊ ဆီးများမယ်၊ ရေမငတ်ဘူး ရင်မပူဘူး အေးတဲ့ဆေးတွေ စားရင် ရောဂါတိုးတယ်၊ အဲဒီလို ဝေဒနာရှင်ကျတော့ အေးတဲ့အစားအစာတွေ ရှောင်စေရမယ်၊ ရေခဲ၊ သဘော်သီးမှည့်၊ ငှက်ပျောသီး၊ ဝက်သား၊ ဘဲသား မစားရဘူး၊ အဲဒီလို ကြပ်ပိတ်ဆို့သွားရင် ဝမ်းချုပေးတာ အကောင်းဆုံးပဲ၊ ပန်ကာလေ ခံမယ်၊ ရေချိုးမှားမယ်၊ အအေးစာတွေ အစားများမယ် တစ်ဘက်သတ် အလွန်အကျွံဖြစ်သွားရင် လေငန်းဖြစ်သွားနိုင်တယ်၊ အဲဒီလို ဝေဒနာရှင်မျိုးကို ပူတာစပ်တာ ခါးတာ ကျွေးပေးရမယ် သဘောပေါက်ပြီလား"

"ဟုတ်ကဲ့ရှင့်"

"အဲဒီလို အရသာခြောက်ပါးရှိတဲ့အထဲက အေးချိုဆိမ့်ဖန်အစားများရင် လူကိုဝစေတယ်ကွဲ့၊ ပူစပ်ခါးချဉ် အရသာအစားများရင် လူပိန်စေတယ်ကွဲ့၊ အဲဒီဆေး ချိုဆိမ့်ဖန်အား များသွားပြီဆိုမှဖြင့် ခန္ဓာကိုယ်ဟာ လေးလံထိုင်းမှိုင်းလာတယ်၊ ပူစပ်ခါးချဉ်အစားလွန်ရင်လည်း ခန္ဓာကိုယ်ကြုံလှီသွားတတ်တယ်၊ ဒါ့ကြောင့် ဦးလေးဆိုလိုချင်တာက မည်သည့်အစားအစာ၊မည်သည့်အာဟာရပဲဖြစ်ဖြစ် တစ်ဘက်သတ် အလွန်အကျွံ မစားရဘူးလို့ ဆိုလိုတာပဲ၊ မျှမျှတတ စားကြရမယ်၊ အေးချို ဆိမ့်ဖန် အစားတွေလိုက်မှတ်ကွဲ့၊ ဝက်သား၊ ဘဲသား၊ ပုစွန်၊ ကြက်ဥ၊ မြေတွင်းက ဥအမျိုးမျိုး၊ ချိုအေးတဲ့ ယိုမျိုးစုံ၊ ကိတ်မုန့်၊ ဘီစကွတ်၊ ဖာလူဒါ၊ ငှက်ပျောသီး၊ ဖရဲသီး၊ ဩဇာသီး၊ ပန်းသီး၊ သစ်တော်သီး၊ ပူးသီး၊ ခဝဲသီး၊ အုန်းနို့၊ လက်ဖက်ရည် အချို၊ ပုန်းရည်ကြီး၊ ငါးသေတ္တာ၊ ငါးသလောက်၊ မြေပဲ၊ သစ်ကြွစ်သီး၊ အဲဒါတွေ အေးတဲ့အစားအစာတွေပဲ၊ ရေအေးလေအေး နေ့အခါ အိပ်စက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ လှုပ်ရှားမှုနည်းပါးခြင်း၊ စိုးရိမ်သောကများခြင်း၊ နေဝင်မိုးချုပ် ရေချိုးခြင်း အဲဒါ တွေကလည်း အအေးဓာတ်တွေပဲ မငွေရည်၊ အခုပြောခဲ့တဲ့ အစား အစာတွေက သွေးတိုးရောဂါနဲ့ လုံးဝမကိုက်ညီတဲ့ အစားအစာတွေပဲ"

မငွေရည်သည် သူမှတ်စုထဲ ကျွန်တော်ပြောသမျှ ရေးမှတ်နေ၏။ ထို့နောက် ညောင်းရှာရှာထင် ခါးဆန့်ပြီး...

"ဦး မနေ့က သမီးတို့အဒေါ်တစ်ယောက် အိမ်လာလည်တယ်၊ သူ့ခြေထောက်တွေ ကွဲအက်နေပြီး လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး ဦး၊ အဲဒါ ဘာစားခိုင်းရမလဲ"

"အိမ်း... ခုလို ဆောင်းရာသီမှာ ဖြစ်တတ်တာပေါ့ အတွင်းက အပူတွေ တအားထွက်တာ"

"ဟုတ်ကဲ့ရှင့်၊ အဒေါ်ကလည်း ပြောပါတယ်၊ နွေမှာ မဖြစ်ဘူး၊ ခုလိုဆောင်းမှ ဖြစ်တတ်တာတဲ့"

"လွယ်ပါတယ် မငွေရည်ရယ်၊ မငွေရည်ကို မန်ကျည်းမှည့်အစွမ်း သတ္တိ ဦးလေး ပြောဖူးသားပဲ၊ မန်ကျည်းမှည့်များများပါတဲ့ ကန်စွန်းရွက်ချဉ် ရည်ဟင်း ချက်စားလိုက်ပါလို့ပြောကွဲ့၊ အဲဒါမှမဟုတ် ဆေးဖော်စားချင်သ ပဆိုရင်လည်း ဆေးဖော်စားပေါ့ ဆေးနည်းက ဒီလိုတူမရဲ့...

ထန်းလျက် ၂၅ ကျပ်သား
သကြား ၂၅ ကျပ်သား
မန်ကျည်းမှည့် ၂၅ ကျပ်သား
ငှက်ပျောဖီးကြမ်း တစ်ဖီး
အုန်းသီးတစ်လုံး၏ အရည်(အုန်းဆံမပါရ)
နှမ်းဆီ ၂၅ ကျပ်သား
ငှက်သိုက် ၂၅ ကျပ်သား

အဲဒါတွေရောပြီး မီးညှင်းညှင်းကလေးနဲ့ချက်။

ဖန်ပုလင်းထဲထည့်။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် စားပေး၊ အဲဒါ ခြေကွဲနာ ပျောက်ဆေးပဲ"

❀ ❀ ❀



## အခုံ့ဖွယ်- ကြိဖလ

( ၁ )

"ဦး..."
"ဦး... ဆရာ ဦးဝင်းမြင့်"
"ဦး... ဆရာ ဦးဝင်းမြင့်
အိမ်အပြင်ဘက်မှ ခေါ်သံကြား၍ အိပ်ရာမှ လူးလဲထလိုက်ရင်း အိမ်သူက မီးဖွင့်ပြီး...

"ဘယ်သူလဲ"

"သမီးပါ မငွေရည်ပါ"

"မငွေရည်လား၊ ဟဲ့... ညဉ့်နက်လှပါပကော"

"ဟုတ်ကဲ့... အန်တီ"

အိမ်သူက တံခါးဖွင့်လိုက်၏။

မငွေရည်နှင့်အတူ ၁၄–၅ နှစ် အရွယ် မိန်းကလေးနှစ်ဦးလည်း ပါ၏။ အသက် ၄၀ ကျော် အမျိုးသမီးတစ်ဦးကိုလည်း အဖော်ခေါ်လာ၏။

"၁၂ နာရီတောင် ရှိနေပြီ၊ ဘယ်သူနေမကောင်းလို့လဲ မငွေ ရည်"

"သမီးတို့ကျောင်းက ဆရာမကြီးပါ၊ အသက်က ၅၄ နှစ်ရှိပါပြီ၊ တစ်ကိုယ်လုံး ယားနေပါတယ်၊ အဲဒါ ဆေးခန်းသွားပြီး ဆေးထိုးပြန်တော့ ဆိုးလာပါသတဲ့၊ အိပ်မရလောက်အောင်ကိုယားနေလို့ သမီးဆီ လာအကူ အညီတောင်းလို့ပါ"

"ဟော... အခု ဆရာမကြီးက ဘယ်မှာလဲ"

"မြို့ဦးကွက်သစ်ထဲမှာပါ"

"ကဲ... ဒါဖြင့်ရင် ကြိဖလ ဆေးသုံးခွက်စာ ယူသွား မငွေရည်၊

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်း တစ်ခွက်တိုက်လိုက်ပေါ့၊ ပျောက်သွားမှာပါ"

"ဟုတ်ကဲ့ရှင့်"

"အေး တကယ်လို့ တစ်ခွက်တိုက်ပြီးလို့ ဆယ်မိနစ် ဆယ့်ငါးမိနစ်ကြာလို့မှ အယားမပျောက်ဘူးသေးဘူးဆိုရင် နောက်တစ်ခွက်ထပ်တိုက်ကွဲ"

"ဟုတ်ကဲ့ ဦး"

"ကဲ သွားကြတော့ ဟိုက လူနာယားလွန်းလို့ အမေကယ် အဘကယ်ပါ အော်နေရော့မယ်"

"ဟုတ်တယ်ဦး။ တစ်ကိုယ်လုံး အပိမ့်ကြီးတွေထပြီး မတရားယား နေတာဦး။ ဘေးက ဆရာမကြီးသားနဲ့သမီးတွေကလည်း တစ်လုံ့ညှိစီ ကုတ် ပေးနေရတယ်၊ ဦး သမီးတို့သွားမယ်နော်"

"အေး... သွားကြတော့၊ ရောက်ရောက်ချင်း အဲဒီတြိဖလတိုက် လိုက်ပေတော့ မငွေရည်ရေ့"

နံနက် ၇ နာရီခန့်လောက်တွင် ကျောင်းဆရာမလေးမငွေရည် ရောက်လာပါသည်။ ဈေးဝယ်သွားရင်း ဝင်လာဟန်တူ၏။ သူ့လက်ထဲမှာ ဈေးဆွဲခြင်းနှင့်။

"မငွေရည် ညက ညည်းဆရာမကြီး သက်သာရဲ့လား"

"ဟုတ်ကဲ့ဦး။ သမီးတို့ ညက ဦးမှာတဲ့အတိုင်း တြိဖလဆေးတိုက် လိုက်တာ ၂ မိနစ်အတွင်း ယူပစ်လိုက်သလို ပျောက်ကင်းသွားပါတယ်ရှင်၊ တြိဖလက ယားတာကို အတော်နိုင်တာပဲနော်"

"နိုင်တာပေါ့ မငွေရည်ရယ်"

"ဟော... ဦး လူနာတွေလာပြီ"

အသက် ၄၀ ခန့် ပိန်ပိန်ပါးပါး အမျိုးသားတစ်ဦးသည် တုန်တုန် ချိချိဖြင့် ဆိုက်ကားပေါ်မှဆင်းလာ၏။ သူ့ကို အမျိုးသမီးတစ်ဦးက ဖေးမတွဲ ခေါ်လာ၏။

ထိုသူ၏ရင်သည် ဖားဗိုလို ဗိုလိုက်ဗိုလိုက် ဖြစ်နေရာသည် ချောင်းက တဟွတ်ဟွတ်ဆိုး၍ ပြို၍ပြို၍ အန်သည်။

"ဒီမှာ လှဲ၊ ဒီမှာ လှဲ"

ကျွန်တော်က လူနာစမ်းသပ်သည့် ခုတင်ပေါ်လှဲအိပ်ခိုင်းရသည် ပြီးတော့ သူ့ရင်ခေါင်းနှင့်ဝမ်းဗိုက်တို့ကို စမ်းသပ်ကြည့်သောအခါ တင်းမာနေ



သည်ကိုတွေ့၏။ ခြေဖျားလက်ဖျား အေးစက်နေ၏။

"ခုမနက်မှာ မတရား ချောင်းဆိုးပြီး ပျို့အန်ပါတယ်ဆရာ"

"အစားများတယ် ထင်တယ်"

"အစားများတာထက် များသွားတယ် ထင်ပါတယ် ဆရာ"

"ဘာတွေ စားပစ်တုန်း"

"မျှစ်နဲ့ ဝက်သားပါ ဆရာ"

"ဟုတ်ပြီ ဟုတ်ပြီ၊ ဒါကြောင့် ရင်ပြည့်တာပေါ့လေ၊ မငွေရည်ရေ ဦးကိုလျှာပွတ်ဆေး တစ်တောင့်လောက်ကြိတ်ပြီး နှမ်းဆီကလေးနဲ့ ဖျော်ပေး စမ်းကွယ်"

လွယ်လင့်တကူ မငွေရည်ကို ခိုင်းလိုက်ပါသည်။ ထိုအချိန် ကျွန်တော့်အိမ်သူသည် မီးဖိုချောင်ထဲမှာ တစ်အိမ်လုံးအတွက် ထမင်းကြမ်းကျော် နေသည်။

မငွေရည် ယူလာသော လျှာပွတ်ဆေးနှင့်နှမ်းဆီကို နာနာချေ၍ ထိုလူနာ၏ကြောမြှောင့်ရိုး တစ်လျှောက် ရင်ဝနှင့်ပမ်းဗိုက်တစ်ဝိုက်တို့ကို ကျွန်တော်ကိုယ်တိုင် လူးပေးလိုက်ပါသည်။

ဆေးလိမ်းအပြီး သက်တောင့်သက်သာကလေး မှိန်းနေရင်း ပြောပြရပါသည်။ ဆေးလိမ်းပြီး ဆယ်မိနစ်ခန့်အကြာ လူနာသက်သာသွား၏။

"စားကောင်းတိုင်း မစားရဘူးဗျ၊ တန်ဆေး လွန်ဆေးတဲ့"

"ဟုတ်ကဲ့ ဆရာ၊ နောက်ဆိုရင် သတိထားပါ့မယ်"

"ရော့ဗျာ ဟောဒီမှာ လျှာပွတ်ဆေး သုံးတောင့်ယူသွား၊ အိမ်ရောက်ရောက်ချင်း တစ်တောင့်သောက်၊ နေ့လည်ကျ တစ်တောင့်သောက်၊ ပြီးတော့ ဒီလျက်ဆားကို လျက်ပေး၊ ရေအေးမသောက်နဲ့ ရေနွေးသောက်ဗျ"

"ဆရာ့ လိမ်းဆေးနဲ့ အတော်သက်သာသွားပါပြီဗျာ"

"ဆရာ... ဆေးဖိုး ဘယ်လောက်ကျပါသလဲ"

"မပေးပါနဲ့ဗျာ"

"ဘယ်ဟုတ်မလဲ ဆရာရယ်၊ ယူပါခင်ဗျာ"

လူနာကို တွဲခေါ်လာသည့် အမျိုးသမီးက ဆယ့်ငါးကျပ်တန် ငွေစက္ကူတစ်ရွက် ထုတ်ပေးသည်။ ကျွန်တော်က ဆယ်တန်တစ်ရွက် ပြန်အမ်း လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြန်သွားသောအခါ မငွေရည်က...

"ဦး... ဆေးဖိုးယူတာ နည်းလိုက်တာ"

"ဟဲ့... မငွေရည် ညည်းသူတို့ကို သတိထားလိုက်မိမှာပေါ့ လောကဓံလှိုင်းကြောင့် ဆင်းရဲနွမ်းပါးရှာကြပါတယ်၊ အဲဒါကို ဦးလေးတို့က အလိုက်တသိ ကူညီပေးရမှာပေါ့၊ အဲဒါနဲ့ မငွေရည်လည်း တြိဖလ ဆေးလေးဘာလေး ဖော်ထားဦးလေ၊ ညတုန်းကလို အရေးပေါ်ကျတော့ ကုရတာပေါ့"

"ဟုတ်ကဲ့... ဦး၊ သမီးတော့ တြိဖလကို သိပ်သဘောကျသွားပြီ၊ တော်တော်အစွမ်းထက်တာပဲနော်"

"တြိဖလ အစွမ်းထက်ပါသော်ကော မငွေရည်ရယ်၊ ဦးလေးတို့ မကွေးမြို့က ထွက်တဲ့ မကွေးဖန်ခါးသီးရယ်၊ ဆီးဖြူသီးရယ်၊ သစ်ဆိမ့်သီးရယ် အသီးသုံးပါး လျက်ဆားလို့လည်း ခေါ်လို့ရသကွဲ့၊ တြိဖလဖော်နည်းကတော့ ဖန်ခါးသီး ဆီးဖြူသီး သစ်ဆိမ့်သီး တစ်ကျပ်သားစီ စုရမယ်ကွဲ့၊ စုစုပေါင်း သုံးကျပ်သားပေါ့၊ အဲဒါ ဆားလှော် တစ်ကျပ်ခွဲသား ရောရမယ် အမှုန့်ပြုပေါ့"

"ဘာတွေကောင်းလဲ ဦး"

"မငွေရည်နယ် တြိဖလကတော့ ရှေးကလူကြီးတွေရဲ့ သက် စောင့်ဆေးပါပဲ၊ လိုသလိုသာသုံး။ ရိုးရိုးချောင်းဆိုး။ ချောင်းဆိုးသွေးပါ လိပ်ခေါင်းရောဂါ၊ ဘယ်နေရာပဲ နှိပ်လိုက်နှိပ်လိုက် လေအန်တဲ့ရောဂါ ယားနာ၊ ဝဲနာ၊ ဝမ်းချုပ်တဲ့ ရောဂါဝေဒနာပျောက်ပေ့ဗျာ၊ ခွန်အားလည်းတို ဉာဏ်ဓာတ်လည်း ပွားသကွဲ့၊ အရွယ်တင်တယ်၊ ချွဲသလိပ်ကပ်တာတို့ အသံ မကြည်မလင်ဖြစ်တာတို့လည်း ပျောက်သကွဲ့၊ အဲဒီတြိဖလကို ပျားရည် တေစားရင် ဆံဖြူတာ၊ အရေတွန့်တာ ဆီးမထိန်းနိုင်တာတို့လည်း ပျောက် ကင်း ချမ်းသာစေကွဲ့၊ ဒါကြောင့် ရှေးက ရသေ့သူတော်စင်ကြီးများက အမြတ်ဆုံးဆေးအဖြစ် ရသာယနဆေးအဖြစ် ထားရစ်ခဲ့တာ အဲဒီတြိဖလကို သေသေချာချာ ဂရုတစိုက်နဲ့ဖော်ပြီး ဆောင်ထားပေတော့ မငွေရည်ရေ"

မငွေရည်၏မျက်နှာကလေးသည် ကြည်လင်လန်းဆန်းသွားသည် ကို သတိပြုလိုက်မိပါသည်။ ပြီးမှ မျက်မှောင်ကလေးကုတ်၍...

"ဦးနဲ့အန်တီ ပြောရဦးမယ် ညကြီးမင်းကြီး အချိန်မတော် လူနာ ပါဆိုတိုင်း တံခါးဖွင့်မပေးပါနဲ့"



"ဘာဖြစ်လို့လဲ မငွေရည်ရဲ့၊ နေထိုင်မကောင်းလို့ လာကြတာပဲဟာ၊ မနေ့ညကဆိုရင် အဲ(၁၂-၉-၉၄) နံနက် ၄ နာရီထိုးပြီး ဦးပဒ္ဒင်းက လေးတစ်ပါး ဗိုက်ကလေးနှိပ်ပြီး လာနိုးတယ်၊ ဦးကတော့ မထဖြစ်ပါဘူး၊ ညည်းအန်တီထပြု တံခါးဖွင့်လိုက်တနော့ ဦးဇင်းကလေးတစ်ပါး ဗိုက်ကိုနှိပ်ပြီး ဒကာမကြီး ကျုပ်ညက ဝမ်းလည်း မသွားရဘူး။ ဗိုက်က တအားနာနေတယ်၊ မအီမလည်ကြီးဖြစ်နေတယ်၊ မြန်မြန်ဝမ်းသွားစေမယ့် ဆေးကလေး ပေးစမ်းပါတဲ့၊ ညည်းအန်တီက စက္ကူပါလဆေးပြား ၅ ပြား ကျောင်းရောက်ရောက်ချင်း ဘုဉ်းပေးပါလို့လျှောက်ထားရင်းလှူလိုက်ရသကွဲ့၊ တြိဖလ လျက်ဆားလည်း လှူလိုက်သေးကွဲ့၊ ဦးဇင်းလေးက ဒကာမကြီးရယ် ညဦးကတည်းက နေမထိထိုင်မသာ ဖြစ်နေတာ အားနာလို့မနိုးတာ အခု ၄ နာရီတော့ ထိုးပြီဆိုပြီး လာနိုးပြီး ဆေးလာယူတာ၊ ဘယ်လောက်ဆေးဖိုးပေးရမလဲလို့ မေးသကွဲ့၊ အန်တီက မယူပါဘူးဘုရား၊ လှူတာပါ ဘုရားဆိုပြီး ဝတ်ပြုလိုက်သေးတယ်၊ နောက်များဆို အားမနာပါနဲ့ဘုရား၊ အချိန်မရွေးနိုးပါလို့ လျှောက်လိုက်သေးသကွဲ့၊ ဦးကတော့ အန်တီနဲ့ဦးဇင်းလေးတို့ စကားပြောသံနားစွင့်ပြီး ကြည်နူးနေမိပါတယ်၊ ဩော်... တို့များ ဆေးဆရာတွေ ရောဂါဝေဒနာခံစားရသူများ ကုသပေးရတယ်၊ ခုလို သံဃာတော်အရှင်မြတ်များကိုလည်း လုပ်ကျွေးခွင့်ရသဟဲ့ ဆိုပြီး ဝမ်းသာနေတာ၊ ညည်းအန်တီလည်း အိပ်ရာထဲဝင်လာပြီး နံနက်စောစောစီးစီး ဆေးလှူလိုက်ရလို့ ပျော်နေရှာသကွဲ့၊ ပီတိတွေ ဝေဖြာနေတာပေါ့"

"သမီးစိုးရိမ်တာက ဒီလိုပါ တံခါးဖွင့်ခိုင်းပြီး လူနာမဟုတ်ဘဲ လူဆိုးသူခိုးတွေက လုမှာစိုးလို့ပါ"

"အမယ်လေး မငွေရည်ရယ် ဦးတို့မှာ ဘာရှိတာလိုက်လို့ အိမ်မှာ ကလေးတွေနဲ့ဆေးပုလင်းတွေပဲ ရှိတာပဲဟာ"

ꩤ ꩤ ꩤ

www.burmeseclassic.com

www.burmeseclassic.com



## ဆို အယ့်ဘယ့်-နေခြည်

"ဦး... သမီးတို့ မကွေးက ပူတယ်နော်"

"ပူတဲ့အရပ်မှာ နေရတာ တစ်မျိုးကုသိုလ်ထူးတာပေါ့ မငွေရည်ရဲ့"

"ဟင်... ဘာဖြစ်လို့လဲ ဦး"

"ပူတဲ့အရပ်မှာ နေရတဲ့လူတွေ ကုသိုလ်ထူးပုံက ဒီလို မငွေရည်ရဲ့ နေရောင်ခြည်စွမ်းအားကြောင့် သစ်သီးတွေ ရင့်ကျက်စေတယ်၊ မြန်မြန်မှည့်ဝင်းစေတယ်၊ အေးတဲ့အရပ်မှာရှိတဲ့ မာလကာသီး သဘော်သီးနဲ့ ပူတဲ့အရပ် မှာပေါက်တဲ့ မာလကာသီးယှဉ်ကြည့်စမ်း မငွေရည်၊ ပူတဲ့အရပ်က မာလကာသီးက နေရောင်ခြည်ရထားလို့ ပိုပြီးချိုတယ်၊ မာဆတ်ဆတ်နဲ့ စားလို့ကောင်းတယ်၊ အေးတဲ့ဒေသမှာ ပေါက်တဲ့ မာလကာသီး သဘော်သီးများကြတော့ အလုံးကြီးတွေက ထွားတော့ ထွားပါရဲ့၊ ပေါ့ရှားရှားကြီး တူမရဲ့၊ မချိုဘူး အဲ... ကြံလည်း ဒီလိုပဲ ပူတဲ့အရပ်က ကြံက ပိုချိုသကွဲ့၊ အဝတ်တွေလှန်း လိုက်တဲ့အခါ ဖွေးသွားတာပဲ နေရောင်ခြည်စွမ်းအားဟာ အလွန်တန်ဖိုးရှိတယ် မငွေရည်ရဲ့၊ နေရောင်ခြည်နဲ့ပတ်သက်ပြီး ဆေးဆရာကြီးတစ်ယောက် အကြောင်းပြောပြရဦးမယ်၊ တစ်ခါတုန်းက လူနာတစ်ယောက်ဟာ မြန်မာဆေးဆရာကြီးဆီသွားပြီး သူ့ရောဂါသွားပြတယ်၊ ဆရာကြီးက ဆေးဝါးမပေးဘူး၊ ဓာတ်စာအဖြစ် တောင်ဘက်ကိုင်းမှာ သီးတဲ့ အုန်းစိမ်းရည်ကို သောက်ရမယ်လို့ ပြောလိုက်သတဲ့၊ လူနာက လွယ်လွယ် ကူကူပဲ ဈေးထဲသွားပြီး အုန်းစိမ်းတစ်လုံးဝယ်ထည့်ပြီး သောက်သတဲ့၊ သုံးရက်လောက် ဆက်သောက်တယ်၊ သူ့ရောဂါ မပျောက်ဘူးတဲ့၊ ဒါနဲ့ ဆေးဆရာကြီးဆီ ပြန်သွားပြီး အုန်းစိမ်းရည်သောက်တာ မပျောက်ကြောင်းပြောပြတယ်တဲ့၊ ဆရာကြီးက ကျကျနန စစ်မေးတယ်၊ တောင်ဘက်ကိုင်းမှာသီးတဲ့ အုန်းသီးကော ဟုတ်ရဲ့လားလို့ မေးတော့ လူနာက လွယ်လွယ်ကူကူ



ဈေးထဲက အုန်းစိမ်းဝယ်သောက်ကြောင်း အမှန်ဝန်ခံသတဲ့၊ အဲဒီတော့ ဆရာကြီးက ဒီလိုမဟုတ်ဘူး အုန်းပင်ရဲ့ တောင်ဘက်ကိုင်းမှာ သီးတဲ့ အုန်းသီးကို ရအောင်သောက်ပါလို့ ထပ်မိန့်ဆိုလိုက်သတဲ့၊ အဲဒီတော့ လူနာဟာ ဆရာကြီးညွှန်းတဲ့အတိုင်း အုန်းပင်ရဲ့တောင်ဘက်ကိုင်းမှာ သီးတဲ့ အုန်းသီးတစ်လုံးကို သောက်လိုက်တဲ့အခါ ချက်ချင်း ယူပစ်သလို ပျောက်သွားတယ်၊ အဲဒါ ဘာလဲဆိုရင် အခုလို လရာသီမှာ နေက တောင်ဘက်ကိုင်းကို နေရောင်ခြည်ရှူးဝင်တယ်၊ နေရောင်ခြည်ရဲ့တေဇောဓာတ်အရှိန်ကို ယူတာ တူမရဲ့"

"ဪ... ဒါကြောင့်ကိုး"

"မငွေရည် သတိထားမိမလား မသိဘူး၊ အကြောင်းကြောင်းကြောင့် အချုပ်အနှောင်အဖမ်းအဆီးခံရတဲ့လူတွေလေ၊ သူတို့ကို နေ့ရောညပါ ဒီအခန်းကလေးထဲမှာ အကျဉ်းချထားခြင်းခံရတော့ သူတို့အသားအရေတွေဟာ ပွစုပ်စုပ် ဖြူဖတ်ဖြူရော်ဖြစ်ကြတယ်"

"ဪ... ဒါ့ကြောင့် အေးတဲ့နိုင်ငံတွေမှာ နေပူစာ လှုံကြတာကိုး"

"ဟုတ်တယ် မငွေရည်ရဲ့၊ ဦးတို့ ပူတဲ့အရပ်ကထွက်တဲ့ ပျားရည်ကြည့်စမ်း၊ ဆေးဖက်ဝင်ပစ္စည်းပဲ၊ ပျားကောင်ရဲ့ သားရည်ကလေးရယ်၊ ပန်းဝတ်မှုန်ရယ် ပေါင်းစပ်ထားတာလေ၊ သိပ္ပံပညာဘွဲ့ ဘယ်လောက်ထွန်းကား ထွန်းကား ပျားရည်ကို အတုမလုပ်နိုင်ဘူး၊ သဘာဝရဲ့ပျားရည်ဟာ အစွမ်းထက်သကိုး၊ ဒါတောင်မှ အေးတဲ့အရပ်က ပျားကြီးတွေက အကြီးကြီးတွေ၊ ဦးလေးတို့ပူတဲ့အရပ်က ပျားတွေကသေးပြီး အဆိပ်ပြင်းတယ်၊ အာနိသင်လည်း ရှိတယ်ကွဲ့"

"ဦး ဖော်တဲ့ဆေးတွေ နေရောင်ခြည်စွမ်းအားကြောင့် ပိုကောင်းနေတာလား မသိဘူး"

"အမှန်ပေါ့ မငွေရည်ရဲ့၊ ဦးလေးတို့ မိုးများတဲ့အရပ် အလွန်အေးတဲ့အရပ်မှာ သွားပြီး ဆေးဝါးဖော်စပ်မယ်ဆိုရင် ခုလိုဆေး ဘယ်စွမ်းမှာပဲ တုံမရယ်၊ နေရောင်ခြည် တေဇောဓာတ်ကြောင့် ဆေးတွေ ကောင်းနေတာ"

"ဦး ဆေးတွေက ကောင်းတာပဲရှိတယ်၊ အများသိအောင် ကြော်ငြာရမယ်၊ ဆေးတွေဖော်ပြီး ဖြန့်ရမယ်၊ ဒါမှ ဦး ငွေရမှာပေါ့"

"ဟဲ... မငွေရည်ရဲ့၊ အဲဒါက စီးပွားရေးအကြောင်းတွေလေ

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတို့ပြောနေတာ ဆေးပညာအကြောင်းကွဲ့"

❀ ❀ ❀

## ပီတိကိုစား အားရှိပါစ်

"ဟော… မငွေရည်တို့ပါကော လာကြ… လာကြ"

မငွေရည်နှင့်အတူ မိန်းမဝဝကြီးနှစ်ယောက်လည်း ပါလာ၏။

"ဦး ဟောဒီအန်တီက ဒီအန်တီဆီက ပျားရည်ဝယ်ပါတယ်၊ အဲဒီပျားရည် စစ်မစစ် သမီးကို လာမေးနေလို့ သမီးလည်း မပြောတတ်ဘူးလေ၊ ဒါကြောင့် ဦးဆီ ခေါ်လာတာ"

အင်း ပျားရည်စစ်ပါစေ စစ်ပါစေဖြင့် ကျွန်တော်စိတ်ထဲမှ ဆုတောင်းနေရင်း မစစ်ခဲ့သော် မစစ်ဘူးဟု ပြောရမှာ အားနာ၏။ မျက်နှာလည်း ပူ၏။

သူတို့ယူလာသော ပျားရည်ပုလင်းကို နေရောင်မှာ ထောင်ကြည့်လိုက်၏။ အရောင်အဆင်းကို သဘောကျ၏။ အရသာမြည်းကြည့်၏။ ဟုတ်၏။ အနံ့လည်း ဟုတ်၏။ ဝမ်းသာမိသည်။

"ပျားရည် စစ်တယ်၊ မငွေရည် ဝယ်လိုက် ဝယ်လိုက် ဘယ်လောက်တဲ့တုန်း"

"တစ်ပုလင်း ၂၀၀ တဲ့ ဦး"

"ဟော… ဟော… အိမ်… ခုခေတ် ခုအခါ ပျားရည်စစ်ရတန်ပါတယ်လေ"

"ကဲ… အဒေါ် ပျားရည်စစ်ပါတယ်၊ ဝယ်လိုက် ဝယ်လိုက်"

မငွေရည်က တိုက်တွန်းသည်။

"ပျားရည်ကောင်းသဗျ၊ ဘာသုံးမလို့လဲတဲ့"

"ဟိုဒင်းပါ… ကျွန်မယောက်ျား လက်ပန်ခါးနဲ့ ပျားရည်စားလိုတယ်ဆိုလို့"

"ဩော်… အင်း… အင်း၊ ဟုတ်တာပေါ့ ဟိုဒင်း…"



ကျွန်တော်က မေးမိသည်ကို အားတုံ့အားနာ ဖြစ်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ပန်ခါးနှင့် ပျားရည်သည် ပန်းသေပန်းညှိုးသူများအတွက် စားရန် အကောင်းဆုံးဖြစ်ပါသည်။ သူ့ခင်ပွန်းဝေဒနာကိုဖွင့်ပြောရမှာ ခက်သွားဟန်တူ၏။ မငွေရည်က လိမ္မာပါးနပ်စွာဖြင့်…

"ဦး ကျေးဇူးတင်ပါတယ် သမီးတို့ ပြန်မယ်နော်"

"ဟုတ်ပြီဗျာ ပြန်ကြ ပြန်ကြ"

မငွေရည်တို့သုံးယောက်သား ပြန်သွားကြသည်။ ကျွန်တော်သည် ဧည့်ခန်းမှာ ဖတ်လက်စ ဆေးစာအုပ်ကြီးကို ကုန်း၍ဖတ်နေစဉ်…

"ဆရာ…"

ခေါ်သံကြား၍ မော့ကြည့်လိုက်တော့ ဆိပ်ဖြူမြို့က ဆရာဦးရွှေကိုဖြစ်ပါသည်။ အသက်က ၃၀ ဝန်းကျင်လောက်ပဲ ရှိသေးသည်။

"ဆရာ ကျွန်တော့်ကို မှတ်မိလား"

"မှတ်မိတာပေါ့ဗျာ၊ ဆိပ်ဖြူမြို့က ဆရာဦးရွှေကို မဟုတ်လား၊ ဘယ့်နှယ်လဲ လက်ပန်ခါးနဲ့ပျားရည် အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့… ပြေပါတယ် ဆရာ၊ လက်ပန်ခါးနဲ့ပျားရည်က တော်တော် အစွမ်းထက်တာပဲနော်"

"ဆရာ ဦးရွှေကိုနယ် လက်ပန်ခါးများ ဘယ်လောက်တန်ဖိုးရှိတုန်းဆိုရင် ယူနန်ပြည်က လက်ပန်ခါးကို ဈေးကောင်းပေးဝယ်ကြသဗျ"

"တကယ်စွမ်းတာပဲ ဆရာရယ်၊ ကျွန်တော်တော့ ကျွန်တော့်ဘဝသွားပြီလို့ စိတ်ဓာတ်ကျနေတာ လက်ပန်ခါးနဲ့ပျားရည်နဲ့ကျမှ ဟုတ်ပေတော့တယ်"

"ဆရာ ဦးရွှေကိုက လက်ပန်ခါးချည်း ချီးမွမ်းနေတာကိုးဗျ၊ ပျားရည်ကလည်း အမျိုးသားတွေ ဟိုဒင်းအားကို ဖြစ်စေပါတယ်ဗျာ"

"ဆရာရယ် လက်ပန်ခါးရှာရတာ ခက်လိုက်တာ ဆရာရယ်၊ တော်တော့်ကို ရှာယူရတယ်၊ အဲ လက်ပန်ခါးရတာနဲ့ လက်ပန်ခါးကို အမှုန့်ပြုပျားရည်နဲ့ အလုံးကလေးတွေလုပ်၊ မနက်သုံးလုံး ညသုံးလုံး သုံးရက်လောက်စားလိုက်တာနဲ့ တကတဲ ဆရာရယ်"

ဆရာဦးရွှေကိုသည် အားနှင့်မာန်နှင့် တက်ကြွနေ၏။

"ဆရာ ဦးရွှေကို တခြားလူတွေ သိပ်လျှောက်မပြောနဲ့နော်၊

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာ ပျားရည်တောင် ဝယ်မရဘဲ ဖြစ်နေဦးမယ်၊ ပျားရည်ဆိုတာ သဘာဝပစ္စည်းဗျ၊ အလွန်အစွမ်းထက်တာ ပျားရည်ဟာ ပျားကောင်ရဲ့ သွားရည်ရယ် ပန်းဝတ်ရည်ရယ် ပေါင်းစပ်ထားတဲ့ အရာဗျ''

"ပျားရည်ဟာ ပန်းဝတ်ရည်က ရတယ် ပျားကောင်ရဲ့သွားရည်နဲ့ ပေါင်းစပ်ထားတာဆိုတော့ အလွန်တန်ဖိုးရှိတာပေါ့နော်''

"ဆရာ ဦးရွှေကို တစ်ဆက်တည်း သတိထားကြည့်လိုက်စမ်းပါ၊ ပျားပိတုန်းတို့စားသုံးတဲ့ ပန်းပေါဝန်မှာ အရောင်အသွေးတွေက ကျက်သရေ မင်္ဂလာရှိပါဘိ၊ အနံ့ကလည်း သင်းထုံပါဘိ၊ ဒီလောကမှာ အသန့်ရှင်းဆုံး အမွန်မြတ်ဆုံးဟာ ပန်းပွင့်ပဲ၊ ဆရာ ဦးရွှေကိုရဲ့ပန်းဝတ်ရည် ပန်းဝတ်မှုန်တို့ ဟာ ချိုမြိန်တဲ့အရသာ ရှိသဗျ၊ ပန်းပွင့်ကို မြင်ရသူ ဘဝချမ်းမြေ့တယ်၊ အဲဒီလိုသန့်ရှင်းကြည်လင်လှတဲ့ ပန်းပွင့်တွေကို ကျွန်တော်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဦးထိပ်ထားတဲ့ ဘုရားရတနာ တရားရတနာ သံဃာရတ နာ၊ ရတနာမြတ်သုံးပါးကို ပန်းနဲ့ပူဇော်ကြရသကိုး''

"ဟုတ်ပါတယ် ဆရာ''

"ကဲဗျာ အဲဒီကရတဲ့ ပျားရည်ဟာ ဘယ်လောက်မွန်မြတ်ဆေး ဖက်ဝင်လဲဆိုရင် ရသရည် အသွေးအသားဖြစ်လွယ်တယ်၊ ခွန်အားဖြစ်စေ တယ်ဗျ၊ ပျားရည်ဟာ နှစ်ပေါင်းဟာ နှစ်ပေါင်း ရာထောင်ကြာသော်လည်း မပုပ်မသိုးဘူးဗျ၊ အီဂျစ်ပြည်မှာ ခုအထိ ပျားရည်တွေ နှစ်ပေါင်း ၃၀၀၀ (သုံးထောင်) ကျော်ကြာပြီ၊ အရောင်သာမည်းသွားတယ် ပုပ်မသွားဘူး အာဟာရဓာတ် ပျက်မသွားဘူး၊ အဲဒါကို ဒီနေ့ သိပ္ပံရှင်တွေ အံ့ဩနေကြ တယ်၊ အနောက်နိုင်ငံကတော့ ပျားရည်ကို သိပ်တန်ဖိုးထားတယ်၊ ဘဝမှာ အပျော်ရွှင်ဆုံးအချိန်ဖြစ်တဲ့ ဖနီးမောင်နှံလက်ထပ်အပြီးမှာ နှစ်ဦးနှစ်ဝ ပျော် ရွှင်စွာနဲ့ခရီးထွက်ကြတာကို 'Honey Moon' တဲ့လေ။

"ဆရာ.. ပျားရည် စစ် မစစ် ဘယ်လိုစမ်းသပ်တုန်းဆရာ''

"အေးဗျ ပျားရည်ရဲ့အရောင်အဆင်း အနံ့အရသာမြည်စမ်းကြည့် ရင် သိပါတယ်ဗျ၊ အတွေ့အကြုံက စကားပြောပါတယ်၊ အတွေ့အကြုံမရှိသူ က ပျားရည် စစ် မစစ် စမ်းသပ်မယ်ဆိုရင် ပုလင်းအဖြူရောင်သန့်သန့်က လေးကို ရေစင်စင်ဆေးဗျ၊ အဲဒီပုလင်းထဲကို ပျားရည် တစ်ဝက်သာသာ လောက် ထည့်လိုက်၊ ပျားရည်စစ်ရင် နာရီဝက်လောက်ကြာရင် အမြှုပ်က



လေးတွေ တက်လာလိမ့်မယ်၊ တက်လာတဲ့ အမြှုပ်ထဲမှာ ပျားချေးလဲပါတယ်၊ ပုလင်းကို စောင်းကြည့်လိုက်ရင် ပျားချေးဥကလေးတွေ တွေ့ရလိမ့်မယ်၊ အဲဒါ ပျားရည်စစ်စစ်ပဲဗျ''

"ကျွန်တော်တို့ ဆိပ်ဖြူဘက်က ပျားရည် စစ် မစစ် စမ်းသပ်ပုံက ပျားရည်ကို လက်မှာ သုတ်လိမ်းလိုက်တယ်၊ ငါးတော့ လက်ဆေးချလိုက် တယ်၊ လျှောခနဲ လက်က ပျားရည်တွေပြောင်စင်သွားရင် ပျားရည်စစ်သတဲ့ ဆရာ ဟုတ်လား''

"ဟုတ်တာပေါ့ဗျ အဲဒါ ပျားစားလက်ဆေးလို့ ခေါ်သဗျ၊ သကြား နဲ့ပျားရည်နဲ့ရောတဲ့ ပျားရည်ကျတော့ အဲဒီလို လျှောကျမသွားဘူး၊ အဲဒီနည်း လည်း မှန်သဗျ''

"ပျားရည်ရဲ့ဂုဏ်သတ္တိတွေ ပြောပြပါဦးဆရာ''

"ပျားရည်ရဲ့ဂုဏ်သတ္တိတွေကတော့ အများကြီးပေါ့ဗျာ၊ ရသရည် အသွေးအသား ခန်းခြောက်သူတွေ ကာမဆန္ဒအားနည်းပြီး သုတ်ခန်းခြောက် တဲ့ရောဂါတွေ ပျောက်ကင်းစေတယ်ဗျ၊ မောပန်းနွမ်းနယ်သူ နှလုံးအားနည်း သူတွေ ပျားရည်စားမယ်ဆိုရင် အလွန်ကောင်းပေါ့ဗျာ''

"လူတွေ ပျားရည်အစွမ်းထက်ကြောင်း ကောင်းကောင်း မသိကြ ဘူး၊ ဒါကြောင့် ပျားရည်အစွမ်းထက်ကြောင်း များများရေးပေးပါဆရာ''

"မလုပ်နဲ့ဗျို့ ပျားရည်ကောင်းကြောင်း မြန်မာသာမက ကမ္ဘာ ကသိသွားရင် ကျုပ်တို့ဆင်းရဲသားတွေ ပျားရည်ကိုစားရမှာ မဟုတ်တော့ဘူး၊ စိန်တို့ ပတ္တမြားတို့လို တန်ဖိုးမြင့်သွားမှာကြောက်ရသကိုး''

"ဟုတ်တယ်ဆရာ အခုတောင် ကျွန်တော်တို့ ဆိပ်ဖြူမှာ ပျား ရည်တစ်ပုလင်း ၂၀၀ ကျပ်တဲ့''

"ဆရာ့တပည့်တွေ အားမကိုးရဘူးလား''

"တပည့်တွေကတော့ ပေါပါတယ်ဆရာ၊ ပျားရည်က တစ်ပုလင်း နှစ်ရာဆိုတော့ အသိမပေးဝံ့ဘူး၊ ကိုယ်ဘာသာကြိတ်ရှာတယ်''

"ဆရာဆိုတာ တပည့်တွေကို ဒုက္ခပေးချင်ဘူးပေါ့လေ၊ တစ်နေ့ က ပညာရေးဌာနက မိတ်ဆွေတစ်ဦးက ကျွန်တော့်ကိုပြောပြလို့လား၊ ဖောက်သည်ချရဦးမယ်''

"ဟုတ်ကဲ့ခင်ဗျာ၊ ကြားရအောင် ဘယ်လိုပါလိမ့်''

"ဒီလိုဗျ ကျွန်တော့်မိတ်ဆွေက ရန်ကုန်ကိုအလည်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရန်ကုန်ပြည်လမ်း သုတေသနအဆောက်အဦးမှာ ၁၁ ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲနဲ့ ကြုံရသတဲ့၊ ပညာတန်ဆောင် စာစောင်က ကြီးမှူးကျင်းပတဲ့ ပွဲပေါ့၊ အဲဒီပွဲမှာ အသက် ၇၀ ကျော် စာရေးဆရာကြီးက အငြိမ်းစားပညာရေးတက္ကသိုလ် ပါမောက္ခတွေ အခြေခံပညာညွှန်ကြားရေးမှူး ချုပ်ဟောင်းတွေလည်း ပါသတဲ့၊ အဲဒါတပည့်တွေက ဝိုင်းဝန်းကန်တော့ကြတဲ့ ပွဲတဲ့၊ အဲဒီပွဲမှာ ဆုံးမစကားကိုအငြိမ်းစား ညွှန်ကြားရေးမှူးဆရာကြီးဦးသန်း ဦးက ပြောသတဲ့၊ အပ္ပဒေန သမ္မာဒေထ မိမိကိုယ်မိမိ မမေ့မလျော့ မပေါ့ဆ နဲ့ သတိရှိကြပါလို့ မိန့်သတဲ့ဗျ၊ ပြီးတော့ ဆရာကြီးက ဆရာဆိုတာ တပည့်မ ရှား တစ်ပြားမရှိပေမယ့် ခုလိုကန်တော့ကြတော့လည်း ပီတိကိုစားပြီး အားရှိ တာပေါ့ဗျာ၊ ဒြော် ဒါနဲ့ ခင်ဗျားတို့က ကျွန်တော်တို့ကို ကန်တော့နေရင်းက ကျွန်တော်တို့ကို သတိပေးနေသလိုပါပဲလား၊ တခြားတော့ မဟုတ်ပါဘူး၊ အကန်တော့ခံ ဆရာတို့ကလည်း တပည့်တွေရဲ့ကန်တော့ခြင်းကို ခံထိုက် တဲ့ဆရာ သီလသမာဓိ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ဆရာ၊ ဂုဏ်တရားတွေနဲ့ ညီညွတ်တဲ့ဆရာ၊ ပူဇော်ခံထိုက်တဲ့ စံပြဆရာများအဖြစ် ရပ်တည်နိုင်ကြပါစေ၊ ပြည်သူ့ဆရာဘဝကို ခံယူနိုင်သူများဖြစ်ကြပါစေ သတိပေးနေသလို ခံစားမိ တယ်ဗျလို့ ဆရာကြီး ဦးသန်းဦးက ဆုံးမစကားများ ထည့်သွင်းသွားတယ်လို့ သိရသဗျ''

''ကောင်းလိုက်တာဆရာရယ်၊ ကျွန်တော့်တို့ ဆရာတွေအတွက် အလွန်တန်ဖိုးရှိတဲ့ ဆုံးမစကားပါ''

''အေးဗျာ ဆရာဆိုတော့ တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားရှိ၏ ဆိုသလို ကျွန်တော်တို့ ဆေးဆရာတွေကလည်း ရောဂါဝေဒနာရှင် များ ပျောက်ကင်းချမ်းသာတာ မြင်ရရင် တယ်ပြီး ပီတိဖြစ်သကိုး ဆရာရဲ့''

ဆရာဦးရွှေကို၏မျက်နှာသည် ကြည်လင်ဝင်းပနေ၏။ ကျွန်တော် တို့ထိုင်နေသော ဧည့်ခန်းမှာ ကျက်သရေ မင်္ဂလာအပြာဖြာနှင့် ဝေဆာနေ သည်ပါတကား။



## ဓချုပ်တာညီးပါနှင့်

နံနက်တိုင်း လမ်းလျှောက်လေ့ရှိသော ပင်စင်စား ဦးလေးကြီး သည် မြို့တစ်ပတ် လမ်းလျှောက်ရာမှ အပြန် ကျွန်တော့်အိမ်သို့ ဝင်လာပါ သည်။

''ဦးလေး လမ်းလျှောက်ပြန်ခဲ့ပြီလား ခင်ဗျ၊ မင်္ဂလာပါ၊ ကြွပါ ခင်ဗျ''

ထိုပင်စင်စား ဦးလေးကြီးသည် အမောပြေ ကျွန်တော်တည်ခင်း ဧည့်ခံသော ရေနွေးကြမ်းတစ်ခွက်သောက်အပြီး . . .

''ခုတလော ကျုပ် လမ်းလျှောက်ရတာ မောတယ်ဗျ''

''ဦးလေးက အရင်ထက် ပိုလျှောက်သလား ခင်ဗျ''

''ဟုတ်တယ်၊ ခါတိုင်း ဒီဈေးရပ်ကွက်နေပြီး မကွေးကောလိပ်အ ထိ လျှောက်တယ်၊ ခုတော့ မဟုတ်တော့ဘူး၊ မကွေးကောလိပ်ကနေပြီး အရှေ့ကို ထောင်တက်သွားတယ်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း လမ်းမကြီးအထိ လျှောက်ပြီးမှ ပြန်ဆင်းလာတာကိုး၊ နည်းနည်းတော့ များ တယ်''

''ဟုတ်ကဲ့ ခင်ဗျ၊ လမ်းလျှောက်တာ များတယ်၊ ဦးလေးကအ သက် ၇၀ နီးနေပြီ အခုတော်သလင်းလ ပူတယ်၊ တော်သလင်းနေ ပုစွန်သေ ဆိုတဲ့စကားအတိုင်း ပူပြင်းတဲ့လရာသီမှာ ပြင်းပြင်းထန်ထန် လမ်းမလျှောက် သင့်ပါဘူး၊ ဆောင်းရာသီဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့၊ မိုးအကုန် ဆောင်းအကူး ဒီဖင်ဘာလမှာ လမ်းလျှောက်တာ အကောင်းဆုံးပဲ ခင်ဗျ၊ နေတစ်ထိုင် သွားတစ်ထိုင် ဆိုစကားလို ဣရိယာပုတ်မျှတဖို့ လမ်းလျှောက်ရ ပါမယ်၊ ပြီးတော့ ထိုင်၍နားနေရမယ် အိပ်စက်ရမယ်၊ အဆီအဆိမ့် အစား များသူတွေ ခန္ဓာကိုယ်ဝဖြိုးမလာအောင် လမ်းမှန်မှန် လျှောက်သင့်ပါတယ်''

ခရီးသွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြဲ့နိုင်အားအင်
အစာကြေလျက်
မပြတ်သမာဓိ
ငါးပါးရှိ၏။
မြတ်၏ စကြဲအကျိုးတည်း။ တဲ့…

လမ်းလျှောက်တဲ့ ပုဂ္ဂိုလ်ဟာ ခရီးများများ သွားနိုင်ပါတယ်၊ ရောဂါကင်းစင်ပြီး ခန္ဓာကိုယ်ကြံ့ခိုင်နိုင်ပါတယ်၊ အစားအစာတွေလည်း ကျေလွယ်ညက်လွယ်ပါတယ်၊ တည်ကြည်တဲ့ သမာဓိလည်း ရပါတယ်တဲ့"

"ဟုတ်တယ် မောင်၊ ဒါ့ကြောင့် ကျုပ်လမ်းလျှောက်တာပေါ့"

"မှန်ပါတယ်ခင်ဗျ လမ်းလျှောက်တာ ကောင်းတယ်ဆိုပေမယ့် ရာသီဥတုကို ကြည့်ရပါမယ်၊ သိပ်ပူပြင်းတဲ့အချိန်မှာ ဦးတို့လိုအရွယ် သိပ်လှုပ်လှုပ်ရှားရှား မလုပ်ရပါဘူး။ အခု ဦးလေးလမ်းလျှောက်တာက တော်သလင်းလ ပူတယ်၊ ပြီးတော့ ခါတိုင်းထက်ပိုပြီး ဝေးဝေးလျှောက်တယ်၊ ဒါကြောင့် မောတာပါ"

"ဒါဖြင့်ရင် ကျုပ်လမ်းလျှောက်တာ ပိုသွားလို့ပေါ့ ဟုတ်လား"

"မှန်ပါတယ် ခင်ဗျ၊ ဦးလေးလမ်းလျှောက်တာ များသွားပါတယ်၊ အလွန်အကျွံ မလုပ်ရပါဘူး။ အလွန်အကျွံလုပ်ရင် ရောဂါရသလို ချုပ်တည်းမှုတွေ သိပ်ပြုလုပ်ရင်လည်း ရောဂါရနိုင်တာပါပဲ"

"မောင့်ဟာက အဆန်းပဲ၊ ကျုပ်တို့ စိတ်ကိုနိုင်နင်းအောင် ကြံ့ခိုင်အောင် ချုပ်တည်းမှုတွေ ကျင့်ကြံအားထုတ်နေတာ မောင်ရဲ့"

"ဦးလေး အမိန့်ရှိတာ မှန်ပါတယ်ခင်ဗျ၊ အဲဒါက မကောင်းတဲ့စိတ်တွေ အကုသိုလ်နယ်ထဲ ရောက်မသွားရအောင် ချုပ်တည်းထားတယ်၊ စိတ်ကို စောင့်ရှောက်ထားတယ်၊ အဲဒါ အလွန်မှန်ပါတယ်၊ အခု ကျွန်တော်တင်ပြတာက ကျွန်တော်တို့ ပုထုဇဉ်လူသားတွေကို သဘာဝတရားက ပေးထားတဲ့အတိုင်း သဘာဝအတိုင်းနေထိုင်ခြင်း မပြုဘဲ ချုပ်တည်းမှုတွေများလွန်ရင် ရောဂါရကြောင်းကိုပြောတာပါခင်ဗျာ၊ မန်လည်ဆရာတော်ဘုရားကြီးက အခုလိုအမိန့်ရှိသွားပါတယ်"

အစာကြေမှု၊ စားထဘောဇဉ်



အစဉ်မှတ်လွယ်၊ ကြီးငယ်နှစ်ပါး
ကျင်အသွားကို၊ မတားအဟုန်
မေတုန်ကြဉ်ရှား၊ သူ့အားမသတ်
ဤငါးဖြာလည်း၊ သက်အားယုမြတ်
ရှည်ကြောင်းမှတ်လော့။ ။

"ဟုတ်ပြီ မန်လည်ဆရာတော်ကြီး အမိန့်ရှိတာကို ကျုပ်သဘောတူတယ်၊ ကျင်ကြီးကျင်ငယ်သွားချင်တာ မချုပ်တည်းရဘူးဆိုတာကိုး"

"ဒါတွင် မကသေးဘူး ခင်ဗျ၊ နှာချေတက်ခြင်း၊ သမ်းဝေခြင်း၊ လေချဉ်တက်ခြင်း၊ ချောင်းဆိုးခြင်း၊ အိပ်ငိုက်ခြင်း၊ သုက်လွှတ်ခြင်း၊ အဲဒါတွေ မချုပ်တည်းရပါဘူးခင်ဗျ၊ ချုပ်တည်းပါများရင် ရောဂါရနိုင်ပါတယ်"

"ဗျာ ရောဂါရနိုင်တယ် ဟုတ်လား"

"မှန်ပါတယ် ခင်ဗျ၊ အဲဒီကိစ္စတွေကို မတားမြစ်ရပါဘူး၊ မချုပ်တည်းရပါဘူး၊ ဒီနေရာမှာ ဦးလေးနဲ့ကျွန်တော် နှစ်ယောက်တည်းရှိလို့ မရှိသေ စကားပြောရရင် များစွာသောအမျိုးသားတွေဟာ သူတို့ရဲ့ အမျိုးသမီးတွေနဲ့ ကိုယ်လက်နှီးနှောကြတဲ့အခါမှာ အတွေ့အထိခံစားမှု အာရုံကိုမတင်းတိမ်နိုင်ဘဲ ချုပ်တည်းကြပါတယ်၊ သုက်လွှတ်မှုချုပ်တည်းပါများတဲ့အခါ အလွန်သန့်စင်တဲ့ သုက်သွေးဟာ အကြောပေါင်းတစ်ထောင်က ရွေ့လျားလာရပါတယ်၊ အဲဒါကိုရပ်တန့်သွားစေလိုက်တယ်၊ တစ်ခါ နိုးထစေပြန်ရောကြာတော့ လမ်းကြောင်းမှာ သုက်ခါတ်တွေ ပိတ်ဆို့ပြီး အခုအနောက်နိုင်ငံမှာဖြစ်နေတဲ့ AIDS ရောဂါဆိုတာတွေ ဖြစ်လာတာပါ၊ အဲဒါ မူးယစ်ထုံထိုင်းဆေးမှိုဝဲထားသူဆိုရင် သူ့အာရုံကြောသေရောဂါတွေ များလာပါတယ်ခင်ဗျ"

"အင်း… မောင့်အယူအဆ ယုတ္တိရှိလား"

"အဲ ခုနက မန်လည်ဆရာတော်ဘုရားကြီး အမိန့်ရှိသွားတဲ့ ကျင်ကြီးကျင်ငယ် မချုပ်တည်းရဘူးတဲ့၊ ချုပ်တည်းပါများရင် ခေါင်းကိုက်တဲ့ဝေဒနာ ပေါင်တောင့်တဲ့ဝေဒနာအဆစ်အမြစ်တွေ ကိုက်ခဲတဲ့ဝေဒနာတွေဖြစ်လာနိုင်ပါတယ် ခင်ဗျ"

"လေလည်ချင်တာကို မလည်ဘဲ ချုပ်တည်းထားရင်ကော မောင်"

"ချက် ပတ်ပတ်လည်ဟာ လေနယ်ပါ ခင်ဗျ၊ လေကို ချုပ်တည်း

www.burmeseclassic.com

www.burmeseclassic.com



ထားရင် အလုံးအခဲဖြစ်တတ်ပါတယ်၊ ချက်ပတ်ဝန်းကျင်မှာ ဖြစ်တတ်ပါတယ်၊ ဆီးချုပ် ဓာတ်ချုပ် လေချုပ်ရောဂါတွေဖြစ်ပြီး မျက်စိနဲ့ပတ်သက်တဲ့ ရောဂါ ရနိုင်ပါတယ်၊ ဆံဖြူလွယ်မယ် နားအူမယ်"

"အစားအသောက်ကို ဆာလောင်ပါလျက်နဲ့ မစားမသောက်ဘဲ ချုပ်တည်းထားရင်ကော ဘာရောဂါတွေဖြစ်တုန်းမောင်"

"အစားအသောက်ကိုဆာလောင်ပါလျက်နဲ့ မစားမသောက်ဘဲ ချုပ်တည်းထားရင် ခန္ဓာကိုယ်လေျာ့ရဲ နွမ်းနည်းနိုင်ပါတယ်၊ စိတ်နှလုံးလည်း မကြည်မလင်ဖြစ်တတ်ပါတယ်ခင်ဗျ၊ ဒါကြောင့် ဆာလောင်မွတ်သိပ်တဲ့အခါ ဒေါသကြီးတာ တွေ့ရပါတယ်"

"အင်း. . . မောင်ပြောမှ သတိထားမိတယ်၊ ကျုပ် ရုံးမှာလုပ်တုန်းက အစည်းအဝေးတွေကများ အစည်းအဝေးပြီးတော့ ဧည့်သည်တွေကများ စားချိန်တန် မစားရတော့ စိတ်တိုသလို ဟား. . . ဟား၊ ခုမှ သဘော ပေါက်တယ်"

"မှန်ပါတယ် ခင်ဗျ၊ သဘာဝကို မဆန့်ကျင်ရပါဘူး၊ စားချိန်တန် စား အိပ်ချိန်တန် အိပ်ရပါတယ်၊ မချုပ်တည်းရပါဘူး"

"အိပ်ချင်ပါလျက်နဲ့ မအိပ်ဘဲ ဖွတ်ချုပ်တည်းထားရင်ကော မောင်"

"မျက်စိတွေ လေးလံလာပြီး ခွန်အားဆုတ်ယုတ်တတ်ပါတယ်၊ အနည်းအကျဉ်း သုတ်လွှတ်မှုချုပ်တည်းထားရင်တော့ လိင်ဥရောင်လာတတ်ပါတယ် ခင်ဗျ၊ သုက်ကျောက်တည်ရောဂါ ရနိုင်ပါတယ်၊ ဒါကြောင့် ဘယ်လောက်ပဲ အာဟာရတွေအင်္ကာင်းဆုံးအစားအစာတွေ စားစား သဘာဝတရားက ဖန်တီးပေးထားတာတွေကို ချုပ်တည်းထားမယ်ဆိုရင် ရောဂါအထွေထွေ ရတတ်ပါတယ်ခင်ဗျ၊ အစစ အရာရာ မချုပ်တည်းရဘူးဆိုပြီး လွန်လွန်ကျူးကျူး မေတုန်မှုတွေ ပြုကျင့်ရင်တော့ အသက်တိုတတ်ပါတယ် ခင်ဗျ၊ အထူးသဖြင့် အသက် ၆၀ ကျော်လာရင် သတိထားပြီး ရှောင်ရှားသင့်ပါတယ်"

"မောင်ပြောတာတွေ သဘာဝကျပါတယ်၊ ကျုပ်တို့ လင်မယားကတော့ အသက် ၆၀ ကျော်ကတည်းက မောင်လိုနှစ်မလိုနေလာတာကြာပါပြီ မောင်ရယ်"



"ဟုတ်ကဲ့ ခင်ဗျ၊ ဒါမှ ရောဂါကင်းရှင်းပြီး အသက်ရှည်မှာကိုး၊ တာဝနာတရား များများပွားများနိုင်တာပေါ့ ခင်ဗျ"

"ကောင်းပါလေ့ မောင်ရယ်"

## အဆီကျ အသားကျစ်ပိန်ဆေး

"ဦး. . ."

"ဟော. . . မငွေရည်ပါကော၊ မလာတာ ကြာပကော"

"ဟုတ်ကဲ့ ဦး၊ သမီးတို့ကျောင်းမှာ စာမေးပွဲတွေ ကျင်းပနေရပြီ၊ ဒါကြောင့် ဦးဆီမလာဖြစ်တာ"

"အခု ဘယ်ကိုသွားမလို့တုန်း"

"ဦးဆီ တမင်လာတာ"

"ဘာကိစ္စလဲ ပြော"

"သမီးတို့ကျောင်းက ဆရာမကြီးအတွက်ပါ၊ ဆရာမကြီးက ဦးဆီက ပိန်ဆေး အသားကျစ်ဆေး ဖော်ခိုင်းပေးစမ်းပါတဲ့"

"မငွေရည်တို့ ဆရာမကြီးက တော်တော်ဝသလားဟဲ့"

"ဝတယ် ဦး"

"မငွေရည်က ပိန်ဆေးဓာတ်စာ ပေးပါတော့လား"

"သမီးကတော့ ပြောတာပဲ၊ ဝက်သားရှောင်ပါ၊ အချိုအဆိမ့်တွေ စားပါနဲ့လို့ သမီးပြောတာထက် ဦးတို့လို ဆေးဆရာတွေပြောတာ သူတို့က သက်ခံမှာ"

"အေး. . . မငွေရည်တို့ ဆရာမကြီးက ဝတော့ လေးလံထိုင်းမှိုင်းမှာပေါ့၊ ဒီတော့ အချို့အဆိမ့်တွေကြိုက်မှာပဲ အဲဒါတွေ ရှောင်ခိုင်း"

"ဦး လက်ရေးနဲ့ရေးပေးလိုက်ပါဦး၊ သမီးဆိုရင် အချင်းချင်းဆိုတော့ လေးစားမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဟယ် ဦးလေး ရေးပေးလိုက်ပါမယ်"

ကျွန်တော်က ပြောပြောဆိုဆိုနှင့်စာရွက်တစ်ရွက်ပေါ် ဝလွှန်း... များအတွက် ရှောင်ရန် အစားအစာဟူ၍ ခေါင်းစဉ်တပ်လိုက်ပါသည်။ ပြ... တော့. .

ဝက်သား၊ ဘဲသား၊ ဒံပေါက်၊ အုန်းထမင်း၊ နွားနို့၊ ကြက်ဥ၊ ... တင်း၊ မြေပဲဆီ၊ လွှန်ဆီ၊ ထောပတ်၊ မလိုင်မုန့်၊ ကိတ်မုန့်၊ ဖာလူဒါ၊ ငှက်... ပျောသီး၊ အဆီအစေးများသော အစားအစာများရှောင်ပါ။

"ဦး. . ဆရာမကြီးက ပိန်ဆေး ဖော်ပေးစမ်းပါတဲ့"

"ဟော. . ပိန်ဆေး ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"ဦးလေး မဖော်ချင်ပါဘူးဟယ်၊ ဆေးနည်း ရေးပေးလိုက်မယ်... ကိုယ့်ဘာသာ ဖော်စားလို့ပြောလိုက်ပေါ့"

ကျွန်တော်က စာတစ်ရွက်ကိုယူ၍ အောက်ပါအတိုင်း ပိန်ဆေးအ... သားကျစ်ဆေး ဆေးနည်းရေးပေးလိုက်ပါသည်။

| | |
|---|---|
| ဇာသီးဆံ | ၃ ကျပ်သား |
| လေးညှင်း | ၃ ကျပ်သား |
| နံ့သာဖြူ | ၃ ကျပ်သား |
| နံ့သာနီ | ၃ ကျပ်သား |
| ဒန့်ဒကူးနီ | ၃ ကျပ်သား |
| ဒန့်ဒကူးဖြူ | ၃ ကျပ်သား |
| ပန်းရင်း | ၃ ကျပ်သား |
| ကံ့ကော်ဝတ်ဆံ | ၃ ကျပ်သား |
| ပရုပ် | ၃ ကျပ်သား |
| ကြံ့သွေး | ၃ ကျပ်သား |
| စမုန်မျိုးငါးပါး | ၃ ကျပ်သား |
| ဖလူးမတောင်ဖေး | ၂၅ ကျပ်သား |
| ထန်းလျက် | ၂၅ ကျပ်သား |
| ရှားစောင်းလက်ပတ်အနှစ် | ၂၅ ကျပ်သား |

ဦးစွာ ပထမ ရှားစောင်းလက်ပတ်အနှစ် ၂၅ ကျပ်သား၊ ထန်...



...လျက် ၂၅ ကျပ်သား၊ ဖလူးမတောင်ဖေး ၂၅ ကျပ်သားတို့ကို ကျိုချက်ပါ။ ...ပြီးမှ ကျန်ရှိဆေးများထည့်ရမည်။

နံနက် ၈ နာရီ လက်ဖက်စားဇွန်း နှစ်ဇွန်း

ညနေ ၄ နာရီ လက်ဖက်စားဇွန်း နှစ်ဇွန်း စားပါ။

ဆေးအကျိုးကား အသားပွသူ ဝလွှန်းသူများအတွက် အသားအ... ...ရေလုပပြီး ခန္ဓာကိုယ်ကျစ်လစ်ပေါ့ပါးစေ၏။

"ဦး. . ဒီဆေးက ဦး လက်တွေ့ ဆေးပေါ့နော်"

"ဒီဆေးက မန္တလေးမြို့မှာ အင်မတန် နာမည်ကြီးတဲ့ သမား ...တော်ကြီး ဦးအုန်းရွှေတဲ့၊ ဦးလေးနဲ့ အင်မတန်ရင်းနှီးတဲ့ မန္တလေးတိုင်း ...ရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး ဦးဉာဏ်ထွန်း(ယခု ပင်စင်စား)ရဲ့ဖခင်ကြီးကွဲ့၊ ...သူ့ဆီက ရတဲ့ဆေးနည်း။ အဲဒါ မငွေရည်တို့ဆရာမကြီး ဝလာတာ ဖော်စား...ိုင်းပေတော့"

မငွေရည်သည် ကျွန်တော်ရေးပေးသော ဆေးနည်းကိုတစ်လှည့် ကျွန်တော့်ကို တစ်လှည့်ကြည့်နေ၏။ တစ်ခုခုပြောရန် ဟန်ပြင်နေသည်။ ပြောသင့် မပြောသင့် စဉ်းစားနေဟန်တူ၏။

"ကဲ. . . အဲဒါပဲ မငွေရည်"

ကျွန်တော်က မိမိရေးလက်စ စာမူကို စာရေးမပျက်စေရန် မငွေ ...ည်ကို ယဉ်ကျေးစွာ သွားတော့ ပြန်တော့ဟူသော နှင်နည်းမျိုးဖြင့် နှင်လိုက် ...၏။ မငွေရည်က စာရွက်ကိုငေးကြည့်နေရာမှ. . .

"ဦး. . "

"ပြောဗျ၊ မငွေရည် ဘာပြောဦးမလို့လဲ၊ အဲဒါပဲလေ မရှင်းတာ ...တာရှိလဲ ပြော"

"မရှင်းတာ မရှိပါဘူး ဦး။ ဒါပေမယ့် ဦး အိမ်မိုးမလုံဘူးနော်"

"အဲဒါ ဘာဖြစ်လဲ မငွေရည်ရဲ့"

"ဒီပိန်ဆေး အသားကျစ်ဆေး ဦးဖော်ရောင်းပါလားဟင်၊ ဒါမှ ...ဦးအိမ် မိုးလုံလေလုံ ဖြစ်မှာ"

"ဟယ် မဟုတ်တာတွေ လာပြောနေပြန်ပြီ၊ သွားတော့ သွား ...တော့"

"မဟုတ်တာ ပြောတာမဟုတ်ပါဘူး၊ ဟုတ်တာပြောတာပါ ဦး

www.burmeseclassic.com



ရဲ့၊ ဦးတို့လို ဆေးပညာရှင်တွေ မိုးသုံလေလုံနဲ့နေစေချင်တဲ့ သမီးဆန္ဒအမှန်ပါ၊ သမီးမေးမယ်နော် ဦးဖြေပါ''

မငွေရည့် အသံက မာဆတ်ဆတ် မာကျောကျောဖြင့် သူ့ကိုမျက်မှောင်ကုတ် ကြည့်လိုက်၏။

''ဒီမှာ ဦးက စာရေးဆရာလား ဆေးဆရာလား''

''စာရေးဆရာလည်း ဟုတ်တယ် ဆေးဆရာဆိုရင်လည်း မှန်တယ်''

''ဦးက စာရေးဆရာဆိုတော့ လက်တွေ့ စာတွေရေးနေတယ်၊ ဦးသိသမျှတွေ ကြားသမျှတွေ အများသိအောင် ဖျံ့ဖြူးတယ်၊ အမျှဝေတယ်၊ ပြီးတော့ ဦးက ဆေးဆရာဆိုရင်လည်း မှန်တယ်ဆိုတော့ ဆေးဆရာအလုပ်က ဆေးဖော်ရမယ်လေ၊ သမီးတို့က ကျောင်းဆရာမ မိမိတတ်ကျွမ်းတဲ့အလုပ်နဲ့ ကျောင်းသား ကျောင်းသူတွေကို စာသင်ပေးတယ်၊ ဒါမှ သဘာဝကျတယ်၊ ဦးကလည်း ဆေးဆရာဆိုတော့ ဆေးဖော်ရမှာပေါ့၊ ဦးတို့လို တတ်ကျွမ်းတဲ့ဆေးပညာရှင်တွေ ဆေးဖော်မှ ဆေးဟာ မှန်ကန်တိကျပြီး ဝေဒနာရှင်တွေ ပျောက်ကင်းချမ်းသာမှာပေါ့၊ ဦး ခဏခဏပြောတဲ့ စကားတစ်ခွန်းရှိပါတယ်၊ တို့သွေး တို့သားကို တို့ဆေးဝါးနဲ့ကျန်းမာစေရမယ်ဆို''

ထိုစဉ် ကျွန်တော့်အိမ်သူက ထန်းလျက်ခဲ တစ်ပန်းကန်နှင့် ရေနွေးကြမ်းလာချ၏။ မငွေရည်က အိမ်သူကို ရှိသေလေးစားသောအသွင်ဟန်အမူအယာဖြင့် မော့ကြည့်လိုက်ပြီး ကျွန်တော်မမြင်အောင် မျက်စိကလေးတစ်ဖက် မှိတ်ပြလိုက်၏။

''တော်တော်လည်တဲ့ ကောင်မလေး''ဟု ကျွန်တော်က စိတ်ထဲမှ ကျိန်ဆဲလိုက်မိသည်။

''ကဲ... မငွေရည် ဦးလေးကိုပြောချင်တာတွေ ပြောပြီးပြီ မဟုတ်လား၊ ဦးလေး စာရေးလိုက်ဦးမယ် ပြန်တော့''

''မပြန်ဘူး ဦး၊ ဦးဆီက ဒီအသားကျစ်ပိန်ဆေး ဖော်ပါမယ်ဆိုတဲ့ကတိရမှ ပြန်မယ်''

''မငွေရည်က ဦးလေး သဘောထားကို သိရက်သားနဲ့ မငွေရည်ပြောသလို ပိန်ဆေးဖော်ပါပြီတဲ့၊ မကျွေးဝင်းမြင့် အထူးဖော်စပ်ထားတဲ့ အသားကျစ်ပိန်ဆေးလို့ကြော်ငြာရင် ဖတ်ရတဲ့ ပရိသတ်က ဘယ်လိုထင်မလဲ၊



ဦးလေး လိပ်ပြာမသန့်ဘူး၊ ခွေးကျိုးနဲ့ယှန်လိုက်တာ စားချင်မှန်း လူသိဖြစ်မနေဘူးလား၊ ဒါကြောင့် စဉ်းစားပါဦး မငွေရည်ရယ်''

''စဉ်းစားခိုင်းမနေနဲ့ကိုဟတ္ထာရေ၊ မငွေရည်ပြောတာတွေ အမှန်တွေချည်းပဲတော့၊ တော်သာ စဉ်းစား''

အိမ်သူသက်ထားသည် ကျွန်တော်တို့အနား ဘယ်အချိန်မှာ ပြန်ရောက်လာမှန်းမသိ။ အိမ်သူက တစ်ချက်လွှတ်အမိန့် ဒီဂရီချမှတ်လိုက်ပါတော့သတည်း။

❖ ❖ ❖

## ၁၂ လရာသီ မာတိ

''တို့စာတွေ ၁၂ လရာသီရှိတဲ့အနက် ရာသီအလိုက် ပန်းတွေ ပွင့်ကြတယ်၊ ၁၂လ ပွဲတော်တွေလည်း ကျင်းပခဲ့ကြတယ်၊ တန်ခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လမှာ ညောင်ရေသွန်းပွဲ၊ နယုန်လမှာ စာပြန်ပွဲ၊ ဝါဆိုလမှာ ပဉ္စင်းခံပွဲ၊ ဝါခေါင်လမှာ စာရေးတံပွဲ၊ တော်သလင်းလမှာ ရေသဘင်ပွဲ၊ သီတင်းကျွတ်လမှာ မီးမြင်းမိုရ်ပွဲ၊ တန်ဆောင်မုန်းလမှာ ကထိန်ပွဲ အစရှိသဖြင့်ပေါ့၊ သူ့လအလိုက် ပွဲတွေကျင်းပခဲ့ကြတယ်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအတိုင်းတွေကို မြတ်နိုးခုံမင်စွာ ကျင်းပခဲ့ကြတယ်၊ အဲဒီ ရိုးရာယဉ်ကျေးမှုတွေပျောက်ရင် လူမျိုးပျောက်တာပဲ၊ ရာသီအလိုက် ပွဲတွေကျင်းပတာဟာ ပျော်ပွဲရွှင်ပွဲသက်သက် မဟုတ်ဘူးကွဲ့၊ တိုင်းပြည်မှာ စွယ်စုံပညာရှင်တွေ ပေါ်ထွက်လာဖို့ကျင်းပတာ ဖြစ်တယ်၊ နိုင်ငံကို ကာကွယ်စောင့်ရှောက်ဖို့ ကျင်းပတာ ဖြစ်တယ်၊ နိုင်ငံကိုကာကွယ်စောင့်ရှောက်မယ့် စစ်သည်တို့ရဲ့ ကောင်းတွေ ပေါ်ပေါက်လာဖို့ တော်သလင်းလမှာ လှေပြိုင်ပွဲ ကျင်းပတာ၊ လက်ရုံးရည် နှလုံးရည်စွမ်းရည်ထက်မြက်ပြီး ရေတပ်မတော် အင်အားကောင်းဖို့ပေါ့၊ တစ်နည်းအားဖြင့် ပြောရရင် လက်ရုံးရည် စစ်ပညာအရည်

www.burmeseclassic.com

www.burmeseclassic.com



အချင်းစစ်တဲ့ ပွဲကြီးပဲပေါ့၊ ပြီးတော့ နယုန်လမှာ စာပြန်ပွဲ၊ ဝါဆိုလမှာ ပဋ္ဌာန်းခံပွဲကလည်း တိုင်းပြည်မှာ လောကီ လောကုတ္တရာ တိုးတက်ဖို့ ထူးချွန်တဲ့ ပညာရှင်တွေပေါ်ထွက်လာရေး ကျင်းပတာ၊ လွတ်လပ်ရေးအောင်ပွဲ စာဆိုတော်နေ့ စာပေဟောပြောပွဲဆိုတာတွေကလည်း တို့လူမျိုးရဲ့စိတ်သဏ္ဍာန်မှာ နိုင်ငံကိုချစ်တဲ့စိတ် အမျိုးကိုချစ်တဲ့စိတ် စာပေကို မြတ်နိုးတတ်တဲ့စိတ် တို့မျိုးရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို မြတ်နိုးတတ်တဲ့စိတ်ဓာတ်တွေ ရင့်သန်ကြီးထွားလာအောင် လှုံ့ဆော်တဲ့ပွဲ တွေပဲပေါ့၊ အဲ ဦးလေးတို့တိုင်းရင်းဆေးဆရာတွေကလည်း မြန်မာမြေ မြန်မာရေ မြန်မာ့ရာသီဥတု မြန်မာ့အစားအစာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို အခြေခံပြီး ၁၂ လရာသီ ဓာတ်စာစားကြသကွဲ့"

ကျွန်တော်သည် မငွေရည်တို့ကျောင်းမှာ မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များဖြစ်ကြသော စာရေးဆရာ ကျော်ဇောလင်း(မကွေး)၊ မကွေးဝင်းမောင်တို့နှင့်အတူ ကျွန်တော်သည် ကျောင်းသားကျောင်းသူကလေးများအား မူးယစ်ဆေးဝါးတားဆီးရေးနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှု အန္တရာယ် ကာကွယ်ရေးတို့ကို အခြေခံပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို အထက်ပါအတိုင်း ဟောပြောပါသည်။

"မြန်မာနိုင်ငံမှာ ရာသီဥတုသုံးမျိုး ရှိသည်။ နွေရာသီ မိုးရာသီ ဆောင်းရာသီဆိုပြီး ဥတုသုံးလီရှိတယ်၊ နွေဥတုက တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ၊ အဲဒါ နွေဥတု၊ အပူလွန်ကဲတဲ့ အရပ်ဒေသဖြစ်တဲ့ ဦးလေးတို့ မကွေး။ ရေနံချောင်း။ ချောက်၊ မိတ္ထီလာ၊ မြင်းခြံ၊ နွားထိုးကြီး။ မန္တလေး မုံရွာဆိုတဲ့ဒေသတွေ အပူလွန်တယ်၊ ဒါ့ကြောင့် အဲဒီအရပ်မှာ နေကြသူတွေဟာ ချွေးထွက်များမယ်၊ ရေငတ်မယ်၊ ချွေးထွက်များရင် အားအင်ကုန်ခမ်းတဲ့ သဘောရှိတယ်၊ ဦးထုပ်ဆောင်းကြရမယ်၊ နေပူထဲက ပြန်လာရင် ချက်ချင်း ရေမချိုးရဘူး။ စားရမယ့်အစားအစာတွေကတော့ ကြက်သား။ ဆိတ်သား စားနိုင်တယ်၊ ရေများများနဲ့ ချက်ရမယ်၊ အသီးအရွက် စားရမယ်၊ အကြော်အချက် ဆီပြန်ဟင်း မစားသင့်ဘူး။ ဝက်သား။ ဘဲသား။ ငါးသလောက်၊ ငါးသေတ္တာ မစားကြနဲ့ကွဲ့"

စာရေးသူသည် ဆေးဆရာပီပီ ကျောင်းသားကျောင်းသူကလေးများ ကျန်းမာစေချင်သော စေတနာကြောင့် ၁၂ လရာသီဓာတ်စာနဲ့ပတ်သက်ပြီး ပြောပြောရပါသည်။ ကျောင်းခန်းမကြီးထဲ၌ ရာနှင့်ချီ၍ နားထောင်နေကြသော ကျောင်းသားကျောင်းသူကလေးများသည် မှတ်စုစာအုပ်ကလေးများ ဖွင့်ကာ ရေးမှတ်နေကြ၏။



"နွေရာသီမှာ ပူတယ်ဆိုပြီး ရေခဏခဏ မချိုးရဘူး။ ချိုးပါများ၍ အပူငုတ်ပြီး ဖျားတတ်တယ်၊ အချဉ်တွေ သီပ်မစားကြနဲ့၊ ရေခဲထုပ်တွေ ရေခဲချောင်းတွေ မစားကြနဲ့ကွဲ့၊ ဝမ်းပျက် ဝမ်းလျှောဖြစ်တတ်တယ်၊ မိုးရာသီရောက်လာရင် ဝမ်းလျှော်တဲ့ရောဂါတွေ ဝင်လာတတ်တယ်၊ သွေးလွန်တုတ်ကွေးဖြစ်တတ်တယ်၊ မိုးများတဲ့ အရပ်များဖြစ်တဲ့ ရန်ကုန်။ ပုသိမ်၊ မြောင်းမြ၊ ဟသ်ာတ၊ ရောဝတီတိုင်း။ မော်လမြိုင် အရပ်တွေမှာ အဖျားရောဂါ လေနာအစာမကြေတဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေ လိုတယ်၊ ရေကိုမှန်မှန်ချိုးရမယ်၊ ဦးလေးတို့ရှေးက မြန်မာသမားတော်ကြီးတွေက သူ့ရာသီအလိုက် ရေချိုးဖို့ သတ်မှတ်ပေးထားခဲ့တယ်"

ဆောင်း တစ်ဆယ်

နွေ ကိုး

မိုး ခုနစ် – ရေချိုးစနစ်

အကျိုးဖြစ်၏ တဲ့–

အခုမိုးရာသီဆိုတော့ ခုနစ်နာရီ ရေချိုးကြရမယ်၊ ရေချိုးပြီးတာနဲ့ တစ်ပြိုင်နက် ရေကိုစင်စင်သုတ်ပြီးတော့ အခိုးပွင့်ဆေးစားရမယ်။

မိုးပြီးတော့ ဆောင်းရာသီ။ ဆောင်းရာသီဆိုတာက တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်ကနေပြီး တပေါင်းလပြည့်နေ့အထိ ဆောင်းရာသီမှာ ချွဲသလိပ်ထပြီး လေပူချောင်းဆိုးရောဂါဖြစ်တတ်တယ်၊ ချောင်းဆိုးရင် လျက်ဆား လျက်ရမှာပေါ့၊ လျက်ဆား ကောင်းကောင်းလေး ဖော်ထားကြ လျက်ဆားဖော်နည်းရေးမှတ်ကြဦးကွဲ့"

| | |
|---|---|
| စမုန်မျိုး ငါးပါး | ၁၂ ပဲသား |
| ဖုန်မသိမ်း | ၁ ထုပ်သား |
| ချင်းခြောက် | ၁ ကျပ်သား ၈ ပဲသား |
| ဇာတိပ္ဖိုလ်သီး | ၁ ကျပ်သား ၈ ပဲသား |
| ပိတ်ချင်း | ၁ ကျပ်သား ၈ ပဲသား |
| သိန္ဓော | ၇ ကျပ်သား |

www.burmeseclassic.com

www.burmeseclassic.com



ဖဝက်သား ၂၀ ကျပ်သား

ဆားပုပ် ၃ ကျပ်သား

အဲဒါတွေကို အမှုန့်ထောင်းပြီး လေလုံပုလင်းထဲမှာ ထည့်ထားပြီး လျက်ကြ။ အလွန်ကောင်းတဲ့ လျက်ဆားပေါ့၊ ဥတုနဲ့အညီ စားကြရမယ်၊ ဝတ်စားဆင်ယင်တတ်ရမယ်။ အဲဒါ အရေးအရေးကြီးပဲ၊ အေး ပထမပိုင်းအနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို ဆရာဦးကျော်လင်းတို့ ဦးဝင်းမောင်တို့က ဟောပြောပြီးသွားပြီ အခု ဦးလေးက မင်းတို့ကျန်းမာရေးအတွက် ၁၂ လ ရာသီအလိုက် စားကြရမယ့် အစာတွေ ပြောပြတာ၊ အဲဒီအတိုင်း မင်းတို့လိုက်နာကြပေတော့။

ကျွန်တော်တို့ဟောပြောပွဲစင်မြင့်မှ ဆင်းလာသောအခါ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်နှင့်အတူ ဆရာမ မငွေရည်တို့က ဝမ်းသာကျေးဇူးတင်နေကြ၏။ ဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံပါသည်။

"ဦး... ဟောပြောတာတွေထဲမှာ သမီးတို့ မလိုက်နာနိုင်တာတစ်ခုပါတယ်"

မငွေရည်က မရဲတရဲ စကားဆိုရှာသည်။

"ဘာကို မလိုက်နာနိုင်တာလဲ မငွေရည်"

"ညနေစောင်း မိန်းကလေးတွေ ရေမချိုးရဘူးဆိုတာပေါ့"

"ဟုတ်တယ်၊ ကျွန်မတို့ အမျိုးသမီးတွေ ညနေစောင်း ရေမချိုးရရင် မနေတတ်ဘူး ဆရာရဲ့"

ကျောင်းအုပ်ဆရာမကြီးကပါ ဝင်ပြော၏။

"အဲဒါကိုတော့ အလျှော့ပေးလို့မဖြစ်ဘူး ဆရာမကြီး၊ ဈေးမဆစ်ပါနဲ့"

ဆရာမကြီးနှင့်တကွ ဆရာ ဆရာမျာ:က ရယ်မောကြ၏။

"ကျွန်တော်ပြောတာတွေဟာ ကျွန်တော့်သဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ဘုရားဟော ဒေသနာအရ ဒေသနာနည်း အခြေခံပြီး ပြောတာပါ၊ တကယ်ကျန်းမာချင်ရင် လိုက်နာဖို့ ကျင့်သုံးဖို့ လိုပါတယ်၊ ရတနာပုံခေတ်က မင်းတုန်းဘုရင်ကြီးက ယောအတွင်းဝန် ဦးဖိုးလှိုင်ဆိုတာက ဥတုဘောဇနသင်္ဂဟကျမ်းနဲ့ကာယနုပဿနာဆေးကျမ်းတွေ ပြုစုရေးသားတဲ့ပုဂ္ဂိုလ်ကြီးပေါ့၊ မင်းတုန်းမင်းကြီးက ယောအတွင်းဝန်ကို"



"မောင်ဖိုးလှိုင်... မရှိတာထက် မသိတာခက်ဆို၊ ဒါ့ထက် ခက်တာ ဘာရှိသတုန်း"

"ရှိပါသေးတယ် ဘုရား။ မရှိတာကို ရှိအောင်လုပ်ရင် ဖြစ်ပါတယ်ဘုရား။ မသိတာကိုလည်း သိအောင်လုပ်ရင် သိတာပါပဲ ဘုရား၊ မလုပ်တာ ခက်တာပါ ဘုရားတဲ့၊ အခုလည်း ဆရာ ဆရာမကြီးကို ညနေစောင်းရေချိုးရင် မသင့်လျော်မှန်း သိရက်သားနဲ့ ချိုးမယ်ဆိုရင် ၁၂ လရာသီခွာတ်စာတွေ ဘယ်လောက်ပဲစားစား ဆေးစာတွေ ဘယ်လောက်ပဲဖတ်ဖတ် မှတ်မှတ် မလိုက်တာ မကျင့်သုံးရင် မရှိတာထက် မသိတာ ခက်ဆိုတာထက် မလုပ်တာ ခက်ကြောင်းပါ ခင်ဗျား... ပေါ့နော်"

## အသင်အိပ်တတ်ပါရဲ့လား

"ဟော ဦးလေးပါကော... ဒီနေ့လမ်းလျှောက်ပြန်လာတာ စောလှချည်လား"

"ဟုတ်တယ် မောင်၊ ဒီနေ့စောတယ်၊ မောင့်ကိုမေးစရာတစ်ခုရှိလို့"

"ဩော်... ဟုတ်လား မေးပါခင်ဗျ၊ ဘာများပါလိမ့်"

"ကျုပ် ခုတလော ထမင်းစားပြီးရင် သိပ်အိပ်ချင်တာပဲဗျ၊ အဲဒါ မောင်က ကျုပ်ကို ဆောင်းရာသီမှာ နေ့ကို မအိပ်သင့်ဘူးလို့ ပြောဖူးသလားလို့"

"ဟုတ်ကဲ့ခင်ဗျ၊ ထမင်းစားပြီးရင် ၁၅ မိနစ်လောက် ကြာတဲ့အခါ ထမင်းအဆီတက်ပြီး မျက်တောင်ကြီးတွေစင်းလာပြီ၊ အိပ်ချင်တတ်ပါတယ်၊ နေပူတဲ့အခါ ပိုဆိုးပါတယ်၊ ကျွန်တော်တို့ ဆေးသင်တုန်းတက်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



၁၂ နာရီထိုး၊ ထမင်းစားပြီးတော့ နေ့လည် ၁ နာရီမှာ သင်တန်းစတယ်၊ သင်တန်းမှာ အိပ်လိုက်ချင်တာ ဦးလေးရယ်၊ မျက်တောင်ကြီးတွေက လေးလိုက်တာ မပြောနဲ့တော့ အဲဒီတုန်းက ကမ္ဘာမှာ အလေးဆုံးက မျက်တောင်လို့တောင်ထင်လိုက်မိပါတယ်၊ ဘယ်လိုမှဟန်ဆောင်လို့မရပါဘူး။ ငိုက်ငိုက်သွားတယ်ခင်ဗျ"

"အင်း... အဲဒီတုန်းက မောင်တို့က သွေးသားကောင်းတုန်းအရွယ် ထမင်းတွေလည်း အဝအပြစားမှာပဲထင်ရဲ့"

"ဟုတ်ကဲ့ ခင်ဗျ၊ ဗိုက်တင်းပြည့်နေအောင် ထမင်းစားလွန်ရင် ငိုက်မြည်းတတ်ပါတယ်၊ ထမင်းကို လျှော့စားရပါမယ်"

"အခု ဆောင်းဥတုဆိုတော့ နေ့မအိပ်သင့်ဘူးလားလို့"

"ဟုတ်ကဲ့ ခင်ဗျ၊ နေ့မအိပ်သင့်ပါဘူး။ ဒါပေမယ့် ချွင်းချက်ရှိပါတယ်၊ အသက်အရွယ်ကြီးရင့်တဲ့ ပုဂ္ဂိုလ်အသွေးအသားနည်းသူ ပန်းနာရောဂါရှိသူ၊ ဝမ်းပျက် ဝမ်းလျှောနေသူ၊ လွန်စွာ အမောခံပြီး အလုပ်လုပ်ပြီးသူ မြင်းစီးပြီး ခရီးဝေးက ပြန်လာသူ၊ မေတုန်မှိုဝဲပြီးသူများ အိပ်သင့်ပါတယ်ခင်ဗျ"

"ကျုပ် မြေးတစ်ယောက်က ရေမြှုပ်မွေ့ယာကြီးတစ်ခု ရန်ကုန်က ဝယ်ပို့လိုက်တယ်၊ အဲဒါနဲ့ ကျုပ် အိပ်သင့် မအိပ်သင့် မောင့်ကိုမေးချင်သေးတယ်"

"ရေမြှုပ်မွေ့ယာကြီးတွေနဲ့ မအိပ်သင့်ပါဘူးခင်ဗျ၊ ခန္ဓာကိုယ်သက်သာပြီး ဖိမ်ရှိပေမယ့် သွေးလမ်း လေလမ်း ပိတ်ဆို့စေပါတယ်ခင်ဗျ၊ သွေးလေ ထိုင်းမှိုင်းသွားနိုင်ပါတယ်၊ ဒါကြောင့် ဆီးချိုရောဂါရှိသူ လေငန်းရှိသူ လုံးဝမအိပ်သင့်ပါဘူး ခင်ဗျ"

"ပလပ်စတစ်စခင်းပြီး အိပ်ရင်ကော မောင်"

"အလွန်အန္တရာယ်များပါတယ် ခင်ဗျ၊ ကလေးတွေကို ဆီးသွားတဲ့အခါ အောက်က မွေ့ယာမစိုအောင် ပလပ်စတစ်စခင်း သိပ်ကြပါတယ်၊ ကြာတော့ အဲဒီကလေးတွေဟာ ခါးကလေးကုန်းပြီးနေတာ တွေ့ရပါတယ်ခင်ဗျ"

"အင်း... လူတွေဟာ နေ့စဉ် နေ့စဉ် အာဟာရဓာတ်ပြည့်ပြည့်ဝဝ စားတတ်ဖို့ အိပ်တတ်ဖို့လည်း လိုတာပေါ့နော်"



"မှန်ပါတယ် ခင်ဗျ၊ ဒါ့ကြောင့် အသင်အိပ်တတ်ပါရဲ့လားလို့ မေးရင် မကျေမနပ် အကြည့်နဲ့ အကြည့်ခံရမှာ သေချာပါတယ်ခင်ဗျ၊ အမှန်ကတော့ အိပ်စက်ခြင်းဟာ အာဟာရစားသလိုပါပဲ၊ ခွန်အားအသစ်ဖြစ်ပါစေ၊ နည်းစနစ်အမှန်တိုင်း အိပ်ကြစတမ်းဆိုရင် ည ၉ နာရီ အိပ်ရာဝင်သင့်ပါတယ် ခင်ဗျ၊ အိပ်တော့မယ်ဆိုရင် ကိုယ့်ကိုဖြောင့်မတ်စွာထားပြီး ခန္ဓာကိုယ်အကြောအချဉ်တွေကို လျော့ကျသွားအောင် စိတ်ကိုတင်းမထားရဘူး၊ စိတ်ရော ခန္ဓာကိုယ်ပါ တစ်ခါတည်း လျော့ချလိုက်ရပါမယ်၊ လက်မောင်းကို ခေါင်းအုံး မအိပ်ရပါဘူး။ သွေးလေပိတ်ဆို့တတ်ပါတယ်၊ ဟိုဘက် ဒီဘက် ပြောင်းရွှေ့အိပ်ရပါမယ်၊ ဘယ်ညာပြောင်း လှည့်အိပ်တော့ နောက်ကြော၊ တင်ပါး၊ ခါးတို့ကို အပူမဝပါဘူးပေါ့၊ မိမိမှာဝတ်ဆင်ထားတဲ့ အဝတ်တွေ တင်းကြပ်စွာ ဝတ်ဆင်မထားရပါဘူး။ လျော့ချထားရပါမယ်၊ အဆုတ်ကို အအေးမမိအောင် အမြဲတမ်း စောင်ပါးပါးကလေးတစ်ထည်ကို ရင်ဝမှာ လွှမ်းထားရပါမယ်၊ အိပ်ရာက နိုးထတဲ့အချိန်က ၄ နာရီ ဒါမှမဟုတ် ၅ နာရီပေါ့ ခင်ဗျ၊ စောစောကလေးအိပ်ရင် စောစောထတာ မင်္ဂလာလည်းရှိတယ်၊ ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်၊ ဒါ့ကြောင့် ရှေးက ပညာရှင်များက စောစောအိပ်ထပြုကျင့်က တွင်းပကိုယ်ခန္ဓာ ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း ကင်းငြိမ်လွန်ချမ်းသာတဲ့ခင်ဗျ"

## ဆေးမှားဆေးတွေ လက်မှားဆေးတွေ

"မငွေရည်"

"ရှင်... ဦးလေး"

"မငွေရည်ဟာ ဦးလေးဆီကို မကြာခဏ လာတယ်၊ ဆေးဝါး ဓာတ်စာတွေ မှတ်တယ်၊ ပြီးတော့ မိမိဝန်းကျင်မှာရှိတဲ့သူတွေကို ဆေးဝါး

www.burmeseclassic.com

www.burmeseclassic.com



ခါတ်စာတွေနဲ့ ဆေးကုတယ်၊ တကယ်လို့များ မငွေရည်ရှေ့မှာ သွေးတိုး သွေးတက်စာတွေ မတရားစားပြီး အကြောတက်သွားတာ မြင်တွေ့ရရင် ချက်ချင်း လက်ငင်း မငွေရည် ဘယ်လိုကုသမလဲ"

"အဲဒီလို ဝေဒနာရှင်ကို သမီး မျက်စိအောက်မှာ ရုတ်တရက်တွေ့ရင် ပထမဆုံး ဝေဒနာရှင်ရဲ့ခြေမျက်စိအောက်မှာရှိတဲ့ ပထဝီကြောကို နာနာ နှိပ်ပေးမှာပဲ ဦး"

"ဟုတ်ပြီ၊ ပြီးတော့ကော မငွေရည်"

"ပြီးတော့ ဒူးခေါင်းအောက် ဒကောက်ကြောကို နာနာဆွဲမယ် ဦး။ လေငန်းဖြစ်သွားတာဆိုတော့ အဲဒီအကြောတွေ ထိတာလည်း သိမှာ မဟုတ်ဘူး။ ဒါကြောင့် နာလာအောင် သွေးလမ်း လေလမ်းပွင့်လာအောင် ခံစားမှုအာရုံ နာကျင်လာတဲ့အထိ ဆွဲမယ်ဦး။ သမီးပြောတာ မှန်တယ် မဟုတ်လား"

"သိပ်မှန်တာပေါ့ မငွေရည်၊ အဲဒီအချိန်ဟာ သိပ်အရေးကြီးတဲ့ အချိန်ပဲ မငွေရည်၊ ဆေးတိုက်ချိန်မရဘူး။ ချက်ချင်း အောက်ပိုင်းအေးစက်သွားတာကို၊ ဒါ့ကြောင့် ဒူးခေါင်းအောက်က ဒကောက်ကြောကို ပူလာအောင် ဆွဲပေးရမှာပေါ့၊ နောက်တစ်ခု မငွေရည် မှတ်ထားရမှာက သွက်ချာပါဒ လေငန်းစောင်းရွဲ့သွားတာကို ညှပ်ရိုးနဲ့ပခုံးကြောခွက်ထဲက အကြောကို လည်း တွေ့အောင်စမ်းပြီး နှိပ်ပေးရမယ်နော်"

"ဟုတ်ကဲ့ ဦး၊ ဟိုတလောက သမီးတို့ကျောင်းက ဆရာမဒေါ်သန်းတင် သွေးတွေ တအားတိုးပြီး မူးလဲသွားတယ်၊ သမီးလည်း ဦးပြောပြမှာထားတဲ့အတိုင်း ခြေမျက်စိအောက်က ပထဝီကြောကို နှိပ်ပေးရတာပေါ့ သွေးပူလာတာကို ချက်ချင်း လက်မှာလာတွေ့တယ်ဦးရဲ့၊ သတိလည်လာ တာပေါ့"

"ဟုတ်တယ် မငွေရည်၊ 'ဆေးမှာအငွေ့ လက်မှာအတွေ့'တဲ့၊ နှိပ်တဲ့လူရဲ့လက်ကို လာတိုးတာ ချက်ချင်းသိသာတယ်၊ အဲဒီလိုအရေးပေါ်ကိစ္စတွေမှာ လူတွေက အထိတ်တလန့်နဲ့လာကြပါဦး ကယ်ကြပါဦးနဲ့အလန့်တကြား အော်ကြမှာပဲ၊ အဲဒီအခါမှာ ဆေးဆရာလုပ်တဲ့သူက တည်ငြိမ်တဲ့ အိန္ဒြေနဲ့ မိမိလုပ်စရာရှိတာ လုပ်ပေးသွားရမယ်၊ စောစောပိုင်းက မငွေရည်ပြောတဲ့ နှိပ်ကွက်တွေဟာ သွက်ချာပါဒ လေငန်းဝေဒနာရှင်တွေကိုသေမင်း



ဆီက အနိုင်ယူနိုင်တဲ့နှိပ်ကွက်တွေပဲ မငွေရည်၊ မငွေရည်က မှတ်ဉာဏ် ကောင်းသားပဲ"

"အဲဒီလို ပါးရွဲ့သွက်ချာပါဒဖြစ်ရတဲ့အထိ ဝေဒနာဆိုးနဲ့ရင်ဆိုင်ရတာဟာ အစားအသောက် မဆင်မခြင်လို့ပေါ့နော်"

"ဒါပေါ့ မငွေရည်ရယ် ငါးသေတ္တာတွေစား၊ ပုစွန်ထုပ်တွေစား၊ ဒံပေါက်၊ အုန်းထမင်းတွေ၊ အုန်းနို့ခေါက်ဆွဲတွေ စားကြလို့ ဖြစ်ကြတာပေါ့ ရေကိုလည်း အေးအေးလေးမှချိုးချင်ကြတာကိုး၊ သွေးတိုးရောဂါနဲ့ အုန်းနို့ လုံးဝမတည့်ဘူးဆိုတာ မယုံကြည်ဘူး မငွေရည်ရဲ့၊ အုန်းနို့ အုန်းအဆီရဲ့အနှစ်ဟာ လူကို ဒုက္ခပေးတယ်၊ အုန်းဆီပုလင်းထဲက အဆီတွေဟာ အေးရင်ခဲတယ်လေ၊ လူခန္ဓာကိုယ်သွေးကြောထဲကို အဲဒီအုန်းရဲ့ အဆီအနှစ်တွေ ပါသွားရော၊ ခန္ဓာကိုယ်ကို ရေအေးလောင်းချိုးလိုက်မယ်၊ လေအေး မိမယ်ဆိုရင် အကြောထဲက အုန်းနို့ရဲ့အဆီတွေခဲပြီး သွေးကြောလေကြောတွေ ပိတ်တော့တာပေါ့၊ ဦးနှောက်နဲ့အာရုံကြောတွေ ပိတ်ဆို့သွားတဲ့အခါ ပါးတွေရွဲ့ လျှာတွေလေးသွားတာပေါ့ မငွေရည် ဒါကြောင့် ဦးလေးက အုန်းနို့ခေါက်ဆွဲ မစားကြနဲ့လို့ ခဏခဏ သတိပေးရတာ"

"ဦး သမီးကတော့ မတည့်ပါဘူးဆိုတာ လုံးဝမစားဘူးဦး"

"အဲဒါမှပေါ့ စိတ်ခါတ်ကြံ့ခိုင်ရတယ်၊ ဒါ့ကြောင့်လည်း ဓမ္မပဒက စိတ်ခါတ်ကြံ့ခိုင်သောသူကို အဘယ်လောကဓံမျှ နှိပ်စက်ခြင်းငှာ မပြုနိုင်တဲ့ အိမ်တစ်အိမ်မှာ သွက်ချာပါဒ လေငန်းဝေဒနာခံစားရသူရှိရင် တစ်အိမ်လုံး စိတ်မချမ်းမသာ ဖြစ်တဲ့အပြင် တာဝန်တွေလည်း ပိုလာတယ်"

"သမီးကတော့လေ အကြောင်းညီညွတ်လို့ အိမ်ထောင်ပြုရင် သမီးခင်ပွန်းကို အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်း လုံးဝမစားစေရဘူး။ သွေးတိုး လေငန်းဖြစ်စေနိုင်တဲ့ ပန်ကာလေခံတာတို့ ရေအေးစိမ်ချိုးတာတို့ လုံးဝခွင့်မပြုဘူး သံမဏိစည်းကမ်းပဲ"

"အောင်မာ... ဒါ့ကြောင့် ရှေးက စကားပုံရှိခဲ့တာ"

"ဘယ်လိုစကားပုံလဲ ဦး"

"အနာဝကိုလည်း မနှိက်နဲ့ ဆရာမကိုလည်း မကြိုက်နဲ့တဲ့"

"အနာဝကိုနှိက်တော့ ဘာဖြစ်လဲ ဦး"

"အနာဝကို နှိုက်တော့ ရောဂါပွားတယ် ဆရာမကို ကြိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဩဇာများမယ်တဲ့"

မငွေရည်၏ ဖြူနုနုမျက်နှာကလေးသည် ပန်းနုရောင်ပြေးသွားပါသတည်း။ ပြီးတော့ ပြုံးတစ်ဝက်၊ မဲ့တစ်ဝက်နှင့်။

ဩ ဩ ဩ

## မုံရွာမြို့အရှေ့လယ်ကွင်းဇရပ်အနီး
## သီလရှင်ကျောင်းတိုက်သို့ တစ်ခေါက်

( ၁ )

ကျွန်တော်သည် မကွေးမြို့နှင့်ခြောက်မိုင်မျှ ဝေးသော သမန်းတောရွာ၌ မွေးဖွားခဲ့သူဖြစ်ပါသည်။ ကျွန်တော့်မိဘများသည် တောမှာ မြေပိုင်ရှင် ယာပိုင်ရှင်များဖြစ်၍ မကြာခဏ ဓားပြအတိုက်ခံရပါသည်။ ဂျပန်ခေတ်ရောက်သောအခါ ဓားပြသောင်းကျန်းလွန်း၍ မကွေးသို့ ပြောင်းရွှေ့ခဲ့ကြသည်။

၁၉၄၇ ခုနှစ် ယခု နေထိုင်သည့် မဲထီးလမ်းတွင် တဲကြီးလို အိမ်အရှည်ကြီးတစ်လုံးဆောက်ကာ ဆန်နှင့်ဆီကို အားထား၍ ရောင်းချကြသည်။ ကျွန်တော်တို့အိမ်နှင့် မလှမ်းမကမ်းတွင် ရဲဘော်ဖြူများ ရုံးစိုက်သော ရုံးကြီးတစ်ရုံးရှိပြီး အနီးအနားတွင် စစ်အတွင်းက ပျက်စီးနေကြသော စစ်သုံးကြီးများလည်း ရှိ၏။ ရဲဘော်ဖြူနှင့်ရဲဘော်ဝါတို့သည် မကြာခဏ မြို့တွင်းမှာ တိုက်ပွဲဖြစ်၏။ အမေက 'ရွာမှာ ဓားပြကြောက်၍ မြို့ပြောင်းလာပါတယ်၊ မြို့မှာလည်း ပစ်ကြခတ်ကြပါဘိသနဲ့' ဟုဆိုကာ သားနှင့်သမီးကိုလက်ဆွဲပြီး မြသလွန်ဘု ရားကုန်းတော်ပေါ်ရှိ ဒေါ်ဥတ္တရာ သီလရှင်စာသင်တိုက်မှာ နေတော့၏။ ထိုစဉ်က ကျွန်တော့်အသက် ၆ နှစ်။ ကျွန်တော့်ညီမလေးက



သုံးနှစ်အရွယ် ဖြစ်ပါသည်။ အဖေကတော့ မြို့ထဲက ပွဲရုံမှာ ရွာမှာ ဆွေမျိုးရင်းချာတော်စပ်သူ ကိုမွေးနှင့်ကိုလှကျော်တို့ကို ခေါ်ထားပါသည်။

ကျွန်တော်သည် သီလရှင်စာသင်တိုက်မှာ အနေကြာလာသောအခါ သီလရှင်များနှင့်ရင်းနှီးကျွမ်းဝင်လာပါ၏။ ကျောက်သင်ပုန်းတစ်ချပ်ဖြင့် သီလရှင်များက စာသင်ပေးကြပါသည်။ အမေက နံနက် အစောကြီး ထမင်းချက်သည်။ ထမင်းပူပူပဲပြုတ်ကလေးနှင့် ဆီဆမ်းစားခဲ့ရသည်မှာ အရသာရှိလှ၏။ သီလရှင်များက စာအန်စာကျက်ကြသလို ကျွန်တော့်ကိုလည်း စာသင်ပေး၏။ နေ့လည်တွင် မြသလွန်ဘုရားရင်ပြင်ပေါ်သို့သွားကာ ပြေးလွှားဆော့ကစားခဲ့၏။

ညနေစောင်းသောအခါ သီလရှင်များ ဘုရားရှိခိုးဝတ်တက်ကြပါသည်။ သူတို့နှင့်ရော၍ ဩကာသ ဘုရားရှိခိုးလိုက်ဆိုပါသည်။

အမေသည် သေနတ်သံကြားလျှင် ကြောက်တတ်၏။ မကွေးမြို့ထဲမှ ရဲဘော်ဖြူတွေလည်း မရှိတော့ဘူး။ အစိုးရတပ်များ ဝင်လာပါပြီ။ အေးချမ်းသာယာနေပါပြီလို့ အဖေက လာပြောလာခေါ်မှ ကျွန်တော်တို့မြို့ပြန်ရောက်ကြသည်။

စစ်အတွင်းက သီလရှင်များကျောင်းတိုက်မှာ အေးချမ်းငြိမ်သက်စွာ နားနေခွင့်ရရှိခဲ့သော ကျေးဇူးကို အမေက မမေ့ပါ။ ထို့ကြောင့် သီတင်းပတ်တိုင်း သီလရှင်များ မြို့ထဲသို့ ဆွမ်းဆန်ခံကြလာလျှင် အမေသည်ဝမ်းသာအားရ ခရီးဦးကြိုသည်။ ဆန်နှင့်သီလရှင်များ အသုံးအဆောင် ပစ္စည်းပစ္စယကလေးများ လောင်းလှူ၏။ သီလရှင်များကလည်း အာလာပသလ္လာပစကား ပြောကြ၏။

အမေရှိစဉ်က သီလရှင်များ ကြွလာလျှင် ဆွမ်းဆန်များ လောင်းလှူသလို အမေ ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားသောအခါတွင်လည်း ဆွမ်းဆန်အမြဲလောင်းလှူ ရှိပါသည်။

သီလရှင်တစ်ပါးလျှင် ထမင်းစားသည့် ဝတီးဇွန်းကလေးနှင့် တစ်ဇွန်းကျ လောင်းလှူရာတွင် သီတင်းတစ်ပတ်လျှင် ဆန်ခြောက်ပြည် ကုန်ပါသည်။ ဆန်တစ်ပြည် ၄၅ ကျပ်၊ တစ်လ လေးသီတင်းတွင် ဆွမ်းဆန်ဖိုးကုန်ကျငွေ ၁၀၈၀/-ကုန်ပါသည်။ ကုန်ချင်သလောက် ကုန်ကျပါစေ။ သီတင်းပတ်တိုင်း ဝတ်မပျက်။ ယနေ့ စာရေးနေသည့် အချိန်အထိ လောင်း

www.burmeseclassic.com

www.burmeseclassic.com



သိုလှောင်ထား ရှိပါ၏။

နံနက်ခင်း နေခြည်နုနုအောက်၌ ဆန်းရှင်းပြုံးစင်သော သီလရှင်ဘွဲ့၏ အသုံးအဆောင် ဝတ်ရုံကာလေးများ ထင်ဖြိန်းလျက် ဆွမ်းဆန်ပဒန်းက နံ့ဝေများ မွှေးကြိုင်ကာ တန်းစီ၍ညီညာစွာ ဆွမ်းဆန်ခံကြွလာပါပြီ။ နှုတ်မှလည်း ချစ်လှဖွယ့် ကဗျာဆန်လေးများ ရွတ်ဆိုကြည်မှာ သွတ်ဖူးမွှယ်ရာပါတကား။

ကျွန်တော်သည်သာ သီလရှင်ဆရာကြီးများ၊ ဆရာလေးများကို ကြည်ညိုလေးစားနေသည် မဟုတ်ပါ။ ကျွန်တော့်အိမ်သူကလည်း ကြည်ညိုလှပါဘိ။ ကျွန်တော့်အိမ်သူ၏ အမေကြီးသည် သီလရှင်ဝတ်သွားခဲ၏။ လေးငါး ခြောက်နှစ် သပိအရွယ်က ဖွားသီလရှင်ကြီးရင်ခွင်မှာ အနေကြာခဲ့၏။ ရှစ်တန်းကျောင်းသူဘဝမှာလည်း ကျောင်းပိတ်တိုင်း ဖွားသီလရှင်ကြီးကျောင်း မှာ သွားနေခဲ့သည်။

မကွေးမြို့ မဲထီးလမ်းကို မကွေးမြို့သလွန်ဘုရားကုန်းတော်ပေါ်ရှိ သီလရှင်စာသင်တိုက်များမှ သီလရှင်များသည် မြန်မာလ္ပမိ လဆန်း ၇ ရက်၊ လဆန်း ၁၄ ရက်၊ လပြည့်ကျော် ၇ ရက်၊ လပြည့်ကျော် ၁၄ ရက်နေ့များ တွင် အစုအဝေးဖြင့် ဆွမ်းဆန်ပဒန်းကလေးများ ရွက်ကာ ကြွလာတတ်ပါ သည်။

ထိုအခါ ကျွန်တော့်အိမ်သူသည် ညဦးကာစည်းကဲ့တိုင်...

"မနက်ဖြန် ဖွားသီလတွေ လာမှာတော်၊ ဆန်ရှိသေးသလားတော့"

"နှစ်ပြည်လောက်ပဲ ရှိတော့တယ် အမေ"

"မော... ဒါဖြင့် ခုရ လမ်းက ဦးအောင်မြိုင်တို့အိမ် သွားပါဟဲ့၊ ဆန်တစ်တင်း ဝယ်ချေ"

သို့ရှိသားသော ငွေထဲမှယူကာ ဆန်ဝယ်နိုင်း၏။

နံနက် ၅ နာရီ ၆ နာရီတွင် ရေမိုးချိုး သနပ်ခါးလိမ်း ပန်းပန်ကာ ကြွချိလာသော သီလရှင်ကို ဆွမ်းဆန်လောင်းလှူပါတော့သည်။ ကျွန်တော် က သူလောင်းလှူသည်ကို ခပ်လှမ်းလှမ်းမှကြည့်ကာ ဝမ်းသာနေ၏။ သီလ ရှင်များကိုမြင်တွေ့ရသောအခါ ငယ်ဝှန်းက သီလရှင်များကျောင်းတိုက်မှာ ပျော်မွေ့ခဲ့ရသည်ကို လွမ်းသလိုလို အမေ့ကို လွမ်းသလိုလို ခံစားရ၏။

နောက်တစ်ခု ရှိသေး၏။ ကျွန်တော့်အိမ်သူသည် အသက် ၁၀



ကျော် ၉၀ နီးပါးရှိ ဖွားသီလရှင်ကြီးနှင့်အတူ နေထိုင်ခဲ့ရာမှ ဖွားသီလရှင်ကြီး အမြဲတမ်း ချစ်ခင်စားသောအရာစောင်းလက်ပတ်ချက်သေးကို ကျကျနန သင်ယူ တတ်မြောက်ခဲ့၏။ ထိုချက်သေးကို 'အနန္တသုခချက်သေး' ဟု အမည်ပေးကာ နီးစပ်ရာ ဖော်ဖွေ့ခဲ့၏။ မိတ်ဆွေများက ဆန်မိုးဆီဖိုး တဲ့ပြန်ကြ၏။

( ၂ )

၁၉၉၄ ခု ဇူလိုင်လ ၃ ရက်နေ့။

မုံရွာမြို့ ကျောက်ဘာလမ်း ရန်ကင်းကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော ဖွံ့ဖြိုးက ဆရာတော်ဦးပညာဝံသက ဤသို့တယ်လီဖုန်း ဖြင့် အမိန့်ရှိ၏။

"ဒကာကြီး သီလရှင်ဆရာကြီးတစ်ပါး

နေမကောင်းလို့ မုံရွာကို လာရောက်

ဆေးကုပေးပါဦး" ဟူ၏။

စာရေးသူသည် သီလရှင်ကြီးတစ်ပါးဟူသော အသံကြားလိုက်ရ ပါသည်နှင့် ဆေးလွယ်အိတ်လွယ်ကာ မန္တလေးသို့ခရီးထွက်ခဲ့ပါသည်။ မန္တ လေးမြို့ ၃၄ လမ်း၊ ၈၃ ၈၄ ကြား ဦးခင်မောင်မြင့်၊ ဒေါ်လတ်လတ် အိမ် မှာတည်းခဲ့ရ၏။ သူတို့ကလည်း ဆေးဆရာ စာရေးဆရာဘဝရပ်တည် ရေးအတွက် ကျွန်တော်ဖော်စပ်သော တောက်တိုမယ်ရဆေးကလေးများ ရောင်းပေးရှာ၏။ သူနာပြုဆရာမကြီး(ပင်စင်စား)ဒေါ်လတ်လတ်ကတော့ ဟားကာန်ကျောက်စိမ်းနယ်မြေမှာ စာတ်ပုံဆိုင်ဖွင့်၍ စီးပွားရှာနေ၏။ ဒေါ်လတ် လတ်ညီမဖြစ်သူ မအေးအေးက အစစအရာရာ ကြီးကြပ်ကွပ်ကဲနေရ၏။ ခရီးရောက်ခဆိုက်မှာပင် မအေးအေးက...

"မနေ့က စစ်ကိုင်းတောင်ရိုး ရွှေဟသာကျောင်းတိုက်က တိုက် အုပ်စာချဆရာတော် ဦးသုမင်္ဂလာ ကြွလာပါတယ်၊ ရွှေဟသာဆရာတော် ဘုရားကြီးလည်း နေကောင်းပါတယ်တဲ့၊ ဆရာ မန္တလေးလာလျှင် ရွှေဟသာ ကျောင်းတိုက်ကို လွှတ်လိုက်ပါဦး မှာသွားပါတယ်ဆရာ"

"တော်သား မအေး၊ ဆရာတော်ကြီး ကျန်းမာတော်မူသတဲ့လား၊ ဝမ်းသာတယ်ဗျို့၊ မုံရွာကအပြန် ကျွန်တော်သွားလိုက်ပါ့မယ်၊ အခု မုံရွာအ ရှေ့လယ်တီတိုက်က သီလရှင်ဆရာကြီးတစ်ပါး နေမကောင်းလို့တဲ့ဗျာ၊ ဒါ ကြောင့် မနက်ဖြန် မုံရွာခရီးဆက်ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်တွင် ၊ နွယ်လေး ၃၂ လမ်းတွင် ဖွင့်လှစ်ထားသော 'အောင်ကမ္ဘာ' အမည်ရှိ မှန်လုံကားကလေးဖြင့် မုံရွာသို့ခရီးထွက်ခဲ့ပါသည်။ မုံရွာကားဂိတ် နှစ်မိုင်နီးပါးမျှဝေးသော ကျောက်ကာလမ်းရှိ ရန်ကင်းကျောင်းတိုက်သို့ ဆိုက်ကားစီးကာ ထွက်ခဲ့၏။ လမ်းမှာ ပန်းခင်းနှင့်သီးပင်များ အရောင်အသွေးကောင်းလှတာကြောင့် သုံးလုံးဝယ်ခဲ့၏။ ဆရာတော်ဦးပညာဝံသအား ကပ်လှူရန်ဖြစ်၏။

မုံရွာမြို့ ကျောက်ကာလမ်း ရန်ကင်းကျောင်းတိုက်သို့ ရောက်သောအခါ ဒွိပိဋကဆရာတော် ဦးပညာဝံသကို ဖူးတွေ့ရ၏။ ဆရာတော်သည် ဝမ်းသာတော်မူရာသည်။

ဆရာတော်က ဘယ်လီဖုန်းဖြင့် မုံရွာမြို့ ကြယ်တစ်လုံးဆီစက်ပိုင်ရှင် ကိုကျော်မျိုးဝင်းအား ဤသို့မေတ္တာရပ်ခံ၏။

"ဆရာဦးဝင်းမြင့် ကျောင်းမှာရောက်နေပြီ၊ ဒါကြောင့် အရှေ့လယ်တီ ဓမ္မမေဒနီတိုက် ဒေါ်ပညာဝတီထံ လိုက်ပို့ပေးပါ" ဟူ၏။

၂၀ မိနစ်ခန့်အကြာ မုံရွာမြို့ ကြယ်တစ်လုံး ဆီစက်ပိုင်ရှင် ကိုကျော်မျိုးဝင်းသည် မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာ၏။ ကိုကျော်မျိုးဝင်းက သူ့ဆိုင်ကယ်နောက်ပြီးမှာ ကျွန်တော့်ကိုထိုင်စေလျက် အရှေ့လယ်တီတိုက် ဒေါ်ပညာဝတီထံ ပို့ပေး၏။

သီလရှင်ဆရာကြီး ဒေါ်ပညာဝတီသည် စာရေးသူရောက်ရှိလာ၍ ဝမ်းသာနေရှာ၏။ တပည့်သီလရှင်များကလည်း စာရေးသူအား နေရာထိုင်ခင်း ပေးကြ၏။

ကျောင်းတိုက်ကြီး၏အောက်ထပ်၌ ဆေးဆရာတစ်ဦးနှင့် သီလရှင်အပါး လေးငါးခြောက်ပါးခန့် ဝန်းရံကာ ဆေးကုနေသည်ကို မြင်တွေ့နိုင်ပါ၏။

ဆရာကြီး ဒေါ်ပညာဝတီက...

"မဲရက်ဆိုင်းကတော့ တော်တော်ဆိုးလေး ကျွန်မမှာဖြစ်လိုက်သေးတာ ခုတော့ နေသာထိုင်သာ ရှိသွားပါပြီ ဒါပေမယ့် စားရတာ ခံတွင်းမကောင်းလှဘူး" ဟု ဆိုပါ၏။

ထို့ကြောင့် သီလရှင်ဆရာကြီး ဒေါ်ပညာဝတီကို ဆင်တုံးမနွယ်ဆေးများ လှူဒါန်းလိုက်ပါသည်။ အသက် ၇၀ ကျော် ၈၀ နီးပါးရှိ ဖွားသီလရှင်များကလည်း မျက်စိနှင့်ပတ်သက်၍ ဆေးကုပေးရန် ပြောကြ၏။ စာရေးသူက စက္ကူပါလဆေးများ လှူဒါန်းလိုက်၏။



အသက် ၁၈ နှစ် အသက် ၂၀ ကျော် အသက် ၃၀ ကျော် အရွယ်မျိုးစုံ ဘိကျွန်ုပ် သဲသဲနား၌ သီလရှင်ဝတ်နေကြသော သီလရှင်များကို မို့ကျိုးသော စေတနာဖြင့် ကျကျနန ဆေးဝါးကုသပေးခဲ့ပါသည်။

အများအားဖြင့် ခြုံငုံသုံးသပ်ရသော် သီလရှင်များသည် နေ့စဉ်စားသောက်ကြရာ၌ ချဉ်ပေါင်ရွက်၊ မန်ကျည်းရွက်၊ မန်ကျည်းသီးစိမ်း၊ ငါးပိချက်တို့သာ စားသုံးကြပါသည်။

ထို့ကြောင့် ရင်ကျပ်ကြ၏။ အစာကြေရောဂါ ဖြစ်ကြ၏။ ဖက်ကြောတက်ခြင်း၊ ညောင်းညာကိုက်ခဲခြင်း ဖြစ်ကြ၏။ ဆီးဝမ်းမမှန်ခြင်းတို့ ဖြစ်၏။

ထို့ကြောင့် လက်ဆောင်များများပေးလှူခဲ့ပါသည်။ တစ်ပါးချင်းကျန်းမာရေး စားသောက်နေထိုင်ရေးတို့ကို ကျကျနန ပြောပြပြီးနောက် ပြန်ရန်ခွင့်ဆင်သောအခါ ကျွန်တော်နှင့်မလှမ်းမကမ်း၌ ငြိမ်သက်စွာ နားစွင့်နေသော အသက် ၈၀ ခန့် ဖွားသီလရှင်ကြီးက...

"ဆရာ... စောစောပိုင်းက ရှောင်ရန် အစားအစာတွေက ခဏတဖြုတ်လား၊ တစ်သက်လုံး ရှောင်ရမှာလား ဆရာ"

"လက်ဖက်ချဉ်သုပ်တို့၊ မန်ကျည်းသီးစိမ်း၊ ငါးပိချက်တို့ဆိုတာတွေကတော့ တစ်သက်လုံး ရှောင်ရမှာပါ ခင်ဗျာ"

"ဟောတော့"

အခြားသီလရှင်များက ပြုံးကြ၏။

ကျွန်တော်ကလည်း ပြုံးမိပါသည်။

( ၃ )

သီလရှင်အပါး (၃၀)ကျော် ၄၀ နီးပါးတို့ကို တစ်ပါးချင်းဆေးကုပေးပြီးစီးသွားသောအခါ တိုက်အုပ်ဆရာကြီး ဒေါ်ပညာဝတီက...

"ဆရာကို ကျေးဇူးတင်ပါတယ်၊ ဟောဒီမှာ ဆရာ့အတွက် လမ်းစရိတ်"

စက္ကူဖြင့် ထုပ်ထားသော ငွေထုတ်ကြီးတစ်ထုပ်ကို စာရေးသူထံသို့ ပေးအပ်၏။ စာရေးသူက မယူပါ။ ငြင်းဆန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယူပါဆရာ၊ ယခုလို မုံရွာ လာရတဲ့စရိတ်က နည်းတာမှမဟုတ်တာ၊ ယူပါဆရာ"

ဖွတ်အတင်း ပေးပါသည်။

သီလရှင်များအတွက် ကျွန်တော်သိပါသည်။ အဘယ်မှာ ကျွန်တော်ယူရပါမည်နည်း။

"မယူပါရစေနဲ့.. ဒီငွေကို သီလရှင် ဆရာလေးများ ဆရာကြီးများ လှူရာသုံးကြပါ၊ ခွင့်ပြုပါ"

စာရေးသူသည် ကိုကျော်မျိုးဝင်း၏ဆိုင်ကယ်နောက်ပြီးမှာ ဆေးလွယ်အိတ်ကို လွယ်လျက် လျှင်မြန်စွာ ကျောင်းတိုက်ဝင်းအတွင်းမှ မောင်းထွက်စေခဲ့ပါသတည်း။

ကိုကျော်မျိုးဝင်းက...

"ဆရာ ဘယ်သွားစရာ ရှိသေးလဲ"

"မရှိတော့ဘူး ကိုကျော်မျိုးဝင်း၊ ဆရာတော် ဦးပညာဝံသကျောင်းသာ မောင်းဗျို့"

ကိုကျော်မျိုးဝင်းက ဆရာတော်ဦးပညာဝံသကျောင်းတိုက်သို့ ပို့ပေးပါသည်။ ဒွိပိဋကဆရာတော် ဦးပညာဝံသအား ရှိသေစွာ ဝတ်ပြုပြီးသော်...

"ဒကာကြီး... ဆေးကု ပြီးခဲ့ပြီလားဗျ"

"မှန်လှပါ၊ ပြီးခဲ့ပါပြီဘုရား။ သီလရှင်ဆရာကြီးလည်း နေထိုင်ကောင်းနေပါပြီ ဘုရား"

"အေးဗျ၊ ဒကာကြီးကို တော်တော်တမ်းတနေတယ်၊ ဆရာဦးဝင်းမြင့် မလာသေးဘူး၊ မလာသေးဘူးနဲ့ဗျ၊ မနေ့ကတော့ ဆရာဦးဝင်းမြင့် လမ်းစရိတ်မရှိလို့ မလာတာလား မသိဘူးတဲ့ဗျ"

စာရေးသူက ပြုံးရွှင်မြိမ်နေလိုက်မိပါသတည်း။

❀ ❀ ❀



အဘိဓဇမဟာရဋ္ဌဂုရု
သက်တော်ရှည် ရွှေကျင်သာသနာပိုင်
**ရွှေဟင်္သာဆရာတော်ဘုရားကြီး**

**ချည်ဖန်စပ်ခါးနေ့တိုင်းကား**
**ပေါ်ပင်းကျော်မြင့် ရှုတ်လက်သည်**

စာရေးသူသည် တစ်လလျှင် တစ်ခေါက်နှစ်ခေါက် ဆိုသလို မန္တလေးသို့ ရောက်လေ့ရှိပါသည်။ မန္တလေး ၃၄ လမ်း ၇၃-၇၄ကြားမှ 'မေတ္တာဆေးတိုက်' အမည်ပေး၍ မြန်မာ့ဆေးကုဆေးရောင်း ခန်းကလေး ဖွင့်ထားပါသည်။

ကျွန်တော် မန္တလေးရောက်သံကြားလျှင် မန္တလေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ စာဖတ်ပရိသတ်မိတ်ဆွေများ ရောက်လာကြပြီး အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများ ရာသီအလိုက် ဓာတ်စာစားနည်းကလေးများ ပြောကြဆိုကြဆွေးနွေးကြပါသည်။

ထိုသို့သော မိတ်ဆွေများထဲတွင် မန္တလေး ၈၀-၈၁ နှင့် ၃၅-၃၆ ကြားနေ ဦးပြုံးမြင့်၊ ဒေါ်တုတ်တုတ်တို့၏ ဇနီးမောင်နှံလည်း ပါရှိပါ၏။ ဦးပြုံးမြင့်၊ ဒေါ်တုတ်တုတ်ဟာ သူတို့၏ဂုဒ်ဒြပ်အရ ခေါ်ဝေါ်ရသော်လည်း လူငယ် လူရွယ်များ ဖြစ်ကြပါသည်။ ဒေါ်တုတ်တုတ်က...

"ဆရာ.. မနက်ဖြန် ကျွန်မတို့အိမ် ကြွခဲ့ပါဦး၊ ဆရာ့ကိုတိုင်ပင်စရာလေး ရှိလို့ပါ" ဟူ၏။

ထို့ကြောင့် နောက်တစ်နေ့ ဦးပြုံးမြင့်၊ ဒေါ်တုတ်တုတ်တို့ အိမ်သို့စက်ဘီးတစ်စီးဖြင့် သွားခဲ့၏။ သူတို့ဇနီးမောင်နှံသည် 'မင်းအင်းစက္ကူစက်' လုပ်ငန်း တည်ထောင်ထားသူဖြစ်သောကြောင့် မန္တလေးမြို့ပေါ်မှ ပုံနှိပ်လုပ်ငန်းရှင်များ၊ အနယ်နယ်အရပ်ရပ်က စက္ကူဝယ်သူများနှင့်စည်ကားနေပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

အလုပ်တွေ များပြားလှသည့်ကြားမှ စာရေးသူကို ဦးပြုံးမြင့်တို့ဖနီးမောင်နှံက လိုက်လံပို့ဆောင်ပြီး ညွှန်ပြသည်ဝတ်ပြုရှာပါသည်။

နာရီဝက် တစ်နာရီခန့်ကြာသောအခါ စက္ကူဝယ်သူ ရှင်းသွား၏။ ဒေါ်တုတ်တုတ်က...

"ဆရာ ကျွန်မတို့ကို ဗေဒင်တွက်ပေးစမ်းပါ။ ကျွန်မတို့ ငွေရေးကြေးရေး အကျပ်ရိုက်နေလို့"

ရော ခက်ကပြီ။ ဘယ့်နှယ်ဆေးဆရာကို ဗေဒင်ဟောခိုင်းနေပါလိမ့်ဟု စိတ်ထဲမှ ရေရွတ်လိုက်မိပါသည်။

"ငွေရေး ကြေးရေးက ဘယ်လိုအကျပ်ရိုက်လို့လဲဗျ"

"ဒီလိုပါဆရာ၊ ကျွန်မတို့နဲ့ အင်မတန်ရင်းနှီးတဲ့ အစ်မကြီးတစ်ယောက် တိုက်တွန်းလို့ပါ၊ စစ်ကိုင်းတောင်ရိုး ဓမ္မဟာသာကျောင်းတိုက်ဝင်းကြီးထဲမှာ ကျောင်းဆောက်လှူပါလို့ တိုက်တွန်းပါတယ်၊ ကျွန်မတို့လည်း လှူမယ်လို့ ကတိပြုလိုက်ပါတယ်၊ သုံးလေးသိန်းလောက်ဆိုရင် ပြီးမယ်ထင်လို့ပေါ့၊ အဲဒါ ခု ကျောင်းဆောက်တာ လေးသိန်းကုန်နေပြီဆရာ တစ်ဝက်လောက်ပဲ ရှိသေးတယ်၊ နောက်ထပ် ၅ သိန်း ၅ သိန်းကုန်ဦးမှာတဲ့၊ အခု ကျွန်မတို့မှာ အရင်းအနှီး လည်ပတ်ငွေတစ်သိန်းလောက်ပဲ ရှိပါတော့တယ်၊ အဲဒါ ဘေးကျပ်နံကျပ် ဖြစ်နေပါတယ်"

"ဒါများ ဗေဒင်တွက်စရာ မလိုပါဘူး၊ ဒေါ်တုတ်တုတ် လက်ဖဝါး ဖြန့်ဗျာ၊ ကျွန်တော် လက္ခဏာဟောမယ်"

ဒေါ်တုတ်တုတ်က လက်ဖဝါးကလေးဖြန့်၏။ လက်သူကြွယ်အောက်က တနင်္ဂနွေကြိုလိုင်း မြင့်မောက်နေ၏။ တနင်္ဂနွေလမ်းကြောင်းလည်း ပါရှိ၏။ ထို့အပြင် လက်သူကြွယ်အောက်တွင် ကြိုဂံပုံသင်္ကေတလည်း တွေ့ရ၏။

"ရပြီ၊ ဒေါ်တုတ်တုတ် ခင်ဗျား ဘာမှမပူနဲ့၊ လိုနေတဲ့ငွေရတော့မယ်"

"ဘယ်လောက်ကြာမှာလဲ ဆရာ"

"လွန်ရော ကျွံရော တစ်လခွဲ နှစ်လအတွင်း ရမှာပဲ"

ဒေါ်တုတ်တုတ်တို့ ဇနီးမောင်နှံ၏မျက်နှာများ ဝင်းပသွားသည်။



လက္ခဏာပညာကို အတတ်လို့ဟောခြင်း မဟုတ်၊ မိမိကို အားကိုးတကြီးမေးလာသောကြောင့် ကြံဖန်၍ ဟောလိုက်ရခြင်းဖြစ်ပါသည်။

"ဒီမှာ... ဦးပြုံးမြင့်တို့ ဒေါ်တုတ်တုတ်တို့ ငွေလိုချင်နေတာက ပျော်ဖို့ပါးဖို့ မဟုတ်ဘူး၊ ရဟန်းသံဃာတော်အရှင်မြတ်များ အပူအအေးမျှတစွာ သီတင်းသုံးနေထိုင်တော်မူဖို့ ကျောင်းဆောက်ဖို့ငွေလိုနေတာလေ၊ ဘယ်မှာ မရရှိပါမလဲဗျူ ရကို ရစေရမယ်"

ယတိုမြွတ် ပေးလိုက်ပါတော့၏။

နောက်တစ်ခေါက် ကျွန်တော်မန္တလေးရောက်သောအခါ ဦးပြုံးမြင့်–ဒေါ်တုတ်တုတ်တို့ဇနီးမောင်နှံ ဝမ်းသာရွှင်ပျစွာ တွေ့ရင်း သူတို့ရည်မှန်းထားသော ဘုန်းကြီးကျောင်းကြီးလည်း ၁၁ သိန်း ကုန်၍ ပြီးစီးသွားပြီဆို၏။ သားရှင်ပြု သိမ်နှာတွင်း ကျောင်းရေစက်ချ ရောမအလှူမင်္ဂလာ ဖိတ်စာကြီး ပေးပါတော့၏။ ထို့အပြင် ဦးပြုံးမြင့်သည် ကွန်ပျူတာ စာလုံးများရိုက်ရန်အတွက် အလွန်ခေတ်မီသော အော့ဆက်ပုံနှိပ်စက်ကြီးတစ်လုံးလည်း ပိုင်ဆိုင်ရပြီဟု သိရ၏။ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားမိ၏။

"ဆရာ... ကျွန်မတို့လှူတဲ့ ကျောင်းကြီးကို ဆရာ့ကို လိုက်ပြမယ်၊ သက်တော်ရှည်ဓမ္မဟာသာဆရာတော်ဘုရားကြီးကိုလည်း ဖူးမြော်ကြည်ညိုရင်းပေါ့"

"ကောင်းတာပေါ့ဗျာ၊ မနက်ဖြန် အားသဗျ"

"ဒါဖြင့်ရင် ဆရာ ၃၄ လမ်းအိမ်က စောင့်နေပါ၊ ကျွန်မတို့ ကားနဲ့ဆရာ့ကို လာခေါ်ပါမယ်"

ဟု ဆို၍ ဝမ်းအဲမြောက်ဝမ်းသာ အာလာပ သလ္လာပပြောဆိုအပြီး ၃၄ လမ်းရှိ တည်းခိုသည့်အိမ်သို့ပြန်ခဲ့ပါသည်။

နောက်တစ်နေ့...။

မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ဦးပြုံးမြင့်ရောက်လာ၏။

"ဆရာ... ဒီနေ့ ကားက အဆင်မပြေလို့ တုတ်တုတ်တို့သားအမိ မလိုက်တော့ဘူးဆရာ၊ ဆရာနဲ့ ကျွန်တော် သွားကြတာပေါ့"

ဦးပြုံးမြင့်သည် ကျွန်တော်စီးသော ဆင်တုံးမန္တယ် နှလုံးအထူးအားတိုးဆေး စဂျေပါဆေးများ တစ်ထောင်ဖိုးခန့် ဝယ်၏။

ဓမ္မဟာသာဆရာတော်ဘုရားကြီးနှင့် ကျောင်းတိုက်အတွင်းရှိ သံ

www.burmeseclassic.com



ယာတော်များလှူရန်ဟု ဆို၏။ ကျွန်တော်ကလည်း ဆေးများယူခဲ့၏။ ဦးမြိုးမြင့်က ကျွန်တော့်အတွက် ဆိုင်ကယ်စီးဦးထုပ်ကြီးတစ်လုံး အမိုယူလာခဲ့သဖြင့် ထိုဦးထုပ်ကြီးကိုဆောင်းကာ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာကျောင်းတိုက်သို့ ထွက်ခဲ့ကြပါသတည်း။

"စစ်ကိုင်းတောင်– မျိုင်းတောင်သို့ဖွေး ဆိုသလို တောင်ထိပ် တောင်ထွဋ် တောင်စောင်းတို့တွင် ထုံးဖွေးဖွေးနှင့် စေတီပုထိုးများ အထင်းသားမြင်ရ၏။ 'ရွှေဟင်္သာတိုက်သစ်' ဟူ၍ ကမ္ပည်းထိုးထားသော မုခ်ဦးကြီးအတွင်းသို့ဝင်လိုက်သည်နှင့် ရင်တွင်းအေးမြသွားပါသည်။ ထို့ကြောင့်လည်း ရှေးက အတွေးအခေါ်ပညာရှင်များက . . .

"သစ်ရိပ်ဝါးရိပ်ထက်
ဆွေမျိုးအရိပ်က အေးမြ၏။
ဆွေမျိုး အရိပ်ထက်
မိဘအရိပ်က အေးမြ၏။
မိဘ အရိပ်ထက်
ဆရာသမားအရိပ်က အေးမြ၏။
ဆရာသမား အရိပ်ထက်
ဘုရားအရိပ်က အေးမြ၏။" ဟူ၏။

ဦးစွာပထမ ရွှေဟင်္သာကျောင်းတိုက် စာချဆရာတော် ဓမ္မာစရိယ ဦးသုမင်္ဂလာထံ ဝင်ရောက်ဖူးမျှော်ကန်တော့ကြပါသည်။ ဆရာတော် ဦးသုမင်္ဂလာကို ဆေးတစ်ချို့တစ်ဝက် လှူဒါန်းလိုက်ပါသည်။

ထို့နောက် ဆရာတော်ဦးမင်္ဂလာက ဦးမြိုးမြင့်–ဒေါ်တုတ်တုတ်တို့ ဆောက်လုပ်လှူဒါန်းထားသော ကျောင်းတိုက်ကို လိုက်လံပြသပါသည်။ ထို့နောက် သက်တော် ၁၀၁ နှစ် ရှိပြီဖြစ်သော အဘိဓမ္မမဟာရဋ္ဌဂုရု သက်တော်ရှည် ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး ရှေ့မှောက်သို့ ဝင်ရောက်ဖူးမျှော်ကန်တော့ကြပါသည်။

"ဆရာတော်ကြီးအနီးတွင် ဦးဇင်းငယ် နှစ်ပါးသာ ရှိ၏။ ဦးဇင်းလေးတစ်ပါးက 'ဆရာတော်ကြီးဘုရား သည်ဒကာကြီးက မကွေးမြို့မှာနေတဲ့ ဆေးစာအုပ်တွေရေးတဲ့ မကွေးသင်းမြင့်ဆိုတာပါပဲ ဘုရား' ဟု လျှောက်ထား၏။



ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် အသက်အရွယ် ၁၀၀ ကျော်ရှိနေပြီဖြစ်သော်လည်း လေးလံခြင်းမရှိ။ တွေဝေခြင်းမရှိ။ ပကတိ ကြည်လင်ပေါ့ပါးနေပါသည်။ သက်တော် ၉၀ ကျော်အထိ ဆွမ်းခံကြွခဲ့သည်ဟု သိရပါသည်။ ဆရာတော်ကြီးသည် ပျို့ရွယ်စဉ်မှ သက်တော် ၁၀၀ ကျော်သည့်တိုင်အောင် မျက်မှန်မတပ်ရဘဲ စာရေးဖတ်ခဲ့၏။ ယခုထိ ဖတ်သည် ရေးသည်။ စာရေးသူ၏ ဆေးအကြောင်းရေးသော စာအုပ်များကိုလည်း ဖတ်ကြောင်း သိရ၍ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဆရာတော်ကြီးအား မည်သည့်ဆေးဝါးများ မှီဝဲပါသနည်းဘုရားဟု လျှောက်ထားသောအခါ . . .

"ဘုန်းတော်ကြီးကတော့ ဘာဆေးမှမစားဘူး၊ ဣရိယာပုထ်မျှအောင်နေတယ်၊ သိပ်ပူတဲ့အခါ သစ်သားကျောင်းကလေးမှာ သီတင်းသုံးပြီး အေးလွန်းတဲ့အခါ နွေးထွေးတဲ့နေရာ ပြောင်းရွှေ့နေတာပါပဲ၊ ပြီးတော့ ဘုန်းကြီး ၉၃ နှစ်အထိ ဆွမ်းခံထွက်ခဲ့တော့ ကျန်းမာရေး အထောက်အကူပြုပါတယ်၊ အစာအာဟာရစားတဲ့အခါမှာ ချဉ်ဖန်စပ်ခါး နေ့တိုင်းစား ပေါ့ပါးလျင်မြန်ဖျတ်လတ်သည်တဲ့ အချိုနဲ့အငန် မပါဘူးနော်" ဟူ၍ မိန့်တော်မူပါသည်။ သက်တော် ၁၀၁ နှစ်ရှိပြီဖြစ်သော်လည်း အကြားအာရုံ အမြင်အာရုံ ချွတ်ယွင်းမှုမရှိသည့်အပြင် သွားတော်များ ကျိုးခြင်း၊ နှဲ့ခြင်း မရှိသောကြောင့် မျက်နှာတော်မှာ ပြည့်ဖြိုးနေပါသည်။

"ဘုန်းကြီးကို ဒကာ ဒကာမတွေက စိတ်ညစ်စရာတွေလာလာ ပြောကြတယ်၊ ဘုန်းကြီးကတော့ အဲဒါတွေကြာကြာစိတ်ထဲ မထားပါဘူး။ မေ့ပစ်လိုက်တာပါပဲ" ဟု မိန့်တော်မူပြန်ပါသည်။

သြော် . . . ရွှေဟင်္သာဆရာတော်ဘုရားကြီး သက်တော်ရှည်ပြီး ကျန်းမာပေါ့ပါးနေသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းကြောင့်ပါတကားဟု စိတ်အလျဉ်သည် ရှင်တော်ဘုရား မိန့်မြွက်ခဲ့သည်ကို သတိရမိပါတော့သည်။

ရှင်တော်ဘုရားက . . .

၁။ မိမိနှင့်မသင့်လျော်သော အစားအစာ၊ မိမိ၏ ခန္ဓာကိုယ်နှင့် မသင့်မလျော်သော အပူအအေး ရာသီဥတုကိုရှောင်ကြဉ်၍ သင့်လျော်သော အစားအစာ ဥတုနှင့်အညီနေထိုင်ရမည်။

www.burmeseclassic.com



၂။ သင့်လျော်သော အစားအစာ အာဟာရ သုံးဆောင်သောအခါ မိန့်မှုတချို့ အတိုင်းအတာကိုကြည့်၍ စားသုံးရမည်။

၃။ အစားအစာများကို စားသောက်ရာတွင် ကြွေခဲကျက်သဲသော ၁စားအစာများကို ရှောင်၍ ကြွေလွယ်ကျက်လွယ်သော အစားအစာများကို ၁ုံးဆောင်ရမည်။

၄။ သူ့အသက်ကို မသတ်ခြင်း။ သူ့ဥစ္စာကို ခိုးယူလုယက်ခြင်း။ ၁ူတစ်ပါးသားမယားကို မကျူးလွန်ခြင်း။ မဖျက်ဆီးခြင်း။ လိမ်ညာ၍ မ ပြာခြင်း။ သေရည်သေရက် မသောက်စားခြင်း။

၅။ စိတ်နှလုံးကို ချမ်းမြေ့စေတတ်သော မိတ်ကောင်းဆွေကောင်း ၁ားသမီးကောင်း လင်ကောင်းသားကောင်းတို့နှင့်ပြည့်စုံခြင်း။

အထက်ပါ ငါးပါးနှင့်ပြည့်စုံအောင် လိုက်နာကျင့်သုံးသူသည် ၁သက်ရှည်၏။ ကျန်းမာ၏။ ဘုရားဟောရိုး၏။

သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပြည် ထောင်စုမြန်မာနိုင်ငံတော် ရောဝတီတိုင်း ငါးဝန်မြစ် အရှေ့ဘက်ကမ်း လေး ကျ်နာမြို့တွင် အဘ ဦးကျောက်စိမ်း၊ အမိ ဒေါ်ရွှေသော့တို့မှ မြန်မာသက္က ၁ဇ် ၁၂၅၅ ခု၊ နတ်တော်လဆန်း ၇ ရက် ကြာသပတေးနေ့ ည ၉ နာရီ နစ် ၃၀ အချိန်ဖွားမြင်တော်မူခဲ့ပါသည်။

ယခု စာရေးသူတို့ ဖူးမျှော်နေသည့် အချိန်မှာကား ၁၃၅၆ ခုနှစ် စ်၏။ ဆရာတော်ကြီး၏ အသက်တော်ကား ၁၀၁ နှစ် ရှိနေပါပြီ။ ၁သက် အရွယ် အိုမင်းသူတို့သဘာဝမှာ အိပ်ရာထက်ယဲနေသည်ကိုသာ ၁ွ့ရ၏။ ယခု ရွှေဟင်္သာဆရာတော်ကြီးမှာကား စာပေရေးသားမြုစုတော်မူ ၁ါ၊ သက်တော်နှင့်မမျှ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပရိယတ် သာသနာအ ၁ကျ်ကျမ်းစာများ ဖတ်ရှုနေသဲ၊ ကျောင်းတိုက်တွင်းရှိ သံဃာတော်များနှင့်အ ၁ု စုပေါင်းဘုရားဝတ်တက်တော်မူသဲ၊ အလွန်ကြည်ရှုဖွယ်ပျံ့ဖွယ်ရာ ၁ာင်းသော ကျောင်းတိုက်ဝင်းအတွင်း လှည့်လည်စကြံ့လျှောက်တော်မူ ၁၊ တပည့်ဒကာ၊ ဒကာများ ဖူးမျှော်လာစဉ် ဆိုဆုံးမစကား မိန့်ကြားနိုင်သဲပါ ၁ကာ။

ရွှေဟင်္သာတိုက်မှ စာချဆရာတော် မဟာစရိယဆရာတော်ဦးသုမင်္ ၁။ ဦးပြုံးမြင့်၊ ကျွန်တော်တို့သည် ဆရာတော်ကြီး ရှေ့တော်မှောက်မှာ



ဖူးမြော်ရှိခိုး၏။ မိန့်ကြားသည့်အဖိုးတန် လမ်းညွှန်မှုများနားထောင်၍ တင်းမ တိမ်နိုင်ကြသေးသည့်အချိန်က တရွေ့ရွေ့ပြောင်းနေပါပြီ။

ထို့ကြောင့် ဆရာတော်ကြီးထံတော်ပါး၌ ပါရှိသော ဆေးပစ္စည်း များ လှူဒါန်းလိုက်သောအခါ သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရား ကြီးက . . .

"ဇာဲ.. လက်အုပ်ချီ လိုက်ဆိုကြ" ဟု မိန့်ဆိုကာ အောက်ပါအ တိုင်း အသံတော်ကြည်လင်စွာ ရွတ်ဆိုတော်မူ၍ စာရေးသူတို့က နောက်မှလိုက်ဆို ကြရပါသည်။

ကုဒ်မေပုည် နိဝဏ္ဏာနသာ ပစ္စယော ဟောတု
အရှင်ဘုရား တပည့်တော်တို့သည်
အရှင်ဘုရားတို့အား ရှိခိုးပူဇော်
ဖူးမြော်မာန်လျှော့ ကန်တော့၍
အသက်ရှည်ကြောင်း" ရောဂါကင်းကြောင်း
ကျန်းမာကြောင်းဖြစ်သော
ဆေးပစ္စည်းတို့ကို ဆက်လက်လှူဒါန်းပါကုန်၏။
အရှင်ဘုရား။

ဤသို့ လှူဒါန်းရသော ကုသိုလ်စေတနာတို့ကြောင့် တပည့် တော်တို့သည် အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို မိခင်ဖခင် ကျေးဇူးရှင်တို့ ကို အစပြု၍ ၃၁ ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသုဓိတာ ဒုက္ခိတ ပုဂ္ဂိုလ် သတ္တဝါအပေါင်းတို့အား အမျှ အမျှ အမျှ ပေးဝေပါကုန်၏။

ထိုသို့ ပုဂ္ဂိုလ်သတ္တဝါတို့သည် တပည့်တော်တို့နှင့် ထပ်တူထပ်မျှ ကောင်းမှုကုသိုလ်အဆို သဘာဝကို အမျှရကြကုန်၍ ကိုယ်ရောစိတ်ပါ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

စာရေးသူတို့သည် သက်တော်ရှည် အဘိဓမ္မဟာရဋ္ဌဂုရုသက် တော်ရှည် ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီးအား ရှိကျိုး စွာ ဝတ်ပြုကန်တော့ခဲ့ကြ၏။

တဖန် ရွှေဟင်္သာကျောင်းတိုက် စာချဆရာတော် မဟာစရိယ ဆရာတော် ဦးသုမင်္ဂလာကိုလည်း ဝတ်ပြုနှုတ်ဆက်၍ ပြန်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ဦးမြင့်မြင့်ဓါးဆိုင်ကယ်နောက်မှီးဝယ် ဆေးသွယ် အိတ်ကြီးကိုလွယ်လျက် သက်စော်ရှည်မြှေပှာသာဆရာတော်အရာကြီး မိန့်ကြားတော်မူလိုက်သော အဆိုအမိန့်ကို နားထဲမှာ ကြားယောင်နေမိပါသ တည်း။

'ချည်ဖန်စပ်ခါ။ နေ့တိုင်းစား
ပေါ့ဝါးလျင်မြန်၊ ဖျတ်လတ်သည်'

❀ ❀ ❀

## ရောက်ပေါင်း ရောက်ပေါင်းနှင့်

ရောက်ပေါင်းရှည်သည် ပါးရှဲ့ နှုတ်ခမ်းရှဲ့ လေငန်းဖြစ်သူများအ တွက် အသက်ကယ်ဆေးတစ်လက်ဖြစ်ပါသည်။ 'ရောက်ပေါင်းရှည်'ဟု အ ပြောလွယ်ကူသော်လည်း တကယ်ဖော်ကြစို့ဟု အားထုတ်ရသောအခါ များ စွာ ခက်ခဲပါသည်။

အဘယ့်ကြောင့်ဆိုသော် ပေါင်းရန်အတွက် ရောက်သီးက လေး လုံးလို၏။ ရောက်ရွက်က တစ်ပြီသား။ သက်ရင်းကြီးမြစ်က တစ်ဆယ်သား။ အရွက်များ ပေါင်းသည့်နယ်။ မပေါ့ ရေခပ်သလို တစ်နေကုန်၏။ တစ် စက်တစ်သက်သာ ကျ၏။ ကျောက်မီးသွေးများလို မာကြောသည့် မီးသွေးကို သုံးရ၏။ အငွေ့မှ အရည်၊ အရည်မှ တစ်စက် တစ်စက်ကျလာသည်ကို ငုပ်တုတ်ထိုင်ကာ ကြည့်နေရ၏။ တစ်ပုလင်းရရှိသောအခါ ပိတ်ပါးစနှင့်ကျကျ နနစစ်ယူ၍ ပုလင်းထဲထည့်၍ လေလုံအောင် ပိတ်ရ၏။ ထိုမျှ ဥာမျှ ခက်ခက် ခဲခဲ ထုတ်ယူရသော ရောက်ပေါင်းရှည်ပုလင်းကို အလဟဿ ပိတ်စင်ခြင်း ကွဲရခြင်း အဖြစ်မခံနိုင်ပါ။ ငွေကျပ်ပျောက်က မည်သူသိ သွားဆွဲ ဆွဲ ရနိုင်၏။ ရောက်ပေါင်းရှည် တစ်ပုလင်းကွဲ၍ အလဟဿဖြစ်သွားပါက အလွယ်မရနိုင် တော့ပါ။

ဦးကျော့ ရောက်သီးကို မိုးရာသီမှာ လွယ်လွယ်ကူကူ ရရှိနိုင်သော်



လည်း နွေအခါကျ ရှားပါးပစ္စည်း ဖြစ်ပါလေပြီ။ ရောက်ရွက်ကလည်း ထိုနည်း လည်းကောင်းပါပဲ။ ရောက်ပေါင်းရှည်ကို ယခင်က သက်စောင့်ဆေးကုသည့် ဆေးအဖြစ် ဆောင်ထားသော်လည်း ယခုအခါ ရောက်ပေါင်းရှည်ကို ခြေဖဝါး တွေ ထုံကြဉ်လည်း သောက်၏။ ခြေသလုံးတွေ ထုံလည်း သောက်၏။ အာရုံကြောများ အားနည်းလျှင်လည်း သောက်၏။ ရောက်ပေါင်းရှည်၏ အကျိုးကျေးဇူးများမှန်း သိလာသောအခါ သုံးစွဲသူများလာ၏။ 'ဝါးတစ်ရာ– လူတစ်ရာ' ဆိုသလို များများသုံးလာသောအခါ ထုတ်လုပ်ရသူမှာ အခက်အ ခဲတွေနှင့် ရင်ဆိုင်လာရ၏။ ရောက်ရွက်တစ်ပြီသားနှင့် မရတော့ပါ။ တစ်နေ့ (၂)ပြီသား (၃)ပြီသား လိုလာ၏။ တစ်နေ့တစ်ရက်တည်းလည်း မဟုတ်။ နေ့စဉ်ဆိုတော့ ရောက်ရွက်ရရှိဖို့အရေးက ခက်ခဲလာသည်။

ထို့ကြောင့် ရပ်ဝေး၌နေသူများ မိမိတို့အစီအစဉ်ဖြင့် ရောက်ပေါင်း ရှည် ပေါင်းကြရေးအတွက် ရောက်ပေါင်းရှည် ပေါင်းနည်းရေးခဲ့ပါသည်။ ထို့အပြင် ကျောက်ကပ်ရောဂါ၊ အမျိုးသမီးများ တားဆေးများ စားကြသော ကြောင့် အသားအရည် ညစ်နွမ်းခြင်း အကွက်ထခြင်းများတို့ကို ပျောက်ကင်း ရန်အတွက် ရှားစောင်းလက်ပတ်ချက်ဆေးဖော်နည်းကိုလည်း စာအုပ်ထဲမှာ အကျယ်တဝင့်ရေးခဲ့ပါသည်။ သို့ရာတွင် ဆေးဖော်ခြင်းလုပ်ငန်းနှင့် အကျွမ်း တဝင်ရှိသူများအဖို့ အဆင်ပြေမည်ဖြစ်သော်လည်း တကယ်ဖော်ကြစို့ဟု ကြံရွယ်သောအခါ စာတွေ့နှင့်လက်တွေ့ အတော်ပေါင်းစပ်ယူရပါသည်။

( ၂ )

တစ်လောက သတုံမြို့ ဘင်လိုင်ရပ်နေ ဝါဝါဝင်းမှန့်တီဖိုပိုင်ရှင်များ ဖြစ်ကြသော ဦးထွန်းရီ၊ ဒေါ်ခင်ဆွေတို့မိသားစုသည် ကျွန်တော်နေထိုင် သည့် မကွေးမြို့ မဲထီးလမ်းနေအိမ်သို့ ရောက်ရှိလာပါသည်။

ဦးထွန်းရီသည် သွေးချိုးရောဂါ အနည်းငယ်ရှိ၏။ လေဖြတ်မှာ ကြောက်နေရှာ၏။ ထို့ကြောင့် ရောက်ပေါင်းရှည် ပေါင်းနည်းများ ရှားစောင်း လက်ပတ်ချက်ဖို့များ မြွှသလိုက်ပါသည်။

ဦးထွန်းရီနှင့်မိသားစုတို့သည် ဘုရားလည်းဖူးရင်း ကျွန်တော်၏ ဆေးများကိုလည်း ဝယ်ယူအသုံးပြုလိုခြင်း၊ ကျွန်တော်လက်တွေ့ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရသော ဆေးဝါးဖော်စပ်မှုများကို လက်တွေ့မြင်ချင်လှသော ကြောင့် ကျွန်တော်ငါသာသမီးများနှင့် တူမလေးများ ရှားစောင်းလက်ပပ်ပင် များ ဓားကိုယ်စီနှင့်ကိုင်တွယ်ဆောင်ရွက်မှုတို့ကို အစမှအဆုံးအထိ ကျကျန န ပြသလိုက်ပါသည်။

သတုံမြို့မှ ဦးထွန်းရို့ဝိုမိသားစုသည် ရှောက်ပေါင်းရည်ပုလင်းနှင့် ရှားစောင်းလက်ပပ်ချက်ဆေးများ ဝယ်ယူကာ တစ်ဖော်တစ်ပါးမြန်သွားကြ ၏။ သတုံမှာ ရှောက်သီး ရှောက်ရွက်ပေါသည်။ ရှောက်ပေါင်းရည် ပေါင်းရည် ဟုလည်း ကြုံးဝါးသွားပါ၏။ သို့သော် ယနေ့အထိ အလုပ်မဖြစ် မပေါ်မြစ်ကြောင်း ကြားသိရပါသည်။

ဤစာရေးနေစဉ် မြိတ်မြို့ တပ်ပြင်ရပ် ဘုရားကြီးလမ်းနေ ဦးဖေသန်းထံမှ အောက်ပါအတိုင်းစာတစ်စောင် ရောက်လာပါသည်။

၁၄–၇–၉၄

ဆရာခင်များ . . .

ဆရာ့စာအုပ်ထဲပါတဲ့အတိုင်း ရှောက်ပေါင်းရည် လုပ်ပါသည်။ အချဉ်အရသာများ ပေါ်နေပါသည်။ နောက်တစ်ကြိမ် ထပ်ပေါင်းပါတယ်။ သိပ်မထူးခြားပါ။ ဆရာ့ရှောက်ပေါင်းရည်က ပျံ့ရှိန်းရှိန်းအရသာ ခံစားရပါ သည်။ အရက်လိုပါပဲ။

ဆရာ့ဆေးစာအုပ်ထဲကအတိုင်း မြေအိုးနဲ့ပေါင်းတာပါပဲ။ ဘာများ လိုအပ်နေပါသလဲဆရာ။ အကြံပေးပါဦး။

ရှောက်ပေါင်းရည်ကို အမှတ် ၁၆၃– ၃၂လမ်း ဦးသောင်းဖေ – ဒေါ်ခင်မြူ့ဆိုင်မှာ ပေါင်းပါသလား။ ဒါမှမဟုတ် မကွေးမှာလုပ်ပြီး ရန်ကုန်ကို ပို့တာလား။ ယခုလို မိုးရာသီမှာ ရှောက်သီး ရှောက်ရွက် သိပ်ပေါ်နေတဲ့အချိန် ပါ ဆရာ။

ဆရာတို့မိသားစု ကျန်းမာကြပါစေ

ဦးဖေသန်း

ဘုရားကြီးလမ်း၊ တပ်မြင်ရပ်၊ မြိတ်မြို့။

ရန်ကုန်မြို့လယ်ခေါင် တိုက်ခန်းကျဉ်းကျဉ်းကလေးထဲမှာ ရှောက်



ပေါင်းရည် ပေါင်းရန်မဖြစ်ပါ။ ထန်းလျက်ကို ကြို၍ အလျှဉ်ခံရပါသည်။ အလျှဉ်ဆိုသည်မှာ ပုံးရည်၊ ထန်းရည်ခါး စသည်လုပ်ရာတွင် အစဉ်မပြတ် အချဉ်ဓာတ်ရှိသော အနှစ်ဖြစ်ပါသည်။

အလျှဉ်အိုးများ တစ်အိုး–နှစ်အိုး မရတော့ပါ။ လေးငါးခြောက်အိုး ထားရှိရပါသည်။ နေရာအခက်အခဲ ရှိပါ၏။ ထန်းလျက် လိုပါသည်။ ပြီးတော့ မီးသွေးလိုသေး။ မီးသွေးကလည်း ဈေးက ကြီးပါဘိခြင်း။ နယ်မှာသာ ဖော်၍ လွယ်ကူပါ၏။

ဖော်ပြီးသောအခါ ဖန်ပုလင်းကိုသုံးမှကောင်း၏။ ဖန်ပုလင်းသုံး သော် အဝေးသို့ပို့သောအခါ အလွန်ဂရုစိုက်ရပါသည်။ မကွဲမရှရအောင် ကောက်ရိုးကောက်ရိုးတို့ဖြင့် အထပ်ထပ် မွမ်းမံပြင်ဆင်ပို့ရ၏။ တစ်ခါတစ်ရံ ကွဲတတ်ပါသေး၏။ ငွေကြေးဆုံးရှုံးမှုကို မနေပြောသော်လည်း ဆေးပစ္စည်း အလဟဿ ဆုံးရှုံးပါက လွန်စွာ နှမြောပါ၏။

ထိုသို့သော အခက်အခဲများနှင့် ကြုံရလေတိုင်း မိမိတို့အစီအ စဉ်အတိုင်း ဖော်ကြပါ။ ဖော်နည်းက သည်လိုပါ စသည်ဖြင့် မကြာခဏ စာအုပ်ထဲမှာ ရေးခဲ့ပါသည်။

သို့သော်.. သာကီဝင်မြန်မာလူမျိုးများပီပီ အစွဲအလန်းကြီးကြ ၏။ 'ဆရာဖော်ပေးပါ– ဆရာဖော်မှ ကောင်းတာ' ဟူ၏။ ကျွန်တော့်အပေါ် ပုံချကြ၏။ ထို့ကြောင့် တစ်နေ့(၃)ပုလင်းရရ(၄)ပုလင်းရရ ရသလောက် ရန်ကုန် ၁၆၂– ၃၂ လမ်းနေ အစ်ကိုကြီး ဦးသောင်းဖေ အစ်မဒေါ်ခင်မြူးတို့ ထံ ပို့ပေးနေရပါတော့သည်။

( ၃ )

လောင်နီဖြစ်သူ အသက်အိုပြီး ဝဖြိုးနေသူ၊ သွေးတိုးရှိသူ၊ အကြော အားနည်းသူများသည် ကျွန်တော်တို့ရှောက်ပေါင်းရည်ကို ဝယ်ယူသောက်သုံး ကြပါ၏။

သို့သော် ရန်ကုန်မြို့ ဝန်းကျင်မှ ပုဂ္ဂိုလ်များအဖို့ မဆိုးသာ သော်လည်း ရေတစ်တန် ကုန်းတစ်တန် ခရီးဝေးမှလာရသူများအဖို့ အဆင်မ ပြေကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို မပြေလည်သူများထဲမှ တစ်ဦးကို ထုတ်နုတ်တင်ပြရသော်...

ဖျာပုံမြို့ ဆိပ်ကမ်းသာဈေးဆိုင်အမှတ်(၂၈)နေ ဦးမြင့်နိုင်သည် သားဖြစ်သူကို ရန်ကုန်မြို့သို့ရောက်ပေါင်းရည် ဝယ်ရန် စေလွှတ်လိုက်၏။ ဖျာပုံမြို့မှ နက်ဝေလီဝေလင်း အိပ်ရေးမဝတဝဖြင့် ထွက်လာခဲ့ရကား ရန်ကုန်ရောက်၍ ဘတ်စ်ကားပေါ် အိပ်ငိုက်သွားစဉ် ခါးပိုက်နှိုက်ခံရ၍ ရောက်ပေါင်းရည်သာမက အခြားပစ္စည်းများပါ မဝယ်နိုင်တော့ဘဲ အိမ်ပြန်ခဲ့ရ၏။

ရောက်ပေါင်းရည်မှ မသောက်ရလျှင် မဖြစ်ရကား။ နောက်တစ်ကြိမ် သားဖြစ်သူကို ရန်ကုန်သို့ရောက်ပေါင်းရည်နှစ်လုံး အဝယ်ခိုင်းပြန်၏။

သည်တစ်ခါတော့ ခါးပိုက်နှိုက်မခံရပါ။ သို့သော် ကားထဲတွင် ထည့်ထားသော ရောက်ပေါင်းရည်ကိုဆွဲထုတ်ယူလိုက်သောအခါ ကားတံခါးဖြင့် ရိုက်မိ၍ တစ်လုံးကွဲသွား၏။ ထိုအဖြစ်အပျက်ကလေးကို ကဗျာတိုကလေးဖြင့် ကျွန်တော့်ထံ ရေးရှာ၏။ ဖတ်ကြည့်ပါဦး။

ရောက်ပေါင်း ရောက်ပေါင်းနဲ့
ပျော်ကောင်းရဲ့ထင်လို့ ဝယ်ခိုင်းရာ
သားဖြစ်သူ သွားဝယ်ခိုက်
ခါးပိုက်နှိုက်ခံရရှာ။
စိတ်မာတ်တော့ မကျပါ။
နောက်တစ်ခါသွားဝယ်အုံး နှစ်လုံး
ဒီတစ်ခါ ကားထဲက အဆွဲ
ကွဲပေါ့ တစ်လုံး။
ဆရာရေ.. ငွေတစ်ထောင်လောက်ဆုံး။

ဦးမြင့်နိုင်
ဆိုင်အမှတ်(၂၈)
ဆိပ်ကမ်းသာဈေး ဖျာပုံမြို့။

❀ ❀ ❀



## ထိုင်တန်းဆောင်မီခင်ရှား စားရေးညီမာတ်စာ

( ၁ )

စာရှုသူအပေါင်း....။

ကျွန်တော့်ထံသို့ ၁၂ လရာသီ စာတ်စာ စာနည်းများကို ကျောင်းအားသည့်အချိန်တိုင်း မကြာခဏ လာမေးလေ့ရှိသော အထက်တန်းပြဆရာမလေး မခင်ွေရည်သည် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးဌာနအရာရှိကလေး မောင်မျိုးမြင့်နှင့် ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ ပြုလုပ်ပါသည်။

ထိုမင်္ဂလာပွဲသို့ ကျွန်တော်တို့လင်မယားသည် ရှေ့ဆုံးမှ တက်တက်ကြွကြွ ပါဝင်ခဲ့ရပါသည်။ 'မောင်ဝင်းမြင့် မင်္ဂလာစကားပြောပါ'

မင်္ဂလာရည်၏ဖခင် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလေးသန့်က တိုက်တွန်း၏။

"ဦး... မင်္ဂလာစကား ပြောပေးပါ"

မငွေရည်က ထပ်ဆင့်တိုက်တွန်း၏။

"ဦးဝင်းမြင့် မင်္ဂလာစကားပြောပါ"

နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများက တိုက်တွန်းကြသောကြောင့် ဆေးဆရာကျွန်တော်သည် ဘိတ်သိက်ဆရာ ဖြစ်သွားပါတော့၏။ ရှုစားကြပါဦး။

ဖေယျာဇု သဗ္ဗမင်္ဂလာ
မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။

ယခုလို ကျက်သရေ မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံလှတဲ့ သတို့သား မောင်မျိုးမြင့်၊ သတို့သမီး မငွေရည်တို့၏ မင်္ဂလာပွဲမှာ မင်္ဂလာစကား ပြောကြားခွင့်ရသည့်အတွက် အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သတို့သား မောင်မျိုးမြင့်၊ သတို့သမီး မငွေရည်တို့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ နှစ်ဦးနှစ်ဖက်သော မိဘဆွေမျိုးများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်၌ ဤနေ့ ဤရက်မှ အစပြု၍ အကြင်လင်မယားအဖြစ် စုလျားရစ်ပတ်ထိမ်းမြား လက်ထပ်ကြပါပြီ။

ထို့ကြောင့် သတို့သား မောင်မျိုးမြင့် သတို့သမီး မငွေရည်တို့သည် အောင်စေရတု ငွေခရုဖြင့် သပြေနုရွက်ဝါ၊ အောင်မှုဖြာ၍ အောင်စေအတိတ်၊ အောင်နိမိတ်ဖြင့် အောင်ဘိတ်သိက်၊ အောင်ဆုခွေ၍ အောင်ပါစေသတည်း အောင်ပါစေသတည်း အောင်ပါစေသတည်း။

တရွှသူအဆွေ ယခု ကျွန်တော် မင်္ဂလာစကား ထ မပြောကြားမီ ကျွန်တော့်'အိမ်သူ'က ကျွန်တော့်အနားကပ်ကာ . . .

"တိုတိုပြောနော် . . . သိပ်အရှည်ကြီး ပြောမနေနဲ့ ဟိုတစ်ခါ မောင်ဥာဏ်ဝင်းတို့ မင်္ဂလာပွဲမှာ ရှယ်ယူမှာတွေ အရှည်ကြီး လျှောက်ရွတ်မိလို့ လည်နေပြီး နိဂုံးချုပ်မရတာ မှတ်မိတယ် မဟုတ်လား"

ဟူ၍ ကျွန်တော့်ကို အကျိုးအကြောင်းသောက်ပြီး ခိုးကျူးတော သနားပြုလိုက်သောကြောင့် စာတွေရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ရပ်တန့်လိုက်၏ . . .

သတို့သား မောင်မျိုးမြင့်၊ သတို့သမီး မငွေရည်တို့အား အနှစ်သာ အနန္တငါးပါး ဦးထိပ်ထား၍ နှစ်ဖက်မိဘတို့ကို ကာယဝစီမနော ချိုလျက် ရှိခိုးကန်တော့ခိုင်းရင်း ဘိတ်သိက်မင်္ဂလာစကား ရပ်နားလိုက်ပါသတည်း။

( ၂ )

မခူးချင်စမ်းပါနဲ့
နှစ်ဆန်းခါတော်မှီမို့
ဖမွှေ့ရည် ပြေပြေလှိမ်းဆောာဝ
ခပ်သိမ်း နယ်စုံစုံသို့
ပွင့်ငုံကို လင်းကျန်ကြတော့မလို



ခေါင်းကြွကာ ဆာဝေဝေနဲ့
သူလဲလေ လောကီသားလိုပ
ကြွားချင်လှ ပေထိမ့်မယ်။

(ဆရာ ဇော်ဂျီ)

ကြည့်စမ်း။ သင်္ကြန်ရေ ကျလွန်ကြီး။ တစ်နှစ်ဆို ဘာမျှကြာလိုက်သည် မဟုတ်။ တန်ခူးလရောက်၍ ပိတောက်ပန်းတွေ ပွင့်ကုန်ကြပါပကော။

"ဦး . . . အနံ့တီကော"

"ဟော . . . မငွေရည်တို့ပါလား။ လာကြ လာကြ၊ ဟင် . . . ပိတောက်ပန်းတွေလည်း အများကြီးပါလား"

"ဟုတ်ကဲ့ရှင့်၊ အန်တီကို ဦးဦးဖျားဖျား လာပို့တာ"

"မောင်မျိုးမြင့် ထိုင်ကွယ်၊ ရေနွေးကြမ်းသောက်ကွဲ့၊ မင်းကော ဘယ်တုန်းက ရောက်သတုန်း"

"မနေ့ညက ရောက်ပါတယ်ခင်ဗျ"

"မောင်မျိုးမြင့်က ရွှေဘိုမှာ၊ မငွေရည်က မကွေး၊ မင်းတို့ မောင်နှံနှစ်ဦး မယ်တစ်ရွာ ဖြစ်နေကြတာပေါ့"

"ဟုတ်ကဲ့ ခင်ဗျ ဒါပေမယ့် ကျွန်တော် နှန်လထဲ မကွေးပြောင်းရမှာပါ ခင်ဗျ"

"အေး . . . ကောင်းပါလေ့ကွယ်"

ကျွန်တော့်'အိမ်သူ'သည် ပိတောက်ပန်းဆိုလျှင် ခွေ့ခွေ့ခုန်သဘောကျသူ ဖြစ်ပါသည်။ ပိတောက်ချစ်သူ ဖြစ်၏။ ထို့ကြောင့် မငွေရည်သည် နှစ်စဉ်နှစ်တိုင်း ပိတောက်ပန်းတွေ ဦးဦးဖျားဖျား လာပို့လေ့ရှိပါသည်။

"ဦး . . . သမီးစားရမယ့် ဓာတ်စာတွေ ပြောပြပါဦးနော်"

"ဟဲ . . . မငွေရည် ဥတုသုံးလီ ရတုခြောက်ခု ညည်းသိပြီးသားပဲဟာ။ မှန်စေ။ နယ်တန်ခူးလဆိုတော့ နွေရဲ့ ရတုလေ၊ ဒီလ ကျန်းမာတဲ့လူဟာ ရေသောက်မယ်၊ ချွေးထွက်မယ်၊ ဆီးဝါမယ်၊ ကိုယ်သားကိုယ်ရေ အေးမယ်၊ စားရမယ့်အစားတွေက လဲလှရွက်၊ ခတက်ရွက်၊ ဆိတ်ဖူး၊ ခုပ်ရှစ်ရွက်၊ နှမ်းပျက်၊ နှမ်းထောင်း၊ သားပြုတ်ရည်"

"ဦး . . . အဲဒါတွေ ပြောတာမဟုတ်ဘူး ဦးရဲ့၊ ပယ်ဇင်းလေ ဟိုဇင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်မိခင်တွေ စားရမယ့် ဓာတ်စာပြောတာပါ"

သည်တော့မှ မငွေရည်ကို စေ့စေ့စပ်စပ် ကြည့်လိုက်မိတော့၏။

"အမယ်လေး မငွေရည်ရယ် ညည်းက ရုမီဆောင်းမိနေတာကိုး ဟဲ့"

မငွေရည်က ရှက်ပြုံးကလေး ပြုံး၏။

မငွေရည်သည် ယခုကာလပေါ် ခပ်ပွပွ ခပ်ဖားဖား ဘလောက်စ် အင်္ကျီဝတ်ထားသောကြောင့် ရှိနေသော သူ့ဗိုက်ကလေးကို မမြင်မိ။ မငွေရည်ပြောမှ သိရင်း၏။ သူ့ဝမ်းကြာတိုက်မှာ ကလေးရှိနေပြီတဲ့လေ။

"ညည်း ကိုယ်ဝန်က ဘယ်နှစ်လ ရှိပြီလဲ"

"လေးလရှိပြီ ဦး"

"အေး... ဟန်ကျတာပေါ့ကွယ်၊ အဲဒါ မိန်းကလေးတို့ရဲ့ကျက်သရေပါကွဲ့၊ သားကောင်းမိခင် ပုခက်ကိုလွှဲတဲ့ လက်ဖိုင်ရှင်ပေါ့၊ ပုခက်လွှဲသော မိခင်၏လက်သည် ကမ္ဘာကြီးကိုအုပ်စိုးနိုင်သည်တဲ့"

သူတို့ဇနီးမောင်နှံ နှစ်ဦးသည် ကျွန်တော့်စကားကြောင့် ပြုံးရယ်ကြ၏။

"ဦး... မငွေရည်လေ ကောက်ညှင်းတွေ ခုတလော မတရားစားချင်နေတယ်ခင်ဗျ၊ အဲဒါမစားပါနဲ့လို့ပြောလို့လဲ မရဘူး"

"ဟင်... ဟုတ်လား မငွေရည်"

"ဟုတ်ပါတယ် ဦး၊ အခုတလော ဘာလို့စားချင်မှန်းကို မသိဘူး၊ ရှိတိုင်း သမီးမစားပါဘူး အခု ကိုယ်ဝန်ရှိမှ"

"အင်း... အဲဒါ ချင်ခြင်းတပ်တယ်လို့ ခေါ်သကွဲ့"

"ချင်ခြင်းတပ်တယ်ဆိုတာ ဘာလဲ ဦး"

"သန္ဓေသားက လိုတဲ့ဓာတ်ကိုဖြည့်ပေးဖို့ တောင့်တတာကြောင့် မိခင်က ပြင်းပြင်းပြပြ စားချင်တာကိုပြောတာပါ"

"ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေ အဲဒီလိုချည်းပဲလားဟင်"

"အများစုပေါ့ကွယ်၊ တချို့ကျတော့လည်း လက်ဖက်စားချင်ပါတ်ပေါ်သဟဲ့၊ တချို့ကျတော့ ဆန်စေ့ကို ဖြိန်ရေယှက်ရည် စားကွဲ့၊ တချို့ကျ ပြာလျက်တယ်၊ အငန်ဓာတ်လိုလို့ထင်တယ်"

"ဦး သမီးကိုယ်ဝန်ရှိလာတော့ ဘာတွေစားရမယ် ဘာတွေရှောင်



ရမယ်ဆိုတာ ပြောပါဦး"

"အားပြီး ဖွင့်တဲ့ အစားအစာတွေ စားပေါ့ကွယ်၊ ပြီးတော့ ဝမ်းမှန်မှန်သွားစေတဲ့ အစားအစာပေါ့၊ ကျောက်ဖရုံသီး၊ ကင်ပွန်းချဉ်၊ ဟင်းနုနွယ်၊ ခဝဲသီး၊ ဂေါ်ရခါးသီး၊ ကန်စွန်းရွက်၊ မြင်းခွာရွက်၊ ပဲကတ္တီပါ၊ ပဲနီ လေး၊ အသားထဲက ဆိတ်တို့၊ ကြက်တို့၊ ငါးထဲက ငါးမြင်းရင်း၊ ငါးခူ၊ ငါးရံ့၊ ပြီးတော့ တောင်ကြီးမြို့ကလာတဲ့ ရွှေဖီသီး၊ အဲဒီ ပဲသီးနုနုလေးလည်း ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ စားသင့်တယ်ကွဲ့၊ မှန်လာဥ အနီ"

"ရှောင်ရမှာကကော ဦး..."

မောင်မျိုးမြင့်က ကျွန်တော်နှုတ်က ပြောသမျှကို မှတ်စုစာအုပ်ကလေးထဲ လိုက်မှတ်နေ၏။

"ရှောင်ရမှာက အမှုအစပ်ပေါ့လေ"

"လိမ္မော်သီးကော တည့်လားဦး"

"တည့်ပါဗျာ၊ လိမ္မော်သီး၊ ကမ္ဗလာသီး၊ ရောက်ချိုသီး၊ ကျွဲကောသီးလို့ခေါ်သလား၊ အဲဒါလဲ တည့်တယ် ပြီးတော့ ပျားရည်နဲ့ သံပရာရည် ဖျော်ရည်သောက်နိုင်တယ်"

"ရှောင်ရမယ့် အစားအစာက"

"ရှောင်ရမယ့် အစားအစာတွေကတော့ လက်ဖက်ကွဲ့၊ လက်ဖက်ရည်အချို၊ မန်ကျည်းသီးစိမ်း၊ ငါးပိချက်၊ ခရမ်းသီး၊ ရှုံးပတီသီး၊ ဒညင်းသီး၊ ဂေါ်ဖီထုပ်၊ မန်ကျည်းရွက်၊ စားတော်ပဲပြုတ်၊ ကောက်ညှင်းနဲ့လုပ်တဲ့ မုန့်ဟူသမျှရှောင်၊ ငါးသလောက်၊ ငါးသေတ္တာ၊ ပုစွန်ချဉ်၊ ပုန်းရည်ကြီး၊ တမာချဉ် အဲဒါတွေ လုံးဝမစားနဲ့"

"ဦး သမီးနဲ့အုန်းရည် တည့်လား"

"တည့်ပါဗျာ၊ အုန်းစိမ်းရည် သောက်နိုင်တယ်၊ မကြာခဏ သောက်ဗျ၊ မွေးလို့ ဖွားလို့ချောစေတယ်၊ အဲ.... အုန်းမှုတ်ခွက်လည်း ဘယ်ညာ အကြိမ် ၂၀၀ နင်းပြီးတော့ အသွားအလာ အနေအထိုင် ဆင်ခြင်ရမယ်၊ ရေချိုးခန်းထဲ ဝင်တဲ့အခါ သတိထား မငွေရည်ရဲ့၊ ချော်လဲတတ်တယ်"

"ဦး သမီး မီးဖွားတဲ့အခါ စမုန်နက်လှော် နမ်းဆုပ်ဆောင်ထားရမှာ ပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပေ နမ်းထုပ်လို့သဗျ၊ အဲဒါတွေအတွက် ညည်းအန်တီက ကလေးနှစ်ယောက်တောင် မွေးထားတဲ့သူဆိုတော့ သူက ကျွမ်းကျင်အဆင့်(၁)ကွဲ့"

"ဘာပြောတယ်... ဘာပြောတယ်"

မောင်မျိုးမြင့်နှင့် မငွေရည်တို့အတွက် ကော်ဖီနှင့် မုန့်ဝန်းယူဆောင်လာသော အိမ်သူက ဘယ်လိုကြားသွားသည်မသိ။

"ဒီက မငွေရည်က သူကလေးမီးဖွားတဲ့အခါ နမ်းထုပ်လိုချင်လို့ကဲ့ကွ၊ အဲဒါတွေက ညည်းအန်တီမှ ကျကျ လုပ်တတ်တာလို့ပြောတာပါကွာ"

"နမ်းထုပ်လား... ရပါတယ် မငွေရည်ရဲ့ ညည်းလိုပါသေးတယ်ဟယ်၊ အဲဒါတွေ အန်တီ့တာဝန်ထားပါ၊ အန်တီတို့အိမ်မှာ စမုန်နက်တော့ ဘာပေါ်သလည်း မမေ့နဲ့ ညည်းတို့ဦးက စမုန်နက် ဆေးဆရာကြီး"

"ဟ မိန်းမရ စမုန်နက်ကို ဘာမှတ်သလဲ အရွှန်းအစွမ်းထက်တာကွ၊ စမုန်နက်ဆိုရင် တို့မြန်မာ အမျိုးသမီးများ သားဖွားတဲ့နေရာမှာ ရှိရာရှာဆေးပဲကွ၊ သားဖွားပြီဆိုလျှင် အမျိုးသမီးတို့ရဲ့သွေးဟာ နစ်နေတယ်လေ၊ သီတာတော့ လွန်ကဲနေတဲ့အချိန်ပေါ့၊ လန့်စရာကြီး ကြားလိုက်ရရင် ချက်ချင်းသွေးက အထက်ကိုတက်တာ ဦးခေါင်းဆီကိုသွေးတွေ ရုတ်ခြည်းတက်လာတော့ မိုက်ခနဲ မူးလဲသွားတတ်တယ်၊ အဲဒီလို မဖြစ်ရအောင်နားထင်ကိုပတ်ပြီး ခေါင်းကိုအဝတ်နဲ့စည်းထားတာ၊ အဓိပ္ပာယ်နဲ့စည်းတာ ငွေရည်ရဲ့၊ ခါးကိုစည်းတာလည်း အဓိပ္ပာယ်နဲ့စည်းတာပဲ ဝမ်းဗိုက်ကြားထဲမှာ သားငယ်ရှိတုန်းကလို မဟုတ်ဘူးလေ၊ တမဟုတ်ချင်း ဗိုက်ချပ်သွားတာ၊ သားအိမ်ကို နေရာတကျ ပြန်ရောက်အောင် ခါးကိုစီးနှောင်ပေးကြတာ အဲ အစည်းကောင်းတဲ့လက်သည်များကျတော့ သားသမီးဝေးအောင် နီးအောင် အမျိုးမျိုးစီမံတတ်လိုက်သေးတယ်၊ ပြီးတော့ ခါးလှတာပေါ့၊ ဗိုက်ခေါက်ကြီး ထူမလာဘူးပေါ့၊ ပြီးတော့ သားအိမ်က သွေးပုပ်အကျန်ညှိနေတယ်ဆိုရင် အုပ်ခဲကို မီးဖုတ်ရေလောင်းတိုက်၊ အဲဒါကို အဝတ်နဲ့ပတ်၊ သားအိမ်ကို အုပ်ပွတ်ရင် သွေးပုပ်ကျတယ်ကွဲ့၊ ပြီးတော့ နနွင်းလူးတာတို့ နနွင်းစားတို့ဆိုတာက နနွင်းရဲ့သတ္တိဟာ သွေးကို သန့်ရှင်းကြည်လင်စေတယ်၊ သားသည်အမေဖြစ်လာရင် ရေတက်ကောင်းအောင်ရတယ်၊ ရေတက်ကောင်းဟာ နို့ရည်ထွက်စေတယ်၊ ဟင်းခါးချက်သောက်ရမယ်"



"မငွေရည် စိတ်မပူပါနဲ့ကွယ်၊ မငွေရည် မီးဖွားတဲ့အခါ အန်တီလာမှာပေါ့"

"သမီးက ကျတျနေ ပိပိပြင်ပြင်ကလေး မွေးပြချင်လို့ပါ"

ကျွန်တော်က...

"အောင်မာ တော်တော် သတ္တိကောင်းတဲ့ မငွေရည်ပဲဟော့၊ ကလေးတစ်ယောက်မွေးတယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ ယောကျာ်းဖောင်စီးမိန်းမမီးနေတဲ့ လူတစ်ယောက်ဖြစ်ဖို့ လွယ်တာမဟုတ်ဘူး၊ လူ့ဘဝဆိုတာ ရခဲပါဘိခြင်း၊ ဒုလ္လဘတစ်ခုပဲ အဲ အဲ... အဲဒီးကားကိုကလေးတွေတစ်ပြုံကြီးမွေးတဲ့ မိသားစု သွားပြောရင်တော့ ရယ်စရာကြီး ဖြစ်မှာပဲနော်"ဟု လျောချလိုက်ရပါတော့သတည်း။

* * *

## ကြံ့ဆေးဟုံလား

(၁)

"ဟော... ဦးလေးပါကော ကြွပါခင်ဗျာ ကြွပါ"

တိုင်းအဆင့်ရှိ ပင်စင်စား ဦးလေးကြီးသည် နံနက်တိုင်း လမ်းလျှောက်လေ့ရှိရာ လမ်းလျှောက်ရာမှအပြန် ကျွန်တော့်အိမ်သို့ ဝင်လာခြင်းဖြစ်ပါသည်။

"ဦးလေး.. ရေနွေးကြမ်း သုံးဆောင်ပါဦးခင်ဗျ"

ထိုဦးလေးကြီးသည် ကျွန်တော်တည်ခင်းသော ရေနွေးကြမ်းကို လူကြီးလူကောင်းတို့ဓါက္ကချွေဖြင့် ဖြေညှင်းစွာ သောက်အပြီး ရေနွေးကြမ်းပန်းကန်ကို ညင်သာစွာ စားပွဲပေါ်တင်လိုက်ပါသည်။

"ကျွဝ် မောင့်ကို ပြောစရာတစ်ခုရှိသဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ ခင်ဗျ"

"တခြား မဟုတ်ဘူးမောင်၊ ဂန္ဓာရီက ကျုပ်တူပါ။ မောင်စံထွန်းတဲ့ မနေ့က အိမ်ရောက်လာတယ်၊ သူမှာ ကြွေသွားစစ်စစ်ကောင်းကောင်းပါသတဲ့ မောင်၊ အဲဒါ မောင်များယူမလားလို့"

"ကြွေသွားစစ်ရင် ကောင်းချီးယူပါတယ်ခင်ဗျ"

"ဒါဖြင့် ကျုပ် မနက်ဖြန် ကြွေသွားကော ကြွေသွားပိုင်ရှင် မောင်စံထွန်းကိုပါ ခေါ်ခဲ့မယ်"

"ခေါ်ခဲ့ပါခင်ဗျ"

( ၂ )

နောက်တစ်နေ့ ညနေစောင်းတွင် ပင်စင်စား ဦးလေးကြီးနှင့် ဦးလေးကြီး၏တူ မောင်စံထွန်းဆိုသူတို့ လက်ထဲတွင် ကြွေသွားထုပ်ကြီး ကိုင်လျက် ရောက်ရှိလာကြပါသည်။

"အဲဒါပဲဗျာ စာရေးဆရာ ဆေးဆရာ မကွေးဝင်းမြင့်ဆိုတာ ဒါက ကျုပ်တူ မောင်စံထွန်းတဲ့ တောလိုက်မုဆိုးပေါ့"

ဦးလေးကြီး၏တူ ကိုစံထွန်းသည် အသက် ၃၅ နှစ်ခန့် ရှိပါပြီ။ အသားညိုညို ဂင်တိုတိုနှင့် အကြည့်ရဲပြီး စူးရှသော မျက်လုံးပိုင်ရှင်ဖြစ်သည်ကို သတိပြုမိလိုက်ပါသည်။

"ထိုင်ပါခင်ဗျာ၊ လက်ဖက်ရည်ကြမ်းသုံးဆောင်ပါဦး"

ကျွန်တော်သည် အိမ်ရှင်တို့၏ဝတ္တရားအတိုင်း ဧည့်ခန်း၌အသင့်ရှိနေသော ရေနွေးကြမ်းနှင့်အမြည်းပန်းကန်ကို ရှေ့နားတိုးပေးလိုက်ပါသည်။

မုဆိုးကိုစံထွန်းက ပလတ်စတစ်နှင့် ကျကျနန ထုပ်လာသော ကြွေသွားထုပ်ကို တရိုတသေ ဖြေပြပါသည်။ တစ်ပေခန့်ရှိသော အုကိုဟို ဘက်ထိပ် ဒီဘက်ထိပ် ကြီးနှင့်ချွန်နေသောသည်။ စုစုပေါင်း ငါးခုလောက်ပါလာ၏။

ကြွေသွားမဟုတ်မှန်း ကျွန်တော်သိလိုက်ပါပြီ။ အိုသော် ကြွေသွား မဟုတ်ပါဟု ပြောရမှာ အားနာနေပါသည်။

မုဆိုးကိုစံထွန်းက...

"ဆရာတို့မြို့က ဆေးဆရာတွေ ကြွေသွားစစ်ရဖို့ ခဲယဉ်းမှာပဲနော်။ အခု ဆရာကြွေသွားစစ်စစ်ရတော့ ကံကောင်းတယ်မှတ်ပါ"



"ဟုတ်ကဲ့"

"ဘယ့်နှယ်လဲ ဆရာ၊ သဘောကျတယ် မဟုတ်လား"

"သိပ်မကြိုက်ဘူးဗျ"

"ဗျာ... ဘာဖြစ်လို့လဲ ဆရာ"

"ကြွေသွားအစစ် မဟုတ်နိုင်ဘူး"

"ဗျာ.. ဒါ ကြွေသွားအစစ်ပါ ဆရာရဲ့၊ ကျွန်တော်ကိုယ်တိုင် အဖွဲ့နဲ့ ပစ်ခတ်ပြီး ကြွေအူနဲ့ ကြွေသွားကို ထည့်ယူလာတာပါ"

"ဒီကြွေသွားကို ကိုစံထွန်းကိုယ်တိုင် ထည့်ခဲ့တာ အမှန်ပဲလား"

"အမှန်ပါပဲ ဆရာရဲ့"

"ဒါ ကြွေသွား မဟုတ်နိုင်ဘူးဗျ"

"ဒါ ကြွေသွားမဟုတ်ဘူးလို့ ဆရာဘာကြောင့် ပြောနိုင်လဲ၊ အဲဒါ ပြော..."

ကျွန်တော်က ပြုံးနေမိပါသည်။ စိတ်ထဲကလည်း...

"သြော်.. တောလိုက်မုဆိုး ကိုစံထွန်းသည် ကျွန်တော့်အကြောင်းကို မသိ၊ ကျွန်တော်သည် ရွာရိုးကိုးပေါက် လျှောက်နေသော ဆေးဆရာ စာရေးဆရာဆိုတာ သူမသိပေ၊ ဖိုးကုန်း၊ နတ္တလင်းမြို့များမှ ဆေးဆရာများနှင့်အတူ ပဲခူးရိုးမတကြော ဆေးဝါးပစ္စည်းရှာရင်း တောလိုက်မုဆိုးကြီးများနှင့်ရင်းနှီးခဲ့ရင်း ကလော၊ အောင်ပန်း၊ တောင်ကြီး၊ ဟိုပုန်း၊ ရှမ်းပြည်နယ်မှ ဆေးဆရာများနှင့် ရှမ်းရိုးရာတစ်ခွင် လှည့်အထပ်ထပ် မြောင်အထပ်ထပ် ဒေသပေါက်ဆေးဝါးများ ရှာခဲ့သည်"

မှော်ဘီ ရှေးကလေးဝလမ်းရှိ မဟာမြိုင်တောကြီးမျက်မည်းထဲမှာ တောလိုက်မုဆိုး၊ ဆင်ဦးစီးဦးသာရင်တို့ ညီအစ်ကိုနှင့်ကြွေသွားရယူခဲ့ပုံများ စိတ်အလျဉ်မှာ မြင်ယောင်မိပါတော့၏။ တစ်ခုသော ဝေလီဝေလင်းတွင်...

"ဆရာ ဦးဝင်းမြင့်... ဆရာ ဦးဝင်းမြင့်"

"ဗျို့..."

"ထဗျ ဆရာလေး"

"ဟုတ်တယ် ဆရာလေး ထဗျ၊ ကောက်ညှင်းပေါင်းနဲ့ဆတ်သား ခြောက်ဇာင်စားရအောင်၊ ကျွန်တော်တို့စားသောက်ပြီးရင် နတ်စင်စခန်းကို သွားကြမယ်၊ ဟိုမှာ ညက အုန်းဖေကြီးတို့ ကြွေတစ်ကောင်ရသတဲ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဦးသာရင်၊ ကြွက်တောင်ရအောင် ပစ်နိုင်ကြသကိုး"

"အုန်းဖေကြီးတို့အဖွဲ့က လူအင်အားတောင့်တယ် ဆရာလေးရဲ့"

ကျွန်တော်သည် အိပ်ရာမှလူးလဲထရင်း မျက်နှာသစ်ပြီးနောက် ဦးသာရင် ဦးသာခင်တို့ညီအစ်ကိုနှင့်အတူ ကောက်ညှင်းပေါင်း ဆတ်သား ခြောက်ကင် ရေနွေးကြမ်းပူပူနှင့် အစာပြေစားသောက်လိုက်ရပါသည်။ မ စားရ၍မဖြစ်။ မြို့မှာလို မုန့်ဟင်းခါးဆိုင် ကော်ဖီလက်ဖက်ရည်ဆိုင် မရှိ။

"ကဲ... ဆရာလေး ကျုပ်တို့သွားကြစို့"

ဦးသာရင်၏ ရွယ်စုံဆင်ကြီးဖြင့် ချောင်းစခန်းရှိရာသို့ နံနက် ၅ နာရီခန့်မှ ထွက်လာခဲ့ကြရာ နာရီဝက်ခန့်အကြာ နတ်စင်စခန်းသို့ရောက်၏။ တောလိုက်မုဆိုး အုန်းဖေကြီးတို့အဖွဲ့သည် ဝမ်းသာအားရ ကျွန်တော်တို့ကို တောသိပေး၍ ကြိုဆိုနေကြပါသည်။

"အုန်းဖေကြီး မင်းတို့ညက ကြွက်ရတယ်ဆို... စံမောင် ညက ငါ့ဆီလာပြောတယ်ကွ"

"မှန်တယ်ဗျို့... မှန်တယ်ဗျို့"

ကျွန်တော်တို့သည် တောလိုက်မုဆိုး အုန်းဖေကြီးနောက်သို့ လိုက်ခဲ့ကြသည်။ တောစပ်တစ်နေရာတွင် ရောမကြွက်ကြီးတစ်ကောင်ဒထိရာ ဒဏ်ချက်များနှင့် လဲကျသေဆုံးနေသည်ကို တွေ့ရ၏။

"ကဲ... ဦးသာရင် ကြွက်သွေးကောင်းကောင်းရအောင် လုပ်ဗျာ"

အုန်းဖေကြီးက ဦးသာရင်ကို အားကိုးသောအကြည့်ဖြင့် အကူ အညီတောင်းလိုက်၏။ ဦးသာရင်သည် အသင့်ပါလာသောဓားဖြင့် ကျင် လည်စွာ ဖျက်ပါတော့သည်။ ကြွက်အူကို အရင်လိုက်ထုတ်ယူလိုက်၏။ အူကို စင်ကြယ်သွားအောင် ရေအထပ်ထပ်ဆေးကြောသည်။

ထို့နောက် အူထဲသို့ ကြွက်သွေးများ သွတ်သွင်းသည်။ ကြွက်သွေးများ သည် အအေးဓာတ်ကြောင့်ခဲနေပါပြီ။ ကြွက်အူကို ဟိုဘက်ထိပ် ဒီဘက်ထိပ်တို့ ကိုလျှော်ကြိုးဖြင့် ချည်နှောင်လိုက်သည်။ ကြွက်သွေးသွတ်သွင်းသောကြွက်အူကို မီးကျည်းခဲပေါ်တင်၍ ကျပ်တင်သည်။

တောလိုက်မုဆိုး အုန်းဖေကြီးတို့လူသိုက်သည် ကြွက်၏ အမြီးခန သည်။ ဦးသာရင်တို့ ညီအစ်ကိုကလည်း ဝမ်းသာပီတိဖြစ်နေကြ၏။

"အတော်ပဲဟော့၊ ဒီမြေးဆရာလေးကို ကြွက်သွေး စစ်စစ်ကောင်း



ကောင်း ပေးချင်နေတာ"

ကျွန်တော်သည် ထိုအဖြစ်အပျက်ကလေးကိုပြေး၍ မြင်ယောင် လိုက်မိပါသည်။ ပြီးတော့ ပြုံးလိုက်မိပါသည်။

( ၃ )

"ဘာပြုံးတာလဲ မောင်"

ပင်စင်စား ဦးလေးကြီးက မေး၏။

"ဪ... ဟိုတုန်းက ကြွက်သွေးနဲ့ပတ်သက်ပြီး ကြုံခဲ့ဖူးတဲ့အ ဖြစ် အပျက်ကလေး သတိရမိလို့ ပြုံးမိတာပါ"

"ကဲ... မောင်စိတ်ထွန်း မင်းယူလာတာ ကြွက်သွေးမဟုတ်ဘူးတဲ့ ပြန်ကြစို့"

"ကျွန်တော့်ပစ္စည်းက ကြွက်သွေးစစ်စစ်ပါ ဦးလေးရဲ့"

ပင်စင်စား ဦးလေးကြီးက ကျွန်တော့်ကို အားတုံ့အားနာ ဖြစ်နေပ သည်။

"ကဲ... မောင်၊ ကျုပ်ကတော့ ကြွက်သွေးစစ်တာ မစစ်တာ ဘာ မှ သိတာမဟုတ်ဘူးမောင်၊ တစ်ခုတော့ ကျုပ်မေးချင်တယ်၊ ဒါကြွက်သွေး မဟုတ်ဘူးဆိုတာ မောင်ဘယ်လိုကြောင့် ပြောနိုင်တာလဲမောင်"

"ဟုတ်ကဲ့ခင်ဗျာ၊ ဦးလေးတူ ဒီက ကိုစိတ်ထွန်းက သူကိုယ်တိုင် ဒီကြွက်သွေးတွေကို ကြွက်အူထဲထည့်ပြီး ကျပ်တင်လာတာပါလို့ ပြောပါတယ် ဒါပေမယ့် ခုထုပ်ထားတဲ့အူက ကြွက်အူမဟုတ်ဘူးခင်ဗျ"

"ဟင်... ဒါ ကြွက်အူ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး ခင်ဗျ၊ ကြွက်အူက ဖောင်းရစ်ကလေးတွေ ပါပ တယ်"

"ဟုတ်ပြီ"

"ပြီးတော့ ဒီလိုတစ်လက်မှာ အရစ်ရစ်ခု ကိုးခုအထိ ပါပါတယ် ကြွက်အူဟာ ကြွပင့်လိုပါပဲ၊ အထက်ကို ဖောင်းပြီးတက်နေတဲ့ အရစ်ကလေး တက်နေတဲ့ အရစ်ကလေးတွေ ပါတယ်ခင်ဗျ၊ အခု လုံးဝမတွေ့ရပါဘူး ကြွက်သွေးရောင်းတဲ့ မုဆိုးတွေဟာ သူတို့ပစ္စည်း ကြွက်သွေးစစ်ကြောင်းကို အ ထောက်အထားသက်သေပြချင်လို့ ကြွက်အူကိုဆေးကြောပြီး ကြွက်သွေးသွတ် သွင်းကြပါတယ်ခင်ဗျ၊ ဥပမာပြောရရင် ပျားရည်စစ်ကြောင်းဖြစ်ကြောင်းကို ပျားဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ကိုင်းကို ချိုးပြီး ယူလာသလိုပေါ့ခင်ဗျာ"

ꩩ ꩩ ꩩ

## အားဆိုတာ

"ဟော… ဦးလေးပါကော ကြွပါခင်ဗျာ၊ ကြွပါ မင်္ဂလာပါ"

"ကျုပ်ဗျာ မနေ့က မောင့်ကိုအားနာလိုက်တာ၊ ကြံ့သွေးမဟုတ်ဘဲနဲ့ လိမ်ညာသလို ဖြစ်နေပြီ"

"ဘယ်လိုမှ မအောက်မေ့ဖါနဲ့ခင်ဗျာ၊ ဒီလိုပေါ့ ဦးလေးမှမသိပဲဟာ"

"ဟုတ်တယ်မောင်ရ၊ ကျုပ်က ရုံးသမားဆိုတော့ ရုံးကိစ္စလောက်ပဲ သိတာမောင်၊ ဒါနဲ့ကြံ့သွေးက ဘာတွေဆေးဖက်ဝင်လို့တုန်း"

"ကြံ့သွေးက ဆေးဖက်ဝင်သော်ကော ခင်ဗျ၊ နှလုံးရောဂါတုန်လှုပ်ခြောက်ခြားတဲ့ရောဂါ၊ သည်းခြေပျက်တဲ့ရောဂါ ပြီးတော့ သွားတွေအာ တွေ နုတ်မိလို့ သွေးယိုနေတာတွေကိုပျောက်ကင်းစေပါတယ်ခင်ဗျာ၊ နှလုံးသားကို အားတိုးစေတဲ့ ဆေးတွေထဲမှာ ထည့်ပါတယ်ခင်ဗျ"

"ဒါပဲလား မောင်"

"ရှိပါသေးတယ်ခင်ဗျ၊ ဟိုဒင်း အမျိုးသားတွေအတွက် ဟိုဒင်း အားဖြစ်စေတဲ့ ဆေးမှာလည်း ထည့်သုံးရပါတယ်၊ အကြောအား လေအား ကောင်းစေတဲ့ဆေးပေါ့ခင်ဗျာ ဆေးနည်းက ကြံ့သွေး၊ ကျောက်သွေး၊ ဆတ်ချိုနု၊ ငါးကြီးအနံ့ဖတ်၊ ငှက်သိုက်၊ ကောလိသိမ်မြစ်၊ သမင်ချိုနု၊ အဲဒီခုနစ်မျိုးကို အလေးချိန် တစ်မူးသားစီ ယူပြီး အမှုန့်ပြု၍ ထောပတ် သကာရည် တစ်ဆယ်သားစီရော၊ ကြွေလုံးကြီးထဲထည့်၍ မီးဖိုပေါ်တင်၊ မီးညှင်းညှင်းကလေးနဲ့ချက် ခင်ဗျ ၂ နာရီလောက် ကြာတော့မီးဖို ပေါ်ကချ၊ အအေးခံထား အေးတဲ့အခါကျတော့ ပျားရည်စစ်စစ် တစ်ဆယ်



သားထည့် သမအောင်ရောမွှေပေး၊ ဖန်ပုလင်းထဲထည့်၊ နံနက် လက်ဖက် စားဇွန်း(၂)ဇွန်း ည လက်ဖက်စားဇွန်း(၂)ဇွန်းစားပေး၊ အဲဒီဆေးကို ဝါဇီကရ ဏဆေးလို့ ခေါ်ပါတယ်ခင်ဗျ"

"ဝါဇီကရဏဆေးဆိုတာ ဘာလဲမောင်ရဲ့"

"ဝါဇီကရဏဆိုတာ အင်အားခွန်အား ဆေးပေါ့ခင်ဗျာ၊ ဝါဇီက ရဏကို တိကျမှန်ကန်အောင် အဓိပ္ပာယ်ပြန်ရမယ်ဆိုရင်တော့ အထစ်ထပ် မေထုန်မှီဝဲနိုင်တဲ့ဆေးလို့ အဓိပ္ပာယ်ရပါတယ်ခင်ဗျ၊ တကယ့် တကယ် တွက် ကြည့် စဉ်းစားကြည့်မယ်ဆိုရင် ကြံ့သွေးဟာ သူများ အသွေးအသားပါ၊ သူတော်ကောင်းတွေ မသုံးသင့်ပါဘူး၊ ခွန်အားဖြစ်စေချင်ရင် အချိန်မှန်မှန်စား အချိန်မှန်မှန်အိပ်၊ လှုပ်လှုပ်ကျူးကျူး ဘယ်လိုအမှုကိစ္စမှ မလုပ်နဲ့၊ ဒါဆို အားဆိုတာ ရှိနေမှာပါပဲ၊ အားဆေးစားဖို့တောင် မလိုပါဘူးခင်ဗျ"

"အင်း… မောင်က အားဆေးစားဖို့တောင် မလိုပါဘူးလို့ပြောတယ်၊ ကမ္ဘာမှာ အားဆေးတွေဖော်လိုက်ကြတာ ပေါပါဘိသနဲ့"

"အဲဒါဟာ အလွယ်လမ်းလိုက်ကြတာပါ၊ နေ့တိုင်း မိမိတို့လူမျိုးအ လိုက် စားနေကျ အာဟာရကို ပုံမှန်စားမယ် ကျကျနနစနစ်တကျ နေထိုင် စားသောက်မယ်ဆိုရင် အားဆိုတာ ရှိနေတာပါပဲ၊ ကျွန်တော်လည်း ဆေးဆ ရာပေါက်စဘဝက အားဆေးကိစ္စ အရှုံးထွဲ့မှုးပါဘယ်၊ ဟိုဆရာကြီးအား ဆေးသွားမေး ဒီဆရာကြီး အားဆေးသွားမေးပေါ့၊ တစ်နေ့တော့ ကျွန်တော် တို့ကျေးရွာရှင်ဆရာကြီး ဦးဘိုးမင်းကို အနီးအနားမှာ လူသူကင်းရှင်းတုန်း အားဆေးကောင်းကောင်း တောင်းမိပါတယ် ဆရာကြီးက…"

"နေပါဦးကွ၊ မင်းက အားဆေး အားဆေးနဲ့ ဘာအားဆေး တောင်းတာတုန်း"

"ဟိုဒင်းအားဆေးပါ ဆရာကြီး၊ ကျွန်တော့်မိတ်ဆွေတစ်ယောက် အတွက်ပါ၊ သူက မိန်းမနှစ်ယောက်ယူထားတော့ အားဆေးလိုနေလို့ပါပဲ ခင်ဗျ"

"အောင်မာလေးကွာ ပြောလိုက်စမ်းပါ၊ မင်းမိတ်ဆွေကို ထမင်း ကိုသာ ကျကျနနစား၊ ထမင်းစားနိုင်ရင် အားဖြစ်ပါတယ်လို့"

"ဟုတ်ပါ့မလား ဆရာကြီး"

"ဟ… ကောင်အိုလေးရ မင်း မကြားဖူးဘူးလား၊ သူတောင်း

www.burmeseclassic.com



စား ထမင်းစရင် ဟိုဒင်း ဟိုဟာဖြစ်ဆိုတာ"

"ခင်ဗျ.. ဟုတ်ကဲ့ခင်ဗျ ကြား.. ကြားဖူးပါတယ်ခင်ဗျာ"

"ဦးလေးရေ ကျွန်တော်တို့ဆရာကြီးရဲ့ အယူအဆ အဆိုအမိန့်ကို သဘောကျလွန်းလို့ ထိုင်ဝတ်ချကန်တော့ပြီး ထမ်းခဲ့ရပါတော့တယ်၊ အဲဒါကို ထမ်းအတွန့်တက်နေရင် သူ့အနီးမှာရှိတဲ့ ကွမ်းအစ်ထဲက ကွမ်းညှပ်နဲ့ နဖူးခေါက်မှာ သေချာတာကိုး"

ပင်ဝင်စား ဦးလေးကြီးသည် ပြုံးစိစိဖြင့် ကျွန်တော့်ကို ကြည့်၏။ ထိုဦးလေး၏မျက်နှာသည် ကြည်လင်ဝင်းပသွားပြီး အနှစ်နှစ်ထယ်ဆောက် နပျိုသွားသည်ဟုလည်း ထင်လိုက်မိပါသတည်း။

ကျန်းမာချမ်းသာစွာဖြင့်

မကြေးခင်မြင့်
၁၈–၉–၁၉၉၆